# ကြေးမုံ
The Mirror

၁၃၇၅ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်၊ သောကြာနေ့ (6-9-2013) (၇၅၉၅)


**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

**(၅-၉-၂၀၁၃)**

| | |
|---|---|
| ကျိုက်မရော | ၂ ဒသမ ၉၁ လက်မ |
| စစ်တွေ | ၂ ဒသမ ၄၀ လက်မ |
| ခန္တီး | ၂ ဒသမ ၁၃ လက်မ |
| မုဒုံ | ၂ ဒသမ ၀၁ လက်မ |
| သထုံ | ၁ ဒသမ ၉၇ လက်မ |

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# သီလဝါအထူးစီးပွားရေးဇုန်စီမံကိန်းကိစ္စရပ်များ ခင်မင်ရင်းနှီးစွာဆွေးနွေး

ဂျပန်အောက်လွှတ်တော်အမတ်နှင့် ဂျပန်-မြန်မာ ပါလီမန်အမတ်များ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Ichiro Aisawa။ (သတင်းစဉ်)

**နေပြည်တော် စက်တင်ဘာ ၅**

နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဂျပန်အောက်လွှတ်တော်အမတ်နှင့် ဂျပန်-မြန်မာ ပါလီမန်အမတ်များ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Ichiro Aisawa ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိနိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုပိုမိုတိုးတက်ခိုင်မာရေး၊ TB၊ HIV နှင့် ငှက်ဖျား ရောဂါကြီးသုံးမျိုး တိုက်ဖျက်ရေးအပါအဝင် ကျန်းမာရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဂျပန်နိုင်ငံက ကူညီဆောင်ရွက်ရေးနှင့် သီလဝါအထူးစီးပွားရေးဇုန် စီမံကိန်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးမောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးလည်း တက်ရောက်သည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်။ (သတင်းစဉ်)


**ယနေ့ မာတိကာ**

ကန့်ကွက်မှုနှင့် ရင်ဆိုင်နေရသော တောင်ကိုရီးယားလေတပ်၏ ချစ်ကြိုးသွယ်ခွင့်တားမြစ်သည့်ဥပဒေ — စာမျက်နှာ - ၅

၂၁ ရာစု စာတတ်မြောက်ရေးဆောင်ရွက်ဖို့ အကောင်းဆုံးတီထွင်ကြံဆဆောင်ရွက်စို့ — စာမျက်နှာ - ၆

ပြည်သူတို့၏လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ကိန်းဂဏန်းများ မှန်ကန်စွာရရှိရန်လိုအပ် — စာမျက်နှာ - ၈


## ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့များကို အသုံးပြုပြီး ကျောက်ဖြူဒေသမီးလင်းရန် ဆောင်ရွက်သွားမည်

**ကျောက်ဖြူ စက်တင်ဘာ ၅**

ရခိုင်ပြည်နယ် ကျောက်ဖြူဒေသဖွံ့ဖြိုးရေးအတွက် စွမ်းအင်ဝန်ကြီးဌာန ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ ထွက်ရှိလာသော သဘာဝဓာတ်ငွေ့များအနက် သဘာဝဓာတ်ငွေ့ကုဗပေ သန်း ၂၀ ကိုအသုံးပြုပြီး ဂတ်(စ်)တာဘိုင်တည်ဆောက်ခြင်းနှင့် ရခိုင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စက်တင်ဘာ ၂ ရက်က ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ပြုလုပ်ခဲ့သည့် တွေ့ဆုံပွဲအခမ်းအနားတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ပြောကြားခဲ့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✻

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း။

## မြန်မာနှင့် ဟောင်ကောင် ယနေ့ခြေစမ်းမည်

**သတင်းနှင့်ဓာတ်ပုံ ➤ ရှိုင်းထက်ဇော်**

**ရန်ကုန် စက်တင်ဘာ ၅**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)၏ အသိအမှတ်ပြု နိုင်ငံတကာခြေစမ်းပွဲအဖြစ် မြန်မာ့လက်ရွေးစင်အသင်းနှင့် ဟောင်ကောင်လက်ရွေးစင်အသင်းတို့သည် စက်တင်ဘာ ၆ ရက် (ယနေ့)ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ခြေစမ်းကစားကြမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းကို ကစားသမား ၂၁ ဦးဖြင့် ဖွဲ့စည်းထားပြီးနည်းပြချုပ်အဖြစ် ဦးဆန်းဝင်းက ကိုင်တွယ်လျက်ရှိသည်။ ယခု ခြေစမ်းပွဲကို မူလကဆီးဂိမ်းပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၂၃ အသင်းနှင့် ကစားရန် စီစဉ်ထားသော်လည်း ယူ-၂၃ အသင်းမှာ မာဒေးကားဖလားပြိုင်ပွဲနှင့် တိုက်ဆိုင်နေသောကြောင့် လက်ရွေးစင်အသင်းကိုဖွဲ့စည်းကာ ယှဉ်ပြိုင်ခြင်းဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၆ သို့ ○

**ကြေးမုံ စာတည်းရှုထောင့်** **၆-၉-၂၀၁၃၊ သောကြာနေ့**

# ဆင်းရဲခြင်းလွတ်ကင်းအောင်

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းသည် အဓိကကျသော လုပ်ငန်းဖြစ်ပါသည်။ အဆိုပါလုပ်ငန်းစဉ် အောင်မြင်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ဖြန့်ကြက်ဆောင်ရွက်လျက်ရှိသည်ကိုလည်း မြင်တွေ့နေရပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အစီအစဉ်ဖြင့် ဆောင်ရွက်နေမှုများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ စေတနာရှင်များနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ အတူတကွ လက်တွဲပူးပေါင်းဆောင်ရွက်နေမှုများကို မြင်တွေ့ရသဖြင့် များစွာဝမ်းမြောက်မိပါသည်။

မြန်မာနိုင်ငံအတွင်းရှိ ပြည်သူအများစုမှာ နှစ်ပေါင်းများစွာအတွင်း ဖွံ့ဖြိုးမှုနည်းပါးစွာ နေလာခဲ့ကြရသော်လည်း ယခုအခါ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်သောကြောင့် မြန်မာနိုင်ငံ၏ ဆင်းရဲမှုအနေအထားမှာ တဖြည်းဖြည်းလျော့ကျလာသည်ဟု ဆိုနိုင်ပါသည်။

မြန်မာနိုင်ငံရှိ သန်း ၆၀ ကျော်သောလူဦးရေ၏ ၂၆ ရာခိုင်နှုန်းအောက်တွင် သတ်မှတ်ထားသော ဆင်းရဲမှုအဆင့်တွင်ရှိသည်ဟု အာရှဖွံ့ဖြိုးရေးဘဏ်က ဆိုထားရာ မြန်မာနိုင်ငံ၏ဆင်းရဲမှုသည် ယခင်ကထက် လျော့နည်းကျဆင်းလာသည်မှာ အမှန်ပင်ဖြစ်ပါသည်။

ယခုအခါ နိုင်ငံတကာအဖွဲ့အစည်းများ အကူအညီဖြင့် မြန်မာနိုင်ငံအတွင်းရှိ ဖွံ့ဖြိုးမှုအညွှန်းကိန်း အနည်းဆုံးဒေသများတွင် နည်းပညာဆိုင်ရာနှင့် အထောက်အပံ့များ ဖြည့်ဆည်းပေးနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိနေသည်ကို မြင်တွေ့နေရပါသည်။

ဆင်းရဲမှုလျှော့ချရေးအတွက် အဆိုပါဒေသများတွင်ရှိသည့် ပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းအောင် ဆောင်ရွက်ပေးခြင်းသည် အကောင်းဆုံးအစီအစဉ်တစ်ရပ်ဖြစ်သဖြင့် ထိုဒေသများတွင် အသေးစား၊ အလတ်စား အသက်မွေးဝမ်းကျောင်းအတတ်ပညာနှင့် အလုပ်အကိုင်များ ဆောင်ရွက်ပေးလျက်ရှိသည်မှာ လွန်စွာလျော်ကန်သင့်မြတ်လှပါသည်။

လက်ရှိတွင် ဒေသအလိုက် အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ အပူပိုင်းဒေသဖြစ်သည့် မကွေးတိုင်းဒေသကြီးနှင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် အသက်မွေးဝမ်းကျောင်းအစီအစဉ်များကို အဆင့်လိုက်ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို အားရဖွယ်မြင်တွေ့ရပါသည်။

တကယ်တမ်းတွင် မြန်မာနိုင်ငံအနေဖြင့် ဆင်းရဲမှုလျှော့ချရေးအတွက် အခြေခံအားသာချက်များရှိပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် ပေါများကြွယ်ဝသည့် သဘာဝသယံဇာတများ၊ အလုပ်လုပ်နိုင်သော အလယ်အလတ်အရွယ်လူသားအရင်းအမြစ်များ၊ ပတ်ဝန်းကျင်တွင် ဖွံ့ဖြိုးပြီး နိုင်ငံကြီး နှစ်နိုင်ငံနှင့် အာဆီယံနိုင်ငံများ တည်ရှိခြင်း စသည့် အခြေခံကောင်းများရှိပြီးဖြစ်၍ နိုင်ငံတော်၏ အားပေးကူညီမှု၊ နိုင်ငံတကာ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် ဆင်းရဲခြင်းမှ တစ်စတစ်စ လွတ်ကင်းလာမည်ဟု ယုံကြည်ပါသည်။

ကမ္ဘာ့အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုမှာ ယခုနှစ်ဦးမှစ၍ ဆောင်ရွက်လာခဲ့ရာ အဆိုပါအစီအစဉ်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်သွားနိုင်မည်ဆိုပါက နောင်ဆယ်စုနှစ် နှစ်ခုအတွင်း ဒေသတွင်းနိုင်ငံများအတွင်း ဆင်းရဲမှုလျော့နည်းပြီး ဖွံ့ဖြိုးတိုးတက်မှု မြင့်မားသော ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ဖော်ဆောင်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲမှုလျော့နည်းကျဆင်းလာစေမည့် ဖော်ပြပါအစီအစဉ်များနှင့် ဆောင်ရွက်ချက်များ ရေရှည်အောင်မြင်ဖြစ်ထွန်းစေရန်အတွက် မလျှော့သော ဇွဲလုံ့လဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

## ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

ဂေါတမဘုရားအလောင်းတော် ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတော စသည့် သံဝေဇနီယလေးဌာနအနက်မှ တစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့်သံဝေဇနီယဌာနကို နေပြည်တော် သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဘဏ္ဍာရေးနှင့် အလှူငွေလက်ခံရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးတင်ငွေ (နေပြည်တော် ကောင်စီဝင်) ဖုန်း-၀၆၇-၅၅၀၂၁၁၊ ဦးကံချွန်(နေပြည်တော်ကောင်စီဝင်) ဖုန်း ၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင် သာယာရေးကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၆၊ ဦးဝင်းငွေ (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း ၀၆၇-၄၁၄၂၀၂၊ ၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း ၀၉-၆၄၀၀၃၉၄ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

**(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန်　　စက်တင်ဘာ　　၅**

| | | |
|---|---|---|
| ရန်ကုန် ရွှေဈေး | ၇၁၉၈၀၀ | - ၇၂၀၈၀၀ |
| မန္တလေး ရွှေဈေး | ၇၁၉၆၀၀ | - ၇၂၀၁၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၂၀ ကျပ် |
| (ခ) | အောက်တိန်း95 | တစ်လီတာ | ၁၀၉၀ ကျပ် |
| (ဂ) | အောက်တိန်း92 | တစ်လီတာ | ၉၂၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၉၇၂. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၂၈၃. ၃ |
| (ဂ) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၆၂. ၃၂ |
| (ဃ) | တရုတ် | တစ်ယွမ် | = ၁၅၈. ၈၂ |
| (င) | ထိုင်း | တစ်ဘတ် | = ၃၀. ၂၁၀ |
| (စ) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၆. ၆၁ |
| (ဆ) | အိန္ဒိယ | တစ်ရူပီး | = ၁၄. ၅၁၄ |
| (ဇ) | ဂျပန် | တစ်ရာယန်း | = ၉၇၅. ၀၇ |
| (ဈ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၈၈. ၉၈၃ |
| (ည) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၉၁. ၀၉ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## နိုင်ငံခြားသား ဧည့်သည်များ ဘုရားဖူးလာရောက်

**ပဲခူး　　စက်တင်ဘာ　　၅**

ယခုနှစ် မိုးရာသီတွင် မြန်မာနိုင်ငံသို့ နိုင်ငံခြားသားဧည့်သည်များ လာရောက်မှုများပြားလျက်ရှိကြောင်း သိရသည်။ ဘုရားပုထိုးစေတီနှင့် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ပေါများသည့် ပဲခူးမြို့သို့ နိုင်ငံခြားသားဧည့်သည်များ ဝင်ထွက်သွားလာမှု ယခင်နှစ်များကထက် ပိုမိုများပြား ကြောင်း ရွှေသာလျောင်းဘုရား၌ အမှတ်တရ ပစ္စည်းရောင်းချသူတစ်ဦးက ပြောပြသည်။ ပဲခူးမြို့သည် ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်၌ တည်ရှိပြီး ရန်ကုန်မြို့မှ မိုင် ၆၀ ခန့် နှစ်နာရီခရီးဖြင့် ရောက်ရှိနိုင်သလို မန္တလေးမှအပြန်တွင်လည်း တစ်ထောက်နားရန် သင့်တော်သောမြို့ဖြစ်သည်။ ခေတ်မီတိုးတက်လာသော အခြေအနေတွင်ပင် နိုင်ငံခြားသားဧည့်သည်များသည် လက်မှုပညာဖြင့် ပြုလုပ်သော (Hand Made)ပစ္စည်းလေးများကို ပိုမိုတန်ဖိုးထားသဖြင့် မြန်မာ့ယဉ်ကျေးမှုဖြင့် ဖော်ကျူးထားသည့် ပန်းချီ၊ ပန်းပု၊ အနုပညာလက်ရာများအား ဝယ်ယူအားပေးနေသည်ကို တွေ့ရှိရသည်။ **(အပေါ်ပုံ)** (၅၉၇)

# ဂျပန်-မြန်မာ ပါလီမန်အမတ်များ ချစ်ကြည်ရေးအသင်းဖွဲ့စည်းရေး ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဂျပန်-မြန်မာပါလီမန်အမတ်များ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Ichiro Aisawa ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် ကော်မတီဆောင်အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် လွှတ်တော်တွင်း ဂျပန်-မြန်မာ ပါလီမန်အမတ်များ ချစ်ကြည်ရေးအသင်းဖွဲ့စည်းရေးဆိုင်ရာ ကိစ္စရပ်များ၊ ဂျပန်-မြန်မာ လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာ-ထိုင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ရှင်းလင်းဆွေးနွေး

**မန္တလေး စက်တင်ဘာ ၅**

မြန်မာ-ထိုင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျင်းပသော ထိုင်းနိုင်ငံခရီးသွားလုပ်ငန်းများနှင့် ဆေးရုံများ၏ ဆေးပညာဆိုင်ရာ တိုးတက်မှုများ၊ ဝန်ဆောင်မှုများ ရှင်းလင်းပွဲကို မန္တလေးမြို့ မန္တလေးတောင်ခြေရှိ Mandalay Hill Resort Hotel ၌ ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။ အဆိုပါရှင်းလင်းပွဲအား Tourism Authority of Thailand (TAT)မှ စီစဉ်ကျင်းပခြင်းဖြစ်ပြီး ခရီးသွားလုပ်ငန်း လေးခု၊ လေကြောင်းလိုင်း နှစ်ခု၊ ဟိုတယ် နှစ်ခု၊ ဆေးရုံ ခြောက်ခု၊ အခြားစီးပွားရေးလုပ်ငန်း လေးခု စုစုပေါင်း ကုမ္ပဏီ ၁၈ ခုမှ ပါဝင်သည်။

"ထိုင်းနိုင်ငံ TAT က ဒီပွဲကို လာကျင်းပတာပါ။ ဒီပွဲမှာ ခရီးသွားကုမ္ပဏီ၊ လေကြောင်းလိုင်း၊ ဆေးရုံတွေပါတယ်။ သူတို့က ထိုင်းနိုင်ငံမှာရှိတဲ့ ခရီးသွားအခြေအနေတွေ၊ ဝန်ဆောင်မှုလုပ်ငန်း အခြေအနေတွေကို လာရောက်ရှင်းလင်းတာပါ" ဟု ကိုသက်ခိုင်ကပြောကြားသည်။ ရှင်းလင်းပွဲမကျင်းပမီ ကုမ္ပဏီများမှ ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်ပြီး တစ်ဦးချင်း သီးသန့်တွေ့ဆုံမေးမြန်းနိုင်ရန် စီစဉ်ပေးထားသည်။

အဆိုပါပွဲသို့ ပွဲစားကုန်သည်များ၊ ပုဂ္ဂလိကဆေးရုံများ၊ ပုဂ္ဂလိကစာသင်ကျောင်းများ၊ ဧည့်လမ်းညွှန်များ၊ ဟိုတယ်လုပ်ငန်းရှင်များနှင့် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သူများအား ဖိတ်ကြားထားပြီး ရှင်းလင်းပွဲအခမ်းအနားတွင် TAT မှ ဒါရိုက်တာ Mr. Med. Prapa Raktasinha က အဖွင့်အမှာစကားပြောကြားကာ ထိုင်းခရီးသွားလုပ်ငန်းများ အကြောင်းကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး Thai Medical Tourism Association ဥက္ကဋ္ဌ Dr. Med. Prapa Wongphaet က ထိုင်းနိုင်ငံသို့ လာရောက်ဆေးကုသနိုင်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများအား ကံစမ်းမဲများ ဖောက်ပေးကြောင်းသိရသည်။

**ဘဦး(မန်း)**

# နယူးဇီလန်နိုင်ငံထုတ် နို့ထွက်ပစ္စည်းနှင့်ပတ်သက်၍ အများပြည်သူသို့ အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနသည် လတ်တလော စောင့်ကြပ်လေ့လာလျက်ရှိသည့် နယူးဇီလန်နိုင်ငံ Fonterra ကုမ္ပဏီမှ ထုတ်လုပ်သည့် အစာအဆိပ်သင့်စေသော အဏုဇီဝပိုး Clostridium botulinum ပါရှိသည်ဆိုသော နို့ထွက်ပစ္စည်း (Whey Protein Concentrate- WPC 80)ကို အသုံးပြု၍ထုတ်လုပ်ထားသည့် နို့မှုန့်အမျိုးမျိုး၊ အခြားအစားအသောက်များနှင့် ပတ်သက်၍ ဌာနမှတ်တမ်းမှတ်ရာများကို စိစစ်ခြင်း၊ ဈေးကွက်များမှ နမူနာများဝယ်ယူစိစစ်ခြင်း၊ အပြည်ပြည်ဆိုင်ရာသတင်းထုတ်လွှင့်ချက်များကို အခြေခံ၍စိစစ်ခြင်း၊ သက်ဆိုင်ရာကုမ္ပဏီများသို့ ဆက်သွယ်၍ တင်သွင်းထားရှိသော ထုတ်လုပ်အပတ်စဉ်များကို စုစည်း၍ စိစစ်ခဲ့ရာ စိစစ်တွေ့ရှိချက်အရ နယူးဇီလန်နိုင်ငံ Fonterra ကုမ္ပဏီမှထုတ်လုပ်သော နို့ထွက်ပစ္စည်းအချို့တွင် အစားအသောက်များတာရှည်ခံမှုကို လျော့နည်းစေသော အဏုဇီဝပိုး Clostridium Sporogenes သာ ပါရှိကြောင်းနှင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိကြောင်း အများပြည်သူသိရှိနိုင်ရန် အသိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ငွေဆောင်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ ပြန်လည်ထုတ်လွှင့်

**နေပြည်တော် စက်တင်ဘာ ၅**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ငွေဆောင်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံမှ 100W ELECTRON-IKA (UHF CH-13)လွှင့်စက်သည် စက်ချွတ်ယွင်းမှုကြောင့် ရန်ကုန်(ပြည်လမ်း)မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စက်ပြုပြင်ရေးဌာနစိတ်သို့ ပေးပို့ပြုပြင်ခဲ့ရာ ယခုအခါ ပြုပြင်ပြီးစီးခဲ့ပြီဖြစ်သဖြင့် မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို စက်တင်ဘာ ၃ ရက် ညပိုင်းအစီအစဉ်မှစ၍ ပုံမှန်ပြန်လည်ထုတ်လွှင့်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၆-၉-၂၀၁၃ (သောကြာနေ့)**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၄၅ | "ကြည်နူးဖူးမြော်သတ္တ သတ္တာဟ မဟာဗောဓိစေတီတော်" |
| ၉း၂၅ | "ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ" |
| ၁၁း၁၅ | ဉာဏ်ရည်ချင်းပြိုင်ဘယ်သူနိုင် |
| ၁၂း၂၅ | ဆေးရောင်စုံရုပ်ရှင် "ချစ်ဖူးတယ်" (ကျော်သူ၊ မို့မို့မြင့်အောင်) (ဒါရိုက်တာ-သင်းသင်းယု) |
| ၂း၂၅ | အတီးပြိုင်ပွဲ |
| ၄း၄၀ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ) |
| ၆း၂၀ | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ကယန်းအလှ" |
| ၈း၀၀ | ပြည်တွင်းသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -မြန်မာ့ဝေလေ့ရိုးရာလက်ဝှေ့ |

# တိုင်းရင်းဆေးဖြင့် အခမဲ့ကုသ

**လှည်းကူး စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် တိုင်းရင်းဆေးပညာဦးစီးဌာန လှည်းကူးမြို့နယ် တိုင်းရင်းဆေးခန်းဆေးခန်းမှူး ဒေါ်စန်းစန်းနွဲ့နှင့် ဆရာမများသည် သနပြင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့သွားရောက်၍ အခမဲ့ကွင်းဆင်းကုသပြီး ကျေးရွာနေပြည်သူ ၇၃ ဦးတို့အား ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့ကြောင်း သိရသည်။ **(ခင်မောင်မြင့်-လှည်းကူး)**

**○ မြန်မာနှင့်ဟောင်ကောင်မှ**

မြန်မာလက်ရွေးစင်အသင်းအနေဖြင့် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရန် မရှိသေးဘဲ အနီးကပ်ဆုံးပြိုင်ပွဲမှာ ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းတွင် ကျင်းပမည့် AFC Challenge Cup ပြိုင်ပွဲကိုသာ ယှဉ်ပြိုင်ရန်ရှိနေသည်။ မြန်မာအသင်းနှင့် ဟောင်ကောင်အသင်းတို့မှာ ယခုနောက်ပိုင်းတွင် တွေ့ဆုံခြင်းမရှိတော့ဘဲ ၂၀၀၄ ခုနှစ်က နောက်ဆုံးတွေ့ဆုံခဲ့ခြင်း ဖြစ်သည်။

ဆီးရီးယားနိုင်ငံ မြို့တော်ဒမတ်စကတ်ဆင်ခြေဖုံးဒေသ၌ ရှာဖွေတွေ့ရှိရသည်ဟုဆိုသော ဓာတ်ငွေ့ကာ မျက်နှာဖုံးများကို တွေ့ရစဉ်။

# ဆီးရီးယားအရေး စစ်ရေးကြားဝင်စွက်ဖက်မှု ကမ္ဘာ့စီးပွားရေးကို ထိခိုက်နိုင်ဟုဆို

မော်စကို စက်တင်ဘာ ၅

**ဆီးရီးယားနိုင်ငံ၌ အမေရိကန်ပြည်ထောင်စုက စစ်ရေးအရ ကြားဝင်စွက်ဖက်မှုပြုလုပ်ပါက ကမ္ဘာ့စီးပွားရေးကို ထိခိုက်စေနိုင်ပြီး ရေနံဈေးနှုန်းများ မြင့်တက်နိုင်ကြောင်း တရုတ်နိုင်ငံက စက်တင်ဘာ ၅ရက်တွင် သတိပေးလိုက်သည်။**

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများပါဝင်သော ဂျီ-၂၀အုပ်စု ၏ ထိပ်သီးဆွေးနွေးပွဲကျင်းပရန်ရှိနေစဉ် တရုတ်ဒုတိယဘဏ္ဍာရေးဝန်ကြီး ကျူကွမ်ယောင်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

### ဆွေးနွေးမည်

ယခုနှစ်၏ ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲ၌ ဆီးရီးယားပြဿနာကို အဓိကထား ဆွေးနွေးကြမည်ဟု မျှော်လင့်ရသည်။ ဂျီ-၂၀ ဆွေးနွေးပွဲတွင် နိုင်ငံတကာကုန်သွယ်ရေး၊ ဘဏ်လုပ်ငန်းဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိရေး၊ အခွန်ရှောင်မှု စသည့် အကြောင်းရပ်များကိုလည်း ဆွေးနွေးရန် စီစဉ်ထားသည်။



ဂျီ-၂၀အုပ်စုသည် ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံကို ကိုယ်စားပြုသည်။

ဆီးရီးယားနိုင်ငံ၌ ဩဂုတ် ၂၁ရက်က ဓာတုလက်နက်ဖြင့်တိုက်ခိုက်မှုကြောင့် လူရာပေါင်းများစွာ သေဆုံးခဲ့ရမှုအတွက် သမ္မတ ဘရှားအယ်လ်အာဆတ်အား ပြစ်ဒဏ်ခတ်နိုင်ရေး အမေရိကန်ပြည်ထောင်စုက စစ်ရေးအရ ကြားဝင်စွက်ဖက်ရန် ပြင်ဆင်ဆောင်ရွက်နေသည်။

ဆီးရီးယားနိုင်ငံအား စစ်အင်အားသုံးကာ အရေးယူခြင်းနှင့် ပတ်သက်၍ အမေရိကန်နှင့် ရုရှားခေါင်းဆောင်များအကြား သဘောကွဲလွဲမှု ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လျက်ရှိသည်။

**ရိုက်တာ။**

# အီဂျစ်ပြည်ထဲရေးဝန်ကြီး ကားဗုံးခွဲတိုက်ခိုက်ခံရ

**ကိုင်ရို စက်တင်ဘာ ၅**

အီဂျစ်ပြည်ထဲရေးဝန်ကြီး၏ မော်တော်ယာဉ်တန်းကို ပစ်မှတ်ထား၍ ကားဗုံးခွဲလုပ်ကြံခဲ့သော်လည်း ဝန်ကြီးမှာ ထိခိုက်ဒဏ်ရာ မရရှိခဲ့ကြောင်း လုံခြုံရေးတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲခြင်းကြောင့် အနည်းဆုံး လူလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ ဝန်ကြီးကိုလုပ်ကြံရန် ကြိုးစားကြခြင်းဖြစ်ကြောင်း မီဒီယာကဖော်ပြသည်။

ဝန်ကြီး၏ မော်တော်ယာဉ်တန်းသည် နာဆာမြို့ကို ဖြတ်သန်းလျက်ရှိစဉ် တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း နိုင်ငံပိုင် အဲလ်အရမ်သတင်းစာက ရေးသားသည်။

နာဆာမြို့သည် အစ္စလာမ့်ညီနောင်များအုပ်စု ခြေကုပ်ယူရာ အရပ်ဒေသဖြစ်ပြီး မည်သည့်အဖွဲ့ကမျှ တာဝန်ရှိကြောင်း ထုတ်ဖော်ကြေညာခြင်းမပြုကြပေ။ ဒေသစံတော်ချိန် နံနက် ၁၀နာရီ မိနစ် ၃၀ခန့်တွင် ဗုံးပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

ပြည်ထဲရေးဝန်ကြီးသည် ၎င်း၏နေအိမ်မှ ရုံးသို့သွားစဉ် နာဆာမြို့ မုစတာဖာအဲလ်နာဟာလမ်းမပေါ်၌ အဝေးထိန်း ခလုတ်ဖြင့် ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်ကြောင်း လုံခြုံရေးတပ်ဖွဲ့များကို ကိုးကား၍ နိုင်ငံပိုင် မီနာသတင်းဌာနက ဖော်ပြသည်။

**ဘီဘီစီ။**

## အီရတ်တွင် ရှီးယိုက်မိသားတစ်စု တိုက်ခိုက်ခံရ၍ ၁၆ ဦး သေဆုံး

**ဘဂ္ဂဒက် စက်တင်ဘာ ၅**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနီးတွင် နေထိုင်သည့် ရှီးယိုက်မိသားစုတစ်စု တိုက်ခိုက်ခြင်းခံရရာ အနည်းဆုံး ၁၆ဦး သေဆုံးကြောင်း အီရတ်တာဝန်ရှိသူများက ပြောကြားသည်။ မြို့တော်ဘဂ္ဂဒက်၏တောင်ဘက် ကီလိုမီတာ ၄၀ အကွာ လက်တီဖီယာမြို့တွင် ညအချိန်၌ တိုက်ခိုက်ခြင်းဖြစ်ပြီး သေဆုံးသူများတွင် ကလေးခြောက်ဦးနှင့် အမျိုးသမီးငါးဦးတို့ ပါဝင်သည်။

သေနတ်သမားများသည် မြင်သမျှလူအားလုံးကို ပစ်သတ်ခဲ့ပြီး နေအိမ်ကိုမီးရှို့ခဲ့ကြသည်ဟု လွတ်မြောက်လာသူတစ်ဦးက ပြောသည်။ မကြာသေးမီလအတွင်းမှစ၍ အီရတ်နိုင်ငံတစ်ဝန်းတွင် ဂိုဏ်းဂဏကွဲ အကြမ်းဖက်တိုက်ခိုက်မှုများ ကြီးထွားလာခဲ့ရာ ၂၀၀၈ ခုနှစ်မှစ၍ အမြင့်ဆုံး အခြေအနေသို့ ရောက်ရှိလာခဲ့သည်။ **ဘီဘီစီ။**

# ဗြိတိန်နိုင်ငံ၌ တံတားတစ်စင်းပေါ် ကားအစီး ၁၀၀ ကျော် ဆင့်ကဲတိုက်မိ

လန်ဒန် စက်တင်ဘာ ၅

ဗြိတိန်နိုင်ငံတောင်ပိုင်း ကန့်စီရင်စုတွင် မြူခိုးများ ထူထပ်စွာကျဆင်းမှုကြောင့် တံတားတစ်စင်းပေါ်၌ မော်တော်ယာဉ်အစီး ၁၀၀ကျော် ဆင့်ကဲတိုက်မိမှုဖြစ်စဉ်တစ်ရပ် ယနေ့ဖြစ်ပွားခဲ့ရာ ထိခိုက်ဒဏ်ရာရသူ ၂၀၀ကျော်မျှရှိကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါယာဉ်တိုက်ခိုက်မှုကြီးသည် ကန့်စီရင်စုရှိ ရှက်ဖီးလ်လေးလမ်းသွား တံတားသစ်ပေါ်၌ စက်တင်ဘာ ၅ရက် နံနက်အစောပိုင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၁၀မိနစ်တာကာလအတွင်း ယာဉ်ဆင့်ကဲတိုက်မိမှုများ ဖြစ်ပွားခဲ့သည်။

ယင်းတံတားပေါ်၌ ကုန်တင်ယာဉ်များနှင့် နောက်တွဲပါယာဉ်များအပါအဝင် ယာဉ်အများအပြား သွားလာချိန်တွင် ယင်းဖြစ်ရပ်ပေါ်ပေါက်ခဲ့သည်။

အဆိုပါယာဉ်တိုက်မှုဖြစ်စဉ်၌ ယာဉ်အစီး ၁၀၀ ကျော် ပါဝင်ခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ ၂၀၀ကျော်ရှိကြောင်း၊ ယင်းထိခိုက်ဒဏ်ရာရသူများတွင် အသေးစားထိခိုက်ဒဏ်ရာရသူများပါဝင်၍ ၎င်းတို့အနက် ခြောက်ဦးမှာ စိုးရိမ်ဖွယ်ရာရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **ဘီဘီစီ။**

ကားအစီး ၁၀၀ ကျော် ဆင့်ကဲတိုက်မိသည့်နေရာကို ပြည်သူများ လှေလာစောင့်ကြည့်နေကြစဉ်။

# ကမ္ဘာ့အကြီးဆုံး စိန်ဖြူ လေလံတင်ရောင်းချမည်

နယူးယောက် စက်တင်ဘာ ၅

**ကမ္ဘာ့အကြီးဆုံးစိန်ဖြူအဖြစ် သတ်မှတ်ခံရသော စိန်တစ်လုံးကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ လေလံတင်ရောင်းချရန် ခင်းကျင်းပြသထားပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက စက်တင်ဘာ ၅ရက်တွင် သတင်းထုတ်ပြန်သည်။ အာဖရိကတိုက်မှ တူးဖော်ရရှိခဲ့သော အဆိုပါစိန်ဖြူသည် အလေးချိန် ၁၁၈ကာရက်ရှိပြီး ဘဲဥပုံသဏ္ဌာန်ဖြစ်သည်။ (ဝဲပုံ)**



**ကမ္ဘာ့အကြီးဆုံးစိန်ဖြူကို တူးဖော်ရရှိခဲ့ပြီး လွန်ခဲ့သည့်နှစ်နှစ်က သွေးခဲ့ပြီးချိန်နောက်ပိုင်း ခင်းကျင်းပြသခဲ့ခြင်း မရှိပေ။ ယခုအခါတွင် ယင်းစိန်ကို လေလံတင်ရောင်းချရန် ဆုသည်ဘိုင်လေလံကုမ္ပဏီ၏ မင်ဟတ်တန် (နယူးယောက်) ဌာနချုပ်က ခင်းကျင်းပြသထားသည်။**

**ယင်းစိန်သည် ဒေါ်လာ ၂၈သန်းမှ ဒေါ်လာ ၃၅သန်းအကြား တန်ဖိုးရှိသည်ဟု ခန့်မှန်းရသည်။**

ရိုက်တာ။

## နိုင်ငံတကာသတင်း

အောဝမ်းစိုး

# တတိယကမ္ဘာစစ်ဖြစ်လျှင်ပင် ဆီးရီးယားလက်လျှော့မည်မဟုတ်

**ဒမတ်စကတ် စက်တင်ဘာ ၅**

အမေရိကန်နိုင်ငံက ဦးဆောင်၍ ဆီးရီးယားနိုင်ငံကို တိုက်ခိုက်ခြိမ်းခြောက်လာပါက တတိယ ကမ္ဘာစစ်ဖြစ်လျှင်ပင် လက်လျှော့အရှုံးပေးသွားမည်မဟုတ်ကြောင်း ဆီးရီးယားဒုတိယနိုင်ငံခြားရေးဝန်ကြီးက စက်တင်ဘာ ၄ ရက်တွင် ပြောကြားသည်။

"အာဆတ်အစိုးရက အဆိပ်ဓာတ်ငွေ့တွေအသုံးပြုတိုက်ခိုက်ခဲ့တယ်လို့ သံသယရှိနေကြပြီး ကျူးကျော်တိုက်ခိုက်လာမယ့် အလားအလာမှန်သမျှကို တုံ့ပြန်တိုက်ခိုက်သွားမှာဖြစ်သလို မဟာမိတ်တွေနဲ့လည်း စစ်အင်အားစုရုံးနေပါပြီ။ တတိယကမ္ဘာစစ်ဖြစ်ရင်တောင် ဆီးရီးယားအစိုးရရဲ့ရပ်တည်ချက်က ပြောင်းလဲမှာမဟုတ်ဘူး။ ဘယ်ဆီးရီးယားလူမျိုးမှ ကိုယ့်နိုင်ငံရဲ့ လွတ်လပ်ရေးကို လက်လွှတ်ဆုံးရှုံးခံမှာမဟုတ်ပါဘူး" ဟု ဆီးရီးယားဒုတိယနိုင်ငံခြားရေးဝန်ကြီး ဖေဆယ်မူဒတ်က အေအက်ဖ်ပီ သတင်းဌာနနှင့် သီးသန့်တွေ့ဆုံမေးမြန်းမှုတွင် ပြောကြားသည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ဆီးရီးယားကိုတိုက်ခိုက်ရန် လွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ခံချက်ရရှိရန်စည်းရုံးနေသကဲ့သို့ ပြင်သစ်ပါလီမန်တွင်လည်း ယင်းကိစ္စအတွက် အချေအတင်ဆွေးနွေးလျက်ရှိသည်။ **အေအက်ဖ်ပီ။**

# ကန့်ကွက်မှုနှင့် ရင်ဆိုင်နေရသော တောင်ကိုရီးယားလေတပ်၏ ချစ်ကြိုးသွယ်ခွင့် တားမြစ်သည့်ဥပဒေ

**ဆိုးလ် စက်တင်ဘာ ၅**

တောင်ကိုရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာသူများက လေတပ်အရာရှိလောင်းများအကြား ချစ်ကြိုးသွယ်ခွင့်ကို တားမြစ်သည့် ဥပဒေအား ဆန့်ကျင်ကန့်ကွက်လိုက်ပြီး ယင်းကိုခွဲခြားဆက်ဆံမှုတစ်ခုအဖြစ် ဖော်ပြခဲ့သည်။

အဆိုပါကန့်ကွက်မှုကို တောင်ကိုရီးယားအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကလည်း ထောက်ခံခဲ့ပြီး လေတပ်သင်တန်းကျောင်းအနေဖြင့် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်သင့်ကြောင်း၊ လေးနှစ်ကြာလေ့လာသင်ကြားရမည့် လေတပ်သင်တန်းကျောင်း ပထမနှစ်တွင် တားမြစ်ထားသည့် ချစ်ကြိုးသွယ်ခွင့်ကိုလည်း ရုပ်သိမ်းသင့်သည်ဟု ဆိုသည်။

လေတပ်သင်တန်းကျောင်းကမူ လေတပ်အရာရှိလောင်းများ၏ စိတ်ဓာတ်ကြံ့ခိုင်မှုနှင့် စစ်စည်းကမ်းဥပဒေအတိုင်း စည်းမျဉ်းစည်းကမ်းများကို တင်းကျပ်ရန်လိုအပ်ကြောင်း အခိုင်အမာပြောကြားသည်။

လေတပ်သင်တန်းကျောင်းအနေဖြင့် မေလအတွင်းက လေတပ်အရာရှိလောင်းအမျိုးသမီးတစ်ဦးကို လိင်ပိုင်းဆိုင်ရာကိုယ်ထိလက်ရောက်ကျူးလွန်မှုကြောင့် စီနီယာလေတပ်သား တစ်ယောက်ကို ထုတ်ပယ်ခဲ့ရသည်။

အဆိုပါပြဿနာများက လေတပ်သင်တန်းကျောင်းအနေဖြင့် ရည်းစားထားခြင်း၊ အရက်သောက်ခြင်းနှင့် ဆေးလိပ်သောက်ခြင်းတို့ကို တားမြစ်ရန်အကြောင်းဖန်လာခဲ့ခြင်းဖြစ်သည်။ **အေအက်ဖ်ပီ။**

# (၄၁)ကြိမ်မြောက် မာဒေးကားဖလားပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၃ အသင်းထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၅**

မြန်မာ ယူ-၂၃ အသင်းအနေဖြင့် မလေးရှားနိုင်ငံတွင် စက်တင်ဘာ ၇ ရက်မှ ၁၄ ရက်အထိ ကျင်းပမည့် မာဒေးကားဖလားဘောလုံးပြိုင်ပွဲကို ဆီးဂိမ်းအကြိုပြင်ဆင်မှုအဖြစ်ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲကို အသင်းလေးသင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာ၊ မလေးရှားနှင့် စင်ကာပူအသင်းတို့မှာ ယူ-၂၃ အသင်းများဖြင့် ယှဉ်ပြိုင်မည်ဖြစ်ရာ ဆီးဂိမ်းအကြို အားစမ်းပွဲတစ်ခုဟုလည်း ခေါ်ဆိုနိုင်ပေသည်။

ပြိုင်ပွဲကို လေးသင်းပတ်လည်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အမှတ်အများဆုံးနှစ်သင်းမှာ ဗိုလ်လုပွဲနှင့် အမှတ်အနည်းဆုံးနှစ်သင်းမှာ တတိယနေရာလုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် စက်တင်ဘာ ၇ ရက်တွင် ပွဲဦးထွက်ပွဲအဖြစ် ထိုင်းပရီမီယာလိဂ် All Star အသင်း၊ စက်တင်ဘာ ၉ ရက်တွင် အိမ်ရှင်မလေးရှားအသင်း၊ စက်တင်ဘာ ၁၁ ရက်တွင် စင်ကာပူ ယူ-၂၃ အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မလေးရှားဘောလုံးအဖွဲ့ချုပ် (FAM) က ကြီးမှူးကျင်းပမည့် (၄၁)ကြိမ်မြောက် မာဒေးကားဖလားဘောလုံးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာယူ-၂၃ အသင်းသည် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။ **(အပေါ်ပုံ)**

မြန်မာ ယူ-၂၃ အသင်းတွင် အုပ်ချုပ်သူ ဦးတင်မြင့်အောင်၊ နည်းပြချုပ်-ပတ်ဆောင်ဟွာ၊ လက်ထောက်နည်းပြ-ဦးဇော်ဝင်းထွန်း၊ ကြံ့ခိုင်ရေးနည်းပြ-ဟာပေဟွန်၊ ဂိုးနည်းပြ-ဦးမျိုးချစ်၊ မီဒီယာတာဝန်ခံ ဦးစိုးမိုးကျော်၊ ဆရာဝန် ဒေါက်တာအောင်ကျော်ဦး၊ စကားပြန် ဦးအောင်သူရ၊ ဂိုးသမား-ပြည့်ဖြိုးအောင်၊ ကျော်ဇင်ဖြိုး၊ နောက်တန်း-ရန်အောင်ဝင်း၊ သက်နိုင်၊ အောင်ဟိန်းကျော်၊ ဖြိုးကိုကိုသိန်း၊ ဇော်မင်းထွန်း၊ အောင်ဇော်၊ သိန်းသန်းဝင်း၊ ဇာနည်ထက်၊ အလယ်တန်း-ဒေးဗစ်ဒန်း၊ နေလင်းထွန်း၊ ဟိန်းဇာအောင်၊ သက်ဖြိုးဝေ၊ ထူးထူးအောင်၊ ရဲလင်းအောင်၊ ကြည်လင်း၊ နန္ဒလင်းကျော်ချစ်၊ ရှေ့တန်း-ကျော်ကိုကို၊ ကောင်းစည်သူ၊ ကျော်ဇေယျာဝင်းနှင့် စိုးကျော်ကျော်တို့ပါဝင်ကြသည်။ **(ချစ်ကိုကို)**

# ရုပ်ရှင်အစည်းအရုံးနှင့် မေတ္တာသင်္ဂဟအဖွဲ့ ကော့ကရိတ်မြို့ ရေဘေးသင့်ပြည်သူများအတွက် ငွေလှူ

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမ၌ စက်တင်ဘာ ၃ ရက် နံနက် ၁၁ နာရီက မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းနှင့်အဖွဲ့နှင့် ဆရာတော် အရှင်ဆန္ဒာဓိက(ရွှေပါရမီ) မေတ္တာသင်္ဂဟအဖွဲ့သားများက သဘာဝဘေးဒဏ်သင့် ရေဘေးသင့်ပြည်သူများအတွက် ကော့ကရိတ်မြို့ ကရုဏာအသင်းသို့ ပစ္စည်း၊ ငွေများလှူဒါန်းခဲ့သည်။ **(အပေါ်ပုံ)**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ငွေကျပ် သိန်း ၃၀ နှင့် မေတ္တာသင်္ဂဟအဖွဲ့က ငွေကျပ် ၁၂၈ သိန်းကို ကော့ကရိတ်ကရုဏာလူမှုရေးအသင်းအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(ကျော်မြင့်သန်း-လမ်းမတော်)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ဂန့်ဂေါ-ကလေးရထား ပုံမှန်ပြေးဆွဲလျက်ရှိ

**ဂန့်ဂေါ စက်တင်ဘာ ၅**

မြန်မာ့မီးရထား ဂန့်ဂေါ-ကလေး ခရီးစဉ်အား အဆိုပါလမ်းပိုင်း မြောင်းချောင်းတံတား မြေထိန်းနံရံနှင့် ကမ်းကပ်ခုံရေတိုက်စားသဖြင့် ပြုပြင်စဉ် ဩဂုတ် ၂၀ ရက်မှစတင်၍ ခေတ္တရပ်နားခဲ့ရာ ဩဂုတ် ၂၉ ရက်တွင် ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။ ရထားခရီးစဉ်ခေတ္တရပ်နားစဉ်ကာလ၌ ကလေးမြို့မှ ဂန့်ဂေါမြို့သို့ ရထားဖြင့်သယ်ယူကြရသည့် စားကုန်သီးနှံများ ဈေးတက်သွား၍ ခရီးသွားပြည်သူများ ကားဖြင့်သွားရောက်ကြရသဖြင့် စရိတ်ပိုမိုကုန်ကျမှုများ ရှိခဲ့သည်။

အဆိုပါတံတား မြေထိန်းနံရံနှင့် ကမ်းကပ်ခုံအား ရွာထောင်တံတားအထူးအဖွဲ့နှင့် ကလေး၊ ဂန့်ဂေါတို့မှ လုပ်သားများပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြသဖြင့် ဩဂုတ် ၂၈ ရက်တွင်ပြီးစီး၍ ဩဂုတ် ၂၉ ရက်မှစတင်ကာ ရထားပြန်လည်ပြေးဆွဲလျက်ရှိရာ ခရီးသည်များ လွယ်ကူစွာသွားလာနိုင်ကြပြီး ကုန်စည်စီးဆင်းမှု ပုံမှန်ဖြစ်လာသည့်အပြင် ကလေးမြို့ ကိုယ်ပွားသတင်းစာတိုက်မှ ရထားဖြင့်တင်ပို့သည့် နေ့စဉ်ထုတ်သတင်းစာများကိုလည်း ဂန့်ဂေါမြို့တွင် ပုံမှန်ပြန်လည်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# ၂၁ ရာစု စာတတ်မြောက်ရေးဆောင်ရွက်ဖို့ အကောင်းဆုံးတီထွင်ကြံဆဆောင်ရွက်စို့

## ခိုင်ခိုင်ရီ

ပန်းတို့၏ရနံ့သင်းပျံ့ခြင်းကို ပန်းတို့သာဖန်တီး၏။ တောတောင်၏ စိမ်းညို့လန်းဆန်းခြင်းကို တောသစ်ပင်တို့သာဖန်တီး၏။ နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်သတင်းတင့်တယ်ခြင်းကို နိုင်ငံသူ နိုင်ငံသားများ၏ ပညာအသိ၊ အလိမ္မာအသိကသာ ဖန်တီး၏။ သို့ဖြစ်၍ မကြာမီကျရောက်တော့မည့် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့သည် ကမ္ဘာ့ပရဝဏ်ကို လင်းလက်စေမည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် လူတို့နှလုံးအိမ်ဝယ် ခိုင်ခိုင်မတ်မတ် ပွဲတင်ထပ်လျက်ရှိလေပြီ။ ၂၁ ရာစုကဲ့သို့ ထူးခြားသော ပညာခေတ်တွင် မြန်မာနိုင်ငံသည် စာတတ်မြောက်ရေး ဆောင်ရွက်ရန် အကောင်းဆုံး တီထွင်ကြံဆဆောင်ရွက်ရမည့် သမယဖြစ်ပေသည်။

၂၁ ရာစု စာတတ်မြောက်ရေးလုပ်ငန်းဆိုသည်မှာ အရေး၊ အဖတ်၊ အတွက် သင်ကြားပေးရုံဖြင့် မလုံလောက်တော့ပေ။ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း (Basic Literacy)ကို ဆောင်ရွက်ပြီးသည့်နောက်ဝယ် စဉ်ဆက်ပညာရေး (Continuing Education)နည်းလမ်းဖြင့် စာတတ်မြောက်လာပြီးသောစာကို လူ့ဘဝသာယာဖွံ့ဖြိုးရေးအတွက် ထိရောက်စွာအသုံးပြုဆောင်ရွက်ချက်ဖြစ်သည်။

၂၁ ရာစုကား ပညာလွှမ်းမိုးသော အစဉ်သင်ယူနေသည့် လူ့ဘောင်အဖွဲ့အစည်း (Life Long Learning Society) ခေတ်ဖြစ်၏။ စာမတတ်မှုသည် လူ့သိက္ခာကို ညှိုးနွမ်းစေသည်။ အဖတ်၊ အရေး၊ အတွက် မတတ်သူတစ်ဦးရှိနေသည့် လူ့အဖွဲ့အစည်းသည် စာမတတ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်စေ၏။ စာမတတ်ခြင်းကြောင့် ဂုဏ်သိက္ခာကျမှု၊ အားငယ်နေရမှုတို့မှ ရုန်းထွက်နိုင်ရန် စာတတ်မြောက်ဖို့ မုချကြိုးစားအပ်ပေသည်။

လူသည် မွေးကင်းစမှ သေသည့်တိုင် စာကိုမပြတ် ဖတ်နေရ၏။ စာဖတ်ရန်အရေးမှာ စာတတ်ရမည်။ ဤကမ္ဘာတွင် စာမတတ်သူမှာ ဒုနှင့်ဒေးရှိကြ၏။ ၇၇၆ သန်းသော သက်ကြီးများအနက် အများစုမှာ အမျိုးသမီးများဖြစ်၍ အရေး၊ အဖတ်၊ အတွက်ဟုဆိုအပ်သော 'အ'သုံးလုံးပင် မတတ်ကြချေ။ ၇၅ သန်းသော ကလေးများမှာ ကျောင်းမနေနိုင်ကြပါ။ ထိုသူတို့ကို စာတတ်အောင်သင်ပေးခြင်းဖြင့် ကိုယ်ရည်ကိုယ်သွေး၊ လူမှုရေး၊ နိုင်ငံရေး အကျိုးသက်ရောက်မှုများရှိလာနိုင်ပါသည်။

စာပေသည် လူ့ဘောင်၏ မီးပြတိုက်ဖြစ်၏။ လောကီ၊ လောကုတ္တရာအတွက် မီးရှူးတန်ဆောင်ဖြစ်သည်။ စာတတ်ခြင်းဖြင့် ဂုဏ်ဝင့်နိုင်သည်။ ထို့ကြောင့်ပင် ဝန်ကြီးပဒေသရာဇာက

**"စာပေဝတ္ထု ရတုကဗျာ**
**ပျို့လင်္ကာနှင့် သာသည့်သီချင်း**
**အဲစောင်းငြင်းကို မကင်းမပြတ်**
**ဖတ်ရွတ်လျက်သာ နေကောင်းစွာ"**

ဟု ဩဝါဒပေးခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရသည် ၁၉၆၄ ခုနှစ်မှစ၍ "ဗိုင်းငင်ရင်း စာဖတ်၊ လယ်လုပ်ရင်း စာသင်၊ ထင်းဖြတ်ရင်း စာကျက်" စေကာ လုပ်ငန်းခွင်မပျက် စာသင်နိုင်ရန် 'အ'သုံးလုံးကျေ စီမံကိန်းများ ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ်အထိ စာတတ်မြောက်မှုရာနှုန်းမှာ ၉၅ ဒသမ ဝ၈ ရာခိုင်နှုန်းဖြစ်ပါသည်။

"ပညာသမ္မာ အာဘာနတ္ထိ-ပညာနှင့်တူသော အလင်းရောင်သည် မရှိ" ဟု မြန်မာတို့ဆို၏။ ပညာကို တန်ဖိုးထားသော မြန်မာတို့သည် လူတိုင်းစာတတ်မြောက်ရေးလုပ်ငန်းကို ရဟန်းရှင်လူအားဖြင့် ကြိုးပမ်းခဲ့၏။ ရလဒ်ကား ၁၈၈၆ ခုနှစ်မတိုင်မီ မြန်မာနိုင်ငံ၏ စာတတ်မှုနှုန်း ၈၅ ရာခိုင်နှုန်းထိ မြင့်မားလာခြင်းပင်။ ကိုလိုနီနယ်ချဲ့လက်အောက်တွင် ပန်းကောင်းအညွန့်ချိုးခံခဲ့ရသဖြင့် လွတ်လပ်ပြီးစတွင် ၃၅ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ရသည်။

လွတ်လပ်ရေးရပြီးစမှ မျက်မှောက်ခေတ်အထိ စာတတ်မြောက်ရေးကြိုးပမ်းမှုကို အပိုင်းသုံးပိုင်းဖြင့် လေ့လာနိုင်၏။ ၁၉၄၈ ခုနှစ်မှ ၁၉၆၄ ခုနှစ်ကာလတွင် ၃၅ ရာခိုင်နှုန်းမှ ၁၉၆၃ ခုနှစ်တွင် ၅၇ ရာခိုင်နှုန်းထိမြင့်တက်လာ၏။ ၁၅ နှစ်အတွင်း ၂၂ ရာခိုင်နှုန်းတိုးတက်လာသည့်အကြောင်းကား အသို့နည်း။ ထိုစဉ်က ပညာရေးကောင်စီက လူထုပညာရေးသင်တန်းနှင့် 'အ'သုံးလုံးကျေသင်တန်းများဖွင့်ခဲ့ခြင်း၊ တပ်မတော်တွင် 'အ'သုံးလုံးသင်တန်းဖွင့်လှစ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းပညာရေးစီမံကိန်း ချမှတ်ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့်ဖြစ်သည်။

ဤသမိုင်းဖြစ်ရပ်များသည် ၂၁ ရာစု စာတတ်မြောက်ရေးအတွက် ဆောင်ရွက်ရာတွင် အကောင်းဆုံးဖြစ်အောင် တီထွင်ကြံဆရာ၌ ဆန်းစစ်ရမည့် ကြေးမုံချပ်များဖြစ်၏။

ဒုတိယပိုင်းအစဖြစ်သော ၁၉၆၄ ခုနှစ်၌ စာတတ်မှုနှုန်းသည် ၅၇ ရာခိုင်နှုန်းထိ တိုးတက်ခဲ့သည်။ "တစ်အိမ်လုံးစာတတ်ဖို့ တစ်ရပ်လုံးကူညီ"၊ "စာမတတ်သူ တို့ဝိုင်းကူ" စသော ကြွေးကြော်သံဆောင်ပုဒ်များဖြင့် အားပေးခဲ့ရာ ၁၉၈၈ ခုနှစ်တွင် ၈၀ ဒသမ ဝ၄ ရာခိုင်နှုန်းထိ တိုးတက်လာချေသည်။ ဒုတိယပိုင်း ၂၄ နှစ်အတွင်း စာမတတ်သူ သုံးသန်းကျော်အနက် နှစ်သန်းလေးသိန်းကျော် စာတတ်ခဲ့သဖြင့် ၁၉၇၁ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့ နိုင်ငံတကာ စာတတ်မြောက်ရေးနေ့တွင် ယူနက်စကိုအဖွဲ့ချုပ်ကချီးမြှင့်သော **"မိုဟာမက်ရီဇာ ပါလာဗီ"** ဆုနှင့် ၁၉၈၃ ခုနှစ် စက်တင်ဘာ ၈ ရက်၌ ယူနက်စကိုအဖွဲ့ချုပ်က ချီးမြှင့်သော **"နိုမာ"** ဆုကို လက်ဝယ်ပိုင်ပိုင်ဆွတ်ခူးနိုင်ခဲ့သည်။

၁၉၈၈ ခုနှစ်မှ မျက်မှောက်ခေတ် တတိယကာလတွင် လူတိုင်းအတွက် ပညာရေးဟူသော ဦးတည်ချက်ဖြင့် ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေးဟူ၍ အစီအစဉ်နှစ်ရပ်ဖြင့် အကောင်အထည်ဖော်နေပါသည်။ စာတတ်မြောက်ရေးကို ကျောင်းပြင်ပပညာရေးဖြင့် တိုးမြှင့်နေရာ ၁၉၈၈ ခုနှစ် စာတတ်မှုနှုန်း ၈၀ ဒသမ ဝ၄ ရာခိုင်နှုန်းမှ ၂၀၀၇ ခုနှစ်တွင် ၉၄ ဒသမ ၇၅၊ ၂၀၀၈ ခုနှစ်တွင် ၉၄ ဒသမ ၈၃၊ ၂၀၀၉ ခုနှစ်တွင် ၉၄ ဒသမ ၈၉ ရာခိုင်နှုန်းထိ တိုးမြင့်လာခဲ့လေပြီ။ ဤအချက်များက ၂၁ ရာစုစာတတ်မြောက်ရေးဆောင်ရွက်ရန် တွန်းအားများဖြစ်သည် မဟုတ်ပါလော။

လူသားအရင်းအမြစ်ဖွံ့ဖြိုးအောင်ဆောင်ရွက်နေသော ၂၁ ရာစုတွင် လူတိုင်းအသိအလိမ္မာတိုးရန် ကျေးလက်စာကြည့်တိုက်များ ဖွဲ့စည်းလာကြ၏။ မြန်မာနိုင်ငံတွင် ဖွင့်လှစ်ပြီးစာကြည့်တိုက်ပေါင်း ၅၅၇၅၅ ခု ရှိပြီဖြစ်သည်။ စာတတ်မြောက်ပြီးစ ပြည်သူများစာဖတ်ရှိန် မြှင့်တင်ရေးအစီအစဉ် (Post Literacy Programme)ဖြစ်၏။ အခြေခံစာတတ်ပြီးသူများအတွက် အနာဂတ်ဦးတည်ပညာရေး အစီအစဉ် (Future Oriented Programme) ဖြစ်သည်။ စဉ်ဆက်ပညာရေးလည်းမည်ပေသည်။

စာတတ်မြောက်ရေးသည် အရေး၊ အဖတ်၊ အတွက်ဟူသော ကျွမ်းကျင်မှုရရန်သက်သက်သာမဟုတ်ပါ။ လူသားများဘဝဖွံ့ဖြိုးရန် များစွာထောက်ကူပါသည်။ စာမှရသော အသိကို လက်တွေ့ဘဝတွင် အသုံးချနိုင်ပါသည်။ ထိုအခါ လူတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး ရေရှည်တိုးတက်လာနိုင်ပါသည်။ ကျွန်ုပ်တို့ ၂၀၁၃ ခုနှစ် ဧပြီ ၁ရက်နေ့ မှ မေ ၁၅ ရက်နေ့ထိ သွားရောက်သင်ကြားပေးခဲ့သော စာတတ်မြောက်ရေးလှုပ်ရှားမှုဖွင့်ပွဲ ၃၁-၃-၂၀၁၃ ရက်တွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားရာတွင် တက္ကသိုလ်များ၏သင်ကြားရေးမှာ ပုံမှန်သင်ကြားရေးဖြစ်သည်။ ယခုအခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကား စာတစ်လုံးတလေတောင် မတတ်သောသူများကို သင်ရမည်ဖြစ်၍ ကြည်နူးစရာကောင်းကြောင်း၊ အသက်အရွယ်ရင့်ကျက်မှုရှိသော်လည်း အခြေခံစာမတတ်သဖြင့် ဒီမိုကရေစီစနစ်နှင့် မိမိနိုင်ငံအကျိုးကို မသယ်ပိုးနိုင်ကြောင်း၊ ထိုသူတို့ကို အရေး၊ အဖတ်၊ အတွက် သင်ကြားပေးခြင်းသည် အလွန်မွန်မြတ်ကြောင်း မိန့်ကြားသွားသည်မှာ လုပ်ငန်းခွင်ဝင်တော့မည့် ဆရာ ဆရာမလေးများအတွက် ရွှေ့ပြေးပီတိဖြစ်သလို အကောင်းဆုံးလုပ်ဆောင်နိုင်စေမည့် အားဆေးလည်းဖြစ်သည်။

ဘားအံမြို့နယ် နောင်ကမြိုင်ရွာရှိ ကရင်တိုင်းရင်းသားများသည် ရိုးသားဖြူစင်လွန်းပါသည်။ ယခုအခါ သူတို့ အသက်မွေးဝမ်းကျောင်းဖြစ်သော ဈေးရောင်းဈေးဝယ်အလုပ်တွင် မနုံ၊ မအတော့ပါ။ ငွေကို သွက်လက်စွာတွက်၍ ပြန်အမ်းတတ်နေပါပြီ။ မိမိအမည်၊ သားသမီးအမည်၊ သင်ပေးသူ ဆရာ ဆရာမအမည်၊ ရွာအမည်များကို ကောင်းစွာရေးတတ်နေပါပြီ။ သင်စကမူ အာ၊ အီ၊ အူ၊ အေ၊ အဲ၊ အော၊ အို၊ သရများကို သာဓကများနှင့် နှုတ်တိုက်ချပေးရာ အိုသရနေရာရှိ ခိုတွင် ငှက်ဟု ရှင်းပြထားပါသည်။ ပြန်ဆိုစေရာ အာ၊ အီ၊ အူ၊ အေ၊ အဲ၊ အော နေရာတို့မှန်ပြီး ခိုနေရာတွင် ငှက်ဟုဆိုပါတော့သည်။ ၂၁ ရာစု စာတတ်မြောက်ရေးကဏ္ဍ၏ ပုံရိပ်တစ်ခုသာတည်း။

စာတတ်ခါစ အမိုးတို့ ဖထီးတို့ကို စာမကြာမကြာဖတ်ရန် ကျွန်ုပ်တို့ထံ စာရေးရန်မှာသောအခါ မျက်ရည်များ ဝဲနေကြပါသည်။ မပြန်မီ တစ်ရက်က ကနစိုးသီးများ၊ ပိန္နဲသီး လက်ဆောင်များထမ်း၍ တစ်လမ်းဝင်၊ တစ်လမ်းထွက် အမိုးတို့၊ ဖထီးတို့ရေ သွားတော့မယ်ဟု နှုတ်ဆက်သောအခါ ဝမ်းနည်းရိပ်ဖြင့် အိမ်ရှေ့သို့ ထွက်လာကာ လက်ဝှေ့ရမ်းပြကြသည်။ မြန်မာ့လူ့ဘောင်သည် ပညာလွှမ်းမိုးလာရေးအတွက် စာမတတ်သူပပျောက်ရန် ကျွန်ုပ်တို့ ပညာသင်ပေးပါသည်။ စဉ်ဆက်ပညာရေးအတွက်လည်း သတင်းစာဖတ်ရန်၊ စာရေးရန်မှာပါသည်။

စဉ်ဆက်ပညာရေးအတွက် သူတို့သည် အစဉ်စာဖတ်သူဖြစ်ရပါမည်။ နိုင်ငံတကာစာစောင်များ၊ စာတတ်မြောက်စ သက်ကြီးများအတွက် ပြုစုသော ဝေလွင်လွင်၊ ဇော်ဂနီမ၊ ဆီးသီးသည်မဗျိုင်း၊ မိခင်လောင်းများသို့၊ လူလေးဖိုးထောင်၊ တိမ်ညိုကင်း၍လမင်းသာ စသော စာစဉ်များဖတ်နေရပါမည်။ ဤနည်းဖြင့် ၂၁ ရာစုစာတတ်မြောက်ရေးအောင်ပွဲသို့ တာစူနိုင်ပါသည်။ စဉ်ဆက်ပညာရေးသည် မူလတန်းနှင့် အခြေခံစာတတ်ပြီးသူများအတွက် ၎င်းတို့၏ဆန္ဒအရ ပညာရေးအခွင့်အလမ်းများပေးသည့် ကျောင်းပြင်ပ ပညာရေးဖြစ်သည်။ ပါဝင်သော အစီအစဉ်ခြောက်မျိုးကို တတ်စွမ်းသရွေ့ အားထုတ်ခြင်းဖြင့် စာဖတ်တတ်စလူများအတွက် လေ့ကျင့်ပေးရာ ရောက်ပေသည်။ ထို့ပြင် လူတိုင်းလူတိုင်းသည် ဘဝတစ်သက်တာ သင်ယူသူများဖြစ်အောင် လုပ်ဆောင်နေမှ နိုင်ငံလည်းမြင့်မားပေမည်။

ရပ်ရွာပညာပဒေသာဌာနများ၏အားဖြင့်လည်း စာတတ်မြောက်ရေးကို စွမ်းဆောင်နိုင်သည်။ အခြေခံစာတတ်မြောက်ရေး၏ ရည်ရွယ်ချက်မှာ လက်ရေးမူ (သို့မဟုတ်) ပုံနှိပ်မူကို ကောင်းစွာဖတ်နိုင်၊ ရေးနိုင်၊ တွက်နိုင်ရန်ဖြစ်သည်။ သို့သော် လေ့ကျင့်မနေလျှင် မေ့ပျောက်သွားနိုင်သည်။ သတင်းစာ၊ ဂျာနယ်ဖတ်ခြင်း၊ ဆိုင်းဘုတ်ခေါင်းစဉ်များ ဖတ်ခြင်းဖြင့် **စာတိုင်ညှိုထုံး** နှလုံးမူသင့်သည်။ ရပ်ရွာပညာပဒေသာဌာနများတွင်လည်း ဆည်းပူးရာ၏။ အဆင့်အတန်း၊ အသက်အရွယ်မရွေး၊ အချိန်မရွေး၊ မိမိလိုချင်သော အသိပညာနှင့် ကျွမ်းကျင်မှုအမျိုးမျိုးကို သင်ယူရရှိရာဌာနသည် ရပ်ရွာပညာ ပဒေသာဌာနများဖြစ်သည်။ ဤဌာနများ တိုးချဲ့ဖွင့်လှစ်ခြင်းဖြင့် ၂၁ ရာစုစာတတ်မြောက်ရေးကို ထောက်ကူနေပါသည်။

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်မည့် မြန်မာနိုင်ငံသည် ပညာခေတ်ဖြစ်သော မျက်မှောက်ခေတ်တွင် စိန်ခေါ်မှုများနှင့် နဖူးတွေ့ဒူးတွေ့ တွေ့နေရပါသည်။ ကျော်လွှားသွားနိုင်ရန်မှာ ပညာတတ်များများရှိမှ ဖြစ်ပါမည်။ သို့အတွက် **"စာတတ်မြောက်ရေး ဆောင်ရွက်စို့ ငြိမ်းချမ်းရေးကို တည်ထောင်ဖို့"**ဟူသော ဆောင်ပုဒ်အတိုင်းကျင့်လျှင် စာတတ်မြောက်ရေးအတွက် အကောင်းဆုံးကြံဆမှုဖြစ်တန်ရာပေသည်။

လူတိုင်းအတွက် ပညာရေးအစီအစဉ်ကို ဦးလည်မသုန် ထမ်းရွက်၍ စာတတ်မြောက်ရေးကို အောင်မြင်အောင် ဆောင်ရွက်ရန်အထူးလိုအပ်သည်။ သို့ဖြစ်ရာ ၂၀၀၁ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ကျင်းပသော ကုလသမဂ္ဂအထွေထွေ ညီလာခံကြီး (General Assembly of the United Nations)က ၂၀၀၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ဆယ်စုနှစ်ကို ကုလသမဂ္ဂစာတတ်မြောက်ရေးဆယ်စုနှစ်အဖြစ် သတ်မှတ်ခဲ့သည်။ လူတိုင်းစာတတ်မြောက်ရေးကို အခြေခံအကျဆုံး ပညာရေးအဖြစ် အလေးအနက်ခံယူခဲ့သည်။ ဤသည်ကပင် ကုလသမဂ္ဂ၏ ဆယ်စုနှစ်စာတတ်မြောက်ရေးကို ဝိုင်းဝန်းကူညီရာရောက်မည်ဟု နှလုံးသွင်းခဲ့သူတို့၏ စေတနာက ၂၁ ရာစု စာတတ်မြောက်ရေးကို ကမ္ဘာတစ်ဝန်း အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်မှုပြယုဂ်ဖြစ်တော့သည်။

နှစ်စဉ်ကျင်းပသည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အတွက် ဆောင်ပုဒ်ကို ယူနက်စကိုအဖွဲ့ချုပ်ကြီးက သတ်မှတ်ပေးလေ့ရှိသည်။ ၂၀၀၇ ခုနှစ်နှင့် ၂၀၀၈ ခုနှစ် ဆောင်ပုဒ်ကား ကျန်းမာရေးနှင့် ဆက်စပ်ပညာပေးထား၏။ ၂၀၀၇ ခုနှစ်ဆောင်ပုဒ်မှာ **"ပွင့်လင်းကျန်းမာ ချမ်းမြေ့သာ၊ စာတတ်မြောက်ခြင်းက သော့ချက်ပါ"** ဖြစ်သည်။ ၂၀၀၈ ခုနှစ် ဆောင်ပုဒ်မှာမူ ရောဂါကြီးသုံးမျိုးဖြစ်သော အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်၊ ချောင်းဆိုးအဆုတ်နာနှင့် ငှက်ဖျားရောဂါတို့ကို ကာကွယ်ကုသရေးနှင့် ယှဉ်နေ၏။ ထိုရောဂါများကို ကာကွယ်ကုသရန် အလေးထားရသကဲ့သို့ စာမတတ်ခြင်းသည်လည်း ထိုရောဂါဆိုးများပမာ တင်စားထားသော **"စာတတ်မြောက်ရေး ဝိုင်းဝန်းကူပေး၊ အကောင်းဆုံးသော ကုသရေး"** ဖြစ်ပါသည်။ နှစ်စဉ်သတ်မှတ်သော ဆောင်ပုဒ်ကလည်း စာတတ်မြောက်ရေးအသွင်ကို အသက်ဝင်စေသည်ဖြစ်ရာ ၂၁ ရာစု စာတတ်မြောက်ရေးအတွက် အတိုင်းအတာတစ်ခုအထိ ထိရောက်သော တီထွင်ကြံဆမှုဟု မှတ်ထင်ပါသည်။

ဤအကြောင်းကို မြန်မာပညာရှင်များက **"စာတတ်သာလျှင်၊ အနာလည်းသိ၊ ဆေးလည်းသိ၍၊ အသိကြွယ်ကြွယ်၊ ကာကွယ်ကုသ၊ ကျန်းမာကြအံ့"** ဟု ကမ္ပည်းတင်ပါသည်။

**"နားမကြားလျှင် အပင်း၊ စာမတတ်လျှင် အကန်း"** ဟု မြန်မာ့ဆိုရိုးရှိပါသည်။ ကမ္ဘာနှင့်အဝှမ်း များပြားလှသော စာမတတ်သူများအား ၁၉၆၄ ခုနှစ်မှ စတင်ခဲ့သော စာတတ်မြောက်ရေး လူထုလှုပ်ရှားမှုကြီးက စာတတ်မြောက်စေခဲ့လေပြီ။ ဤလှုပ်ရှားမှုကြီးတွင် မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနသည် အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့သည်။ ဤဝန်ကြီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်)တို့၏ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့သည် လုပ်ငန်းအကျိုးပြုစာတတ်မြောက်ရေးလုပ်ငန်းတစ်ရပ်ကို မြို့နယ် ခြောက်မြို့နယ်တွင် ၁၉၉၁ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ စမ်းသပ်အကောင်အထည်ဖော်ခဲ့သည်။ ရလဒ်အဖြစ် စာတတ်မြောက်ရေးအခြေခံ စာစဉ် (၁)၊ (၂)၊ (၃) နှင့် လုပ်ငန်းအကျိုးပြုစာစဉ် (၃၂)အုပ်ကို ထုတ်ဝေနိုင်ခဲ့သည်။

၁၉၈၈ ခုနှစ် စာရင်းဇယားအရ သက်ကြီးစာတတ်မှုနှုန်းမှာ ၈၀ ဒသမ ဝ၄ ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် ၉၀ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ၂၀၀၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံ သက်ကြီးစာတတ်နှုန်းကို မြှင့်တင်ရန် ပညာရေးဝန်ကြီးဌာနက ဆောင်ရွက်ခဲ့သည်။ မိတ္ထီလာခရိုင်သည် ပထမဦးဆုံးခရိုင်လုံးကျွတ် စာတတ်မြောက်သည့် ခရိုင်ဖြစ်သည်။ ဤသို့ဒေသများ၌လည်း ကျန်ရှိနေသေးသော စာမတတ်သူများအတွက် ကောက်သင်းကောက်စာတတ်မြောက်ရေးလုပ်ငန်းများ ဆောင်ရွက်ကြ၏။ ဤသည်ကို ကဗျာစာဆို ရေနံ့သာမောင်ကျော်ညွန့်က **"ဟိုမှာတစ်ယောက်၊ ဒီမှာတစ်ယောက်၊ စာမတတ်သူကောက်သင်းကောက်"** ဟု စပ်ဆိုခဲ့သည်။ ဤနည်းနှင့် ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၀၄ ခုနှစ်တွင် နိုင်ငံအဆင့် စာတတ်နှုန်း ၉၃ ဒသမ ၃ ရာခိုင်နှုန်းထိ တိုးတက်လာခဲ့သည်။ ထို့ကြောင့် ၂၁ ရာစု စာတတ်မြောက်ရေးဆောင်ရွက်ရာတွင် ဤနည်းကိုလည်း အတုယူအပ်ပေသည်။

၂၀၁၃ ခုနှစ် စာတတ်မြောက်ရေးလှုပ်ရှားမှုတွင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ရွာများသို့ 'အ'သုံးလုံး လုပ်အားပေးသွားရာတွင် ဘာသာစကား အခက်အခဲကိုကြုံရသည်။ ထို့ကြောင့် သင်ကြားမည့် မြန်မာစကားများ၏ ကရင်အခေါ်အဝေါ်ကို ဦးစွာလေ့လာရေးမှတ်ပြီး သင်သောအခါ ထိရောက်မှုရှိသည်ကို ကိုယ်တွေ့ကြုံရသည်။ ဤသည်ကိုလည်း နောက်လူများမှတ်သားသင့်သည်။

မျက်မှောက်ခေတ်သည် ပညာခေတ်ပီပီ ၂၁ ရာစုပညာခေတ်၏ ကမ္ဘာ့လူသားတစ်ဦးအနေဖြင့် စာတတ်မြောက်မှု (Literacy and Numeracy) ဟူသော လူ့စွမ်းရည်သည် ဧကန်မုချလိုအပ်နေပေပြီ။ 'အ'သုံးလုံးစွမ်းရည်သည် လူသားတွင်ရှိအပ်သော လူ့စွမ်းရည်ဖြစ်ရာ ၂၁ ရာစုပညာခေတ် လူ့အဖွဲ့အစည်းတွင် လူ့အခြေခံစွမ်းရည် (Basic Human Skill)လည်း ဖြစ်သည်။

အချုပ်ဆိုရသော် စာတတ်မြောက်ရေးအောင်မြင်ရန်မှာ စာတတ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ချင်း ပေါင်းစပ်ရပါမည်။ သစ်ရွက်တစ်ရွက်စီ၏ အစုအပေါင်းသည် သစ်ပင်ဖြစ်ဘိသကဲ့သို့၊ ပန်းတစ်ပွင့်စီ၏ အခိုင်အဖွဲ့သည် ပန်းခိုင်ဖြစ်ဘိသကဲ့သို့ သစ်ပင်တစ်ပင်ချင်းစီ၏ ဖြစ်တည်မှုသည် တောတောင်အထပ်ထပ်ဖြစ်ဘိသကဲ့သို့ စာတတ်သူတစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာသည် လူ့အဖွဲ့အစည်း၏ ဂုဏ်သိက္ခာဖြစ်လာပါသည်။ **"လူ့ဘောင်ပြည့်ရွာ သာယာရေး စာ တတ်မြောက်ရေးဝိုင်းကူပေး"**ဟူသော ဆောင်ပုဒ်ပမာ ၂၁ ရာစု လူ့ဘောင်သာယာရေးအတွက် စာမတတ်သူ တစ်ဦးတလေမျှမရှိသော စာတတ်သည့် လူ့အဖွဲ့အစည်း ပန်းတိုင်ဆီ တူညီညာလှမ်းပြိုင်ရပါမည်။

သို့မှသာ **"မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်"** ဟူသော မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့် ကိုက်ညီမည်ဖြစ်ပြီး ၂၁ ရာစုစာတတ်မြောက်ရေးသည် စာဖတ်တတ်ရုံသက်သက်သာ မဟုတ်မူဘဲ ကမ္ဘာကြီးကို လေ့လာသိရှိရန် စဉ်ဆက်ပညာရေးအဖြစ် အကောင်းဆုံးတီထွင်ကြံဆ၍ စွမ်းစွမ်းတမံ အားထုတ်ရမည့်အကြောင်း ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့တွင် ကျရောက်မည့် **"နိုင်ငံတကာ စာတတ်မြောက်ရေးနေ့"** ကို ဂုဏ်ပြုရင်း နိဂုံးကမ္ပတ်အဆုံးသတ်လိုက်ရပါတော့သည်။ ။

# ပင်ကုက္ကို၊ တမာလှ၊ ရာဇဌာနေ

**နေပြည်တော် စက်တင်ဘာ ၅**

နေပြည်တော် စည်ပင်ဧည့်ရိပ်သာမှ တမာပင်၊ တမာတန်း၊ တမာရိပ်၊ တမာနံ့တို့ဖြင့် မြေသာယာနေပုံကို ဖော်ထုတ်တင်ပြရပါမည်။ ယုံမင်းဝတ္ထုတွင် ဦးပုညရေးဖွဲ့ထားသည်မှာ (တည်းခိုစဖွယ်အရိပ်လည်း ကျယ်ပါသည်၊ စမ်းရေကလေး၊ အေးကအေး၊ ချိုကချို ဆရာကတော်ဖို့ တချို့ယူလိုယူ၊ လှူပါ၏၊ ပေးပါ၏၊ မြေတလင်း သဲမွေ့ရာ နတ်လာလို့ ခင်းသည်နှယ်၊ နေခင်းလဲသာပေ)။ စည်ပင်ရိပ်သာ ဝန်ထမ်းများက သန့်ရှင်းရေးလုပ်သူကလုပ်၊ ရေလောင်းသူကလောင်း၊ ပေါင်းရှင်းသူကရှင်းကြသော်လည်း မြေပြင်မှာ တမာပွင့်ဖွေးဖွေးလေးတွေက လှမြဲလှလျက်၊ အပင်မှာ ဖွေးမြဲဖွေး၊ မွှေးမြဲမွှေးပါပဲ။

နေပြည်တော် ဘောဂသီရိအဝေးပြေးကားဝင်းကြီးကတော့ ကုက္ကိုပင်၊ ကုက္ကိုရိပ်တို့ဖြင့် တစ်မျိုးအသွင်ထူးသည်ကို သတိထားမိကြပါသည်။ ဘောဂသီရိကားဝင်းအတွင်း/ အပြင်သာမက ပျဉ်းမနားတစ်ဝိုက်တွင် ဧည့်ရိပ်သာဟု ခေါ်ထိုက်ပေသည်။ ဘောဂသီရိတွင် နေထိုင်သူများ ကုက္ကိုရိပ်၏ အကျိုးကျေးဇူးကို လက်တွေ့ခံစားနေကြရပါသည်။

နားခိုရာဆို ဒီလိုမှပဲဟု စံထားစရာဖြစ်ပါသည်။ (အပေါ်ပုံ)

နေပြည်တော် တပ်ကုန်းမြို့ ဗဟိုစိုက်ပျိုးရေးခြံ၏ ခြံစည်းရိုးမှာလည်း ဤသို့ကုက္ကိုပင်များ တန်းစီရှိပါသည်။ တပ်ကုန်း ဗဟိုစိုက်ပျိုးရေးခြံမှာ ၁၉၆၈ ခုနှစ်ဝန်းကျင်တွင် သဲဆန်မြေမြေကောင်း၊ မြေသန့်၊ သင့်တင့်သော မြေဟူ၍ သုံးမျိုးရှိခဲ့ပါသည်။ နွေကာလတွင် ကုက္ကိုရွက်များကို စုပုံ၍သဘာဝမြေဆွေးပုံးများပြုလုပ်ကာ သဲဆန်သောမြေများတွင် ထည့်ပေးကြောင်း ခြံမန်နေဂျာ ဦးအောင်မြင့်ထွန်းက ပြောပါသည်။

ယခုတော့ တပ်ကုန်းဗဟိုစိုက်ပျိုးရေးခြံမှာ ညံ့တဲ့မြေဆိုတာ မရှိတော့ဘူး။ နေကြာစပ်မျိုး၊ မျိုးကောင်းမျိုးသန့်များကို နှစ်စဉ်စိုက်ပျိုးထုတ်လုပ်ပြီး ဖြန့်ပေးနေကြောင်း သိရှိရသည်။ မြန်မာဆန်ဆန်အလှပုံရိပ်များဖြစ်ပါသည်။ **တင်မြင့်(ညောင်ကန်)**

---

## လမ်းမတော်မြို့နယ် စာပေရေချမ်းစင်၌ စာအုပ်များ ထပ်မံဖြည့်တင်း

**ရန်ကုန် စက်တင်ဘာ ၅**

ပြည်သူများစာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် လူစည်ကားသော ကားဂိတ်များ၊ ဆေးရုံ၊ဈေး၊ လေယာဉ်ကွင်း၊ သင်္ဘောဆိပ်များတွင် စာပေရေချမ်းစင် (Mini Book Corner) များကို ဖွင့်လှစ်ပေးခဲ့ရာ သင်္ဘောများပေါ်တွင် စာပေရေချမ်းစင် စာစဉ် အတွဲ(၁)၊ အမှတ်(၃)ကို ထပ်မံဖြည့်တင်းပေးခဲ့သည်။ စာအုပ်များ လျော့နည်းမှုမရှိစေရန်နှင့် အချိန်မှန်ရောက်စေရန် လမ်းမတော်မြို့နယ် ဦးစီးမှူး၊ လသာမြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက လစဉ်အချိန်မီ စာအုပ်များ ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(သန္တာမေ)**

---

## ✻ ရွှေသဘာဝဓာတ်ငွေ့မှ

ကျောက်ဖြူမြို့တွင် အဆိုပါ ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ သဘာဝဓာတ်ငွေ့သုံးဂတ်စ်တာဘိုင်ကြီးများကို တည်ဆောက်ရန် အချိန်နှစ်နှစ်ခန့်ကြာမြင့်မည်ဖြစ်သော်လည်း ယင်းစီမံကိန်းများပြီးစီးသွားပါက ကျောက်ဖြူဒေသတွင်း အကောင်အထည်ဖော်မည့် အထူးစက်မှုဇုန်များ၊ ရေနက်ဆိပ်ကမ်းများသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခြင်း၊ ရခိုင်ပြည်နယ်အတွင်း သုံးစွဲ၍ ပိုလျှံသောဓာတ်အားများကို နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ ပြန်လည်ပို့လွှတ်နိုင်ခြင်း စသည့် အကျိုးကျေးဇူးများရရှိမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့အပြင် ကျောက်ဖြူဒေသ လျှပ်စစ်မီးလင်းနိုင်ရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ ထွက်ရှိလာသော ဓာတ်ငွေ့များကို ရခိုင်ပြည်နယ် ကျောက်ဖြူဒေသမှရရှိသည့် သဘာဝဓာတ်ငွေ့ဖြင့် လျှပ်စစ်မီးပေးနိုင်ရန် ဂတ်စ်အင်ဂျင်ငယ်များ တင်ဒါခေါ်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း၏ ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး စက်တင်ဘာ ၈ ရက်တွင် စတင်စမ်းသပ်ကာ စက်တင်ဘာ ၁၅ ရက်တွင် ကျောက်ဖြူမြို့ပေါ်နှင့် လျှပ်စစ်ဓာတ်တိုင်များ စိုက်ထူထားသည့် ကျေးရွာ ၂၁ ရွာအား ၂၄ နာရီ လျှပ်စစ်မီးပေးသွားမည်ဖြစ်ကြောင်း၊ ကျောက်ဖြူဒေသခံများအနေဖြင့် တစ်ယူနစ်လျှင် ၃၅ ကျပ်နှုန်းဖြင့်လည်းကောင်း၊ လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် တစ်ယူနစ်လျှင် ၇၅ ကျပ်နှုန်းဖြင့်လည်းကောင်း ပေးဆောင်ကြရမည်ဖြစ်ကြောင်း သိရသည်။

ကျောက်ဖြူမြို့တွင် ယခင်က ထရန်စဖော်မာ ငါးလုံးခန့်သာရှိခဲ့ရာမှ ယခုအခါ ထရန်စဖော်မာ ၁၇ လုံးထိ တိုးချဲ့တပ်ဆင်ထားပြီး ယခင်က မီတာအလုံးရေ ၃၈၀၀ ရှိပြီး ယခုအခါ ရပ်ကွက်ကျေးရွာများမှ လျှောက်ထားသူပေါင်း ၂၅၀၀ ထိရှိလာကာ စက်တင်ဘာ ၁၅ ရက်မတိုင်မီ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှ အမြန်ဆုံးတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်းနှင့် လျှပ်စစ်မီတာတစ်လုံးကို ကျပ် ၈၅၅၀၀ ဖြင့် တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမိုးကျော်(၅၀၉)**

---

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့်ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများသို့တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးထွန်းထွန်းနိုင်<br>ညွှန်ကြားရေးမှူးချုပ်<br>ဗဟိုစာရင်းအင်းအဖွဲ့<br>အမျိုးသားစီမံကိန်းနှင့်<br>စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေး<br>ဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့်<br>စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု<br>ဝန်ကြီးဌာန |
| (ခ) | ဦးမောင်မောင်တင့်<br>ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှု<br>အစီရင်ခံရေးဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့် စီးပွားရေး<br>ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေး<br>ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးကျော်ရွှေ | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန<br>လယ်ယာစိုက်ပျိုးရေးနှင့်<br>ဆည်မြောင်းဝန်ကြီးဌာန |
| (ခ) | ဦးစိုးတင့် | ပါမောက္ခချုပ်<br>ပြည်ထောင်စုတိုင်းရင်းသား<br>လူမျိုးများ<br>ဖွံ့ဖြိုးရေးတက္ကသိုလ်(စစ်ကိုင်း)<br>နယ်စပ်ရေးရာဝန်ကြီးဌာန |

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးသွင်မြင့်မောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(ရုံးအဖွဲ့မှူး)<br>စက်မှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုစီမံကိန်းဦးစီးဌာန<br>စက်မှုဝန်ကြီးဌာန |
| (ခ) | ဒေါက်တာဒေါ်ရီရီမြင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆေးသုတေသနဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ကျန်းမာရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဆေးသုတေသနဦးစီးဌာန<br>(အထက်မြန်မာပြည်)<br>ကျန်းမာရေးဝန်ကြီးဌာန |

---

## စက်မှုထုတ်အထည်အလိပ်များ ကိုယ်စားလှယ်ခေါ်ယူရောင်းချသွားမည်

**ရန်ကုန် စက်တင်ဘာ ၅**

စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်း ထုတ်ကုန်များကို ယခုအခါတွင် ကိုယ်စားလှယ် (Sold Agent) ခေါ်ယူ၍ ဖြန့်ဖြူးရောင်းချသည့် စနစ်ကျင့်သုံးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**

# ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ကိန်းဂဏန်းများ မှန်ကန်စွာရရှိရန်လိုအပ်

**နေပြည်တော် စက်တင်ဘာ ၅**

ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ကိန်းဂဏန်းစာရင်းအင်းများ မှန်ကန်စွာ ရရှိရန် လိုအပ်ပါကြောင်း၊ အောက်ခြေအထိတိုင် သတင်းမှန်ကန်စွာရရှိရေး ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုပူးပေါင်း ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေးတို့ကို နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အနီးကပ် လက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ Actionaid Myanmar INGO အဖွဲ့အနေဖြင့် ပြည်သူ့စီးပွားဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် လာရောက်ပူးပေါင်းကူညီ ပါဝင်ဆောင်ရွက်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းဖြင့် စက်တင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီတွင် မုံရွာမြို့ ဝင်းယူနတီဟိုတယ်ဧည့်ခန်းမ၌ တောင်အာဖရိကနိုင်ငံ အခြေစိုက် INGO အဖွဲ့အစည်းတစ်ဖွဲ့ဖြစ်သည့် Actionaid Myanmar အဖွဲ့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှု ရှင်းလင်းတင်ပြခြင်း အခမ်းအနားတွင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းထွန်း၊ ဒေါက်တာမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် Actionaid Myanmar ၏ ရည်ရွယ်ချက်၊ မူဝါဒနှင့် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ကျေးရွာလက်စွဲစာအုပ်ပါ အကြောင်းအရာ အချက်အလက်များ၊ အောက်ခြေအစပြု စီမံကိန်းရေးဆွဲခြင်းဆိုင်ရာ အကြောင်းအရာများနှင့် Actionaid International အဖွဲ့အစည်းက ဆောင်ရွက်လျက်ရှိသော အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ် အထောက်အကူပြုလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံများနှင့်အမျိုးသမီးများ၏ အခြေခံစွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ၊ လူငယ်များ၏ ပညာရေးကဏ္ဍ အထောက်အကူပြုလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးမှုလျှော့ချခြင်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို Actionaid Myanmar မှတာဝန်ရှိသူများက ရှင်းလင်းတင်ပြဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသာအေးနှင့် သစ်တောဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်တို့က သိရှိလိုသည်များကို မေးမြန်းကြရာ Actionaid Myanmar မှတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း အိမ်တွင်းမှုသင်တန်းဆင်း စက်ချုပ်လုပ်ငန်းအသက်မွေးဝမ်းကျောင်းပြုသူမိသားစုများအား အပ်ချုပ်စက်များ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စက်တင်ဘာ ၃ ရက်တွင် ကျင်းပသော ကြေးနီစီမံကိန်းနယ်မြေအတွင်းရှိ ကျေးရွာ ၃၃ ရွာမှ အုပ်ချုပ်ရေးဖွံ့ဖြိုးရေးကိုယ်စားလှယ်များ တွေ့ဆုံပွဲ အခမ်းအနားတွင် စီမံကိန်းနယ်မြေအတွင်းရှိ ပြောင်းရွှေ့ကျေးရွာသစ်များမှ အိမ်တွင်းမှုသင်တန်းဆင်း စက်ချုပ်လုပ်ငန်း အသက်မွေးဝမ်းကျောင်းပြုသူ မိသားစု ၁၇ ဦးအား ဝမ်ပေါင်ကုမ္ပဏီမှ ကူညီပံ့ပိုးသော အပ်ချုပ်စက်များအား ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

✱ မြန်မာနိုင်ငံမှ

တိုက်တွန်းလိုပါကြောင်း၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုထက်ပိုမို ဆောင်ရွက်နိုင်ကြပြီး **"ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး"** တို့အတွက် ရှေ့တန်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်းဖြင့် တိုက်တွန်းပြောကြားခဲ့သည်။

**(သတင်းစဉ်)**

# ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းထားသည့် သရေခေတ္တရာမြို့ဟောင်း ပြင်ဆင်ထိန်းသိမ်း

**နေပြည်တော် စက်တင်ဘာ ၅**

ကမ္ဘာ့အမွေအနှစ်စာရင်း သတ်မှတ်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများနှင့် နေရာဒေသများဆိုင်ရာ ထိန်းသိမ်း ကာကွယ်ရေးအဖွဲ့ (ICOMOS)မှ စစ်ဆေးရေးအဖွဲ့များက အောက်တိုဘာလအတွင်း လာရောက်စစ်ဆေးမည့် သရေခေတ္တရာမြို့ဟောင်းရှိ ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက်ရှိသည့် ဘုရားထောင်ဘုရား၊ ပျူခေတ်မင်းတစ်ပါး၏ အရိုးအိုး မြှုပ်နှံထားသည့် စေတီ၊ ဘုရားမာဘုရားကြီး၊ မိဖုရားသင်္ချိုင်း၊ အတွင်းနန်းတော်ရာ၊ နန်းမြို့ရိုးနှင့် မြို့ဝင်ပေါက်များ၊ ရဟန္တာဂူနှင့် ရဟန္တာကန် ပတ်ဝန်းကျင်ထိန်းသိမ်းထားရှိမှု၊ သရေခေတ္တရာ မြို့ဟောင်းအတွင်း ရေစီးရေလာကောင်းမွန်အောင် ရေနုတ်မြောင်းများ ပြင်ဆင်နေမှု၊ မြေယာရှုခင်းပြင်ဆင်ခြင်းလုပ်ငန်းနှင့် လမ်းညွှန်ဆိုင်းဘုတ်များ ပြင်ဆင်နေမှုတို့ကို ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်သည် စက်တင်ဘာ ၂ ရက်နှင့် ၃ ရက်တွင် ကြည့်ရှုစစ်ဆေးပြီး သရေခေတ္တရာမြို့ဟောင်းရှိ ရှေးဟောင်းအဆောက်အအုံများနှင့် စေတီပုထိုးများ ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတကာမှ ချမှတ်ထားသည့် ထိန်းသိမ်းရေးလုပ်ငန်းဆိုင်ရာမူဝါဒနှင့် အခြေခံမူများ ထိန်းသိမ်းရေးစံနှုန်းများနှင့်အညီ ရှေးမူလက်ရာမပျက် ဆောင်ရွက်ရေး၊ အဆောက်အအုံ စေတီပုထိုးများ ပတ်ဝန်းကျင်မြေယာရှုခင်းကို ပိုမိုတင့်တယ်အောင် ထိန်းသိမ်းထားရှိရေး၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရေးအတွက် ဒေသခံပြည်သူလူထု ကူညီပါဝင် ဆောင်ရွက်ရေးသည်လည်း အဓိကကဏ္ဍတစ်ရပ်ဖြစ်သဖြင့် အသိပညာပေးဆွေးနွေးခြင်းကို ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ပိုမိုကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် သရေခေတ္တရာပြတိုက် ပြခန်းပြကွက်များ အသစ်ပြင်ဆင်ခင်းကျင်းမှုကို စစ်ဆေးပြီး (ICOMOS)မှ စစ်ဆေးရေးအဖွဲ့များသည် သရေခေတ္တရာမြို့ဟောင်းမှ ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုး သတ်မှတ်ချက်ရှိသည့်နေရာများကို စစ်ဆေးသည့်နည်းတူ ပြတိုက်ကိုလည်း လေ့လာစစ်ဆေးမည်ဖြစ်ကြောင်း၊ ပြခန်းပြကွက်နှင့် ပြသပစ္စည်းများ အဆင့်အတန်းမီမီ ဆွဲဆောင်မှုရှိရှိ စိတ်ဝင်စားဖွယ်ဖြစ်အောင် ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဘုရားကြီးဝင်းအတွင်းရှိ ဒွတ္တပေါင်မော်ရုံ၌ ရုပ်မိရုပ်ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံရှိ ရှေးဟောင်းမြို့များအနက် မြို့ပြများအဖြစ် တည်ထောင်နေထိုင်သည့် ခေတ်ကာလတွင် အစောဆုံးတည်ထောင်ခဲ့ကြသော ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူခေတ်မြို့ဟောင်း သုံးမြို့အား ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရန် အဆိုပြုအမည်စာရင်းကို ကမ္ဘာ့အမွေအနှစ်ဗဟိုဌာနသို့ ပေးပို့ခဲ့ရာ ၎င်းတို့က လက်ခံခဲ့ပြီးဖြစ်ကြောင်း၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဖြစ်/မဖြစ်ကို ၂၀၁၄ခုနှစ် ဇွန်လတွင် ကျင်းပမည့် (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံတွင် ဆုံးဖြတ်မည်ဖြစ်သည်ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံ၌ လေ့လာ

**နေပြည်တော် စက်တင်ဘာ ၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ဦးဆောင်သော အဖွဲ့ဝင် ၁၄ ဦးပါ မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ပါလီမန်ဥက္ကဋ္ဌနှင့် အောက်လွှတ်တော်ဥက္ကဋ္ဌ H.E.Mr. Somsak Kiatsuranont ၏ ဖိတ်ကြားချက်အရ စက်တင်ဘာ ၁ ရက်မှ ၄ ရက်အထိ ထိုင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် စက်တင်ဘာ ၁ ရက် မွန်းလွဲပိုင်းတွင် မြဘုရားသို့သွားရောက် ဖူးမြော်ကြည်ညိုကြသည်။ စက်တင်ဘာ ၂ ရက်တွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် Amata အထူးစီးပွားရေးဇုန်သို့ သွားရောက်လေ့လာကြည့်ရှုကြရာ Amata VN Public Company Ltd., CEO Ms. Somhatai Panichewa က ရှင်းလင်းခဲ့သည်။

စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ထိုင်းပါလီမန်သို့ သွားရောက်ခဲ့ပြီး ထိုင်းနိုင်ငံကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အုပ်ချုပ်သော ဒီမိုကရေစီအစိုးရအုပ်ချုပ်နိုင်ရေးအတွက် ဦးဆောင်မှုပြုခဲ့သော ဘုရင် Prajadhipok ၏ရုပ်တုတွင် ပန်းခွေချဂါရဝပြုကြသည်။

ထို့နောက် ထိုင်းပါလီမန်ဥက္ကဋ္ဌနှင့် အောက်လွှတ်တော်ဥက္ကဋ္ဌ H. E. Mr. Somsak Kiatsuranont အား ထိုင်းပါလီမန် အဆောက်အအုံ အမှတ်(၁)၏ အထူးဧည့်ခန်းဆောင်၌ တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပထဝီအနေအထားအရ ထိုင်းနှင့်မြန်မာသည် တောင်အာရှနှင့် အာဆီယံ ဒေသကြီး၏ ကြားတွင်ရှိ၍ အရှေ့တောင်အာရှ၏ စီးပွားရေးဗဟိုချက်ဖြစ်လာမည်ဖြစ်ကြောင်း၊ နိုင်ငံရေးတွင်လည်း ဗဟိုချက်ဖြစ်ကြောင်း၊ ဥပဒေပြုကဏ္ဍအနေဖြင့် မိမိတို့လွှတ်တော်ချင်း ဆက်နွယ်ပေါင်းစည်းမှ ကဏ္ဍအားလုံးလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံဥပဒေများ အပြန်အလှန်သိနားလည်ပါက နှစ်နိုင်ငံ စီးပွားရေးလည်း ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးကဏ္ဍတွင် မိမိတို့သမ္မတ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့ပြီး ထိုင်းနိုင်ငံ၏ဝန်ကြီးချုပ်လည်း မြန်မာနိုင်ငံသို့ သွားရောက်ခဲ့ကြောင်း၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် တရားမဝင်လူကုန်ကူးမှုများကို ပူးပေါင်းတိုက်ဖျက်လျက်ရှိကြောင်း၊ မြန်မာအလုပ်သမားများ တရားဝင်ဖြစ်ရေးအတွက် ဆောင်ရွက်နေမှုကို ထိုင်းပါလီမန်ကလည်း ကူညီပေးစေလိုကြောင်း၊ ခရီးသွားလုပ်ငန်းတွင်လည်း 2 countries, one destination ဖြစ်စေလိုကြောင်း၊ ထိုသို့ဖြစ်ပါက နှစ်နိုင်ငံလုံးအတွက် အကျိုးရှိစေမည်ဖြစ်ကြောင်း၊ မိမိတို့လွှတ်တော်ချင်း လက်တွဲ၍ ပြည်သူများအကျိုးအတွက် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ထိုင်းနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ H. E.Mr. Nikom Wairatpanij အား ထိုင်းပါလီမန်အဆောက်အအုံ အမှတ်(၂)၏ အထူးဧည့်ခန်းဆောင်၌ တွေ့ဆုံခဲ့ပြီး မြန်မာလွှတ်တော်၏ဆောင်ရွက်ချက်များ၊ မြန်မာလွှတ်တော်၏ ဖွဲ့စည်းမှုများကို ရှင်းလင်းပြောကြားခဲ့ကာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ကြရန် ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ထိုင်းပါလီမန်နှင့် အောက်လွှတ်တော်ဥက္ကဋ္ဌက Shangrila Hotel တွင် တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြပြီး ထိုင်းပါလီမန် အထက်လွှတ်တော်ကျင်းပနေပုံကို သွားရောက်လေ့လာ ကြည့်ရှုခဲ့ကြသည်။**(အောက်ပုံ)**

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် အထက်လွှတ်တော်ဥက္ကဋ္ဌ H. E.Mr. Nikom Wairatpanij တို့ ထိုင်းပါလီမန်အဆောက်အအုံ အမှတ်(၂)၏ အထူးဧည့်ခန်းဆောင်၌ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

# ရန်ကုန်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၃ ပညာသင်နှစ် ပထမအသုတ် အတန်းတင်စာမေးပွဲများ အစီအစဉ်

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၃ ပညာသင်နှစ် ပထမအသုတ်အတန်းတင်စာမေးပွဲများကို ၃-၁၀-၂၀၁၃ ရက်နေ့မှ ၉-၁၀-၂၀၁၃ ရက်နေ့အထိ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေး အဝေးသင်တက္ကသိုလ်တို့၏ ဌာနခွဲများတွင် ကျင်းပမည်ဖြစ်ပါသည်။

ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် ပထမနှစ် (သိပ္ပံအထူးပြု)၊ ဒုတိယနှစ် (သိပ္ပံအထူးပြု)နှင့် တတိယနှစ်(သိပ္ပံအထူးပြု) ကျောင်းသားကျောင်းသူအားလုံးသည် မိမိတို့နှင့် သက်ဆိုင်ရာဌာနခွဲများ တည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် စာမေးပွဲဖြေဆိုကြရမည် ဖြစ်သည်။

အသေးစိတ် အစီအစဉ်ကြေညာချက်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် သက်ဆိုင်ရာဌာနခွဲများ တည်ရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

## ဒုတိယအသုတ် အနီးကပ်သင်တန်းနှင့် အတန်းတင်စာမေးပွဲများ အစီအစဉ်

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၃ ပညာသင်နှစ် ဒုတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို ၁၂-၁၀-၂၀၁၃ ရက်နေ့မှ ၂၂-၁၀-၂၀၁၃ ရက်နေ့ထိလည်းကောင်း၊ အတန်းတင်စာမေးပွဲများကို ၂၅-၁၀-၂၀၁၃ ရက်နေ့မှ ၁-၁၁-၂၀၁၃ ရက်နေ့အထိ လည်းကောင်း ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင် တက္ကသိုလ်တို့၏ ဌာနခွဲများတွင် ကျင်းပမည်ဖြစ်သည်။

ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ဥပဒေပညာ၊ အရှေ့တိုင်းပညာ အထူးပြုများ၏ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် သင်တန်းများနှင့် စတုတ္ထနှစ် ဥပဒေပညာအထူးပြု ကျောင်းသားကျောင်းသူများသည် မိမိတို့နှင့် သက်ဆိုင်ရာ ဌာနခွဲများတည်ရှိသည့်တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ပြီး အဆိုပါဌာနခွဲများတွင် စာမေးပွဲ ဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ် အစီအစဉ်ကြေညာချက်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် သက်ဆိုင်ရာဌာနခွဲများ တည်ရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ကြေညာထားမည် ဖြစ်ကြောင်း သိရသည်။

## တတိယအသုတ် အနီးကပ်သင်တန်းနှင့် အတန်းတင်စာမေးပွဲများ အစီအစဉ်

ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ ၂၀၁၃ ပညာသင်နှစ် တတိယအသုတ် အနီးကပ်ပို့ချသင်တန်းများကို ၆-၁၁-၂၀၁၃ ရက်နေ့မှ ၁၅-၁၁-၂၀၁၃ ရက်နေ့အထိ လည်းကောင်း၊ အတန်းတင်စာမေးပွဲများကို ၁၈-၁၁-၂၀၁၃ ရက်နေ့မှ ၂၅-၁၁-၂၀၁၃ ရက်နေ့အထိ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင် တက္ကသိုလ်တို့၏ ဌာနခွဲများတွင် ကျင်းပမည်ဖြစ်ပါသည်။

ဌာနခွဲအသီးသီးတွင် မှတ်ပုံတင်ထားသည့် မြန်မာစာ၊ မြန်မာ့ရာဇဝင်(?)ရသစာပေ၊ သမိုင်း၊ စီးပွားရေး၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား၊ စီးပွားစီမံ အထူးပြုများ၏ ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ် ကျောင်းသားကျောင်းသူများသည် မိမိတို့နှင့် သက်ဆိုင်ရာဌာနခွဲများတည်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် အနီးကပ်ပို့ချသင်တန်းများ တက်ရောက်ပြီး အဆိုပါဌာနခွဲများတွင် စာမေးပွဲဖြေဆိုကြရမည်ဖြစ်သည်။

အသေးစိတ် အစီအစဉ်ကြေညာချက်ကို ရန်ကုန်အဝေးသင်တက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် သက်ဆိုင်ရာဌာနခွဲများ တည်ရှိရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့၌ နေ့ခင်းကြောင်တောင် ပစ္စည်းယူလူသတ်မှုဖြစ်ပွား

**မန္တလေး စက်တင်ဘာ ၅**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဟေမာဇလရပ်ကွက်၌ စက်တင်ဘာ ၄ ရက် မွန်းလွဲ ၁ နာရီခန့်က ပစ္စည်းယူ လူသတ်မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဟေမာဇလရပ်ကွက် (၂၆)လမ်းနှင့် (၂၇)လမ်းကြား၊ (၇၇)လမ်းနှင့်(၇၈)လမ်းကြားရှိ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဝန်ထမ်းအိမ်ရာ တိုက်တန်း ငါးလွှာ အခန်းအမှတ် B-8 နေ ဒေါ်မိုးသူဇာအေး (၃၆)နှစ် လက်ထောက်အင်ဂျင်နီယာ၏ နေအိမ်၌ အိမ်ဖော်ဖြစ်သူ ဒေါ်သန်းထွေး(ခ) ဒေါ်အေးလေး (၆၃)နှစ် ဇေယျာရပ်ကွက် ဆောမြို့နေသူအား သတ်ဖြတ်၍ လက်ဝတ်ရတနာနှင့်ငွေကြေးများ ယူဆောင်သွားကြောင်း သိရသည်။

အဆိုပါ အခင်းဖြစ်နေရာသို့ မန္တလေးခရိုင်ရဲတပ်ဖွဲ့များ၊ ချမ်းအေးသာစံမြို့နယ် ရဲတပ်ဖွဲ့များ၊ မှုခင်းတပ်ဖွဲ့မှူးတို့ပါဝင်သောအဖွဲ့ သွားရောက် စစ်ဆေးမေးမြန်းခဲ့ရာ စက်တင်ဘာ ၄ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်က ဒေါ်မိုးသူဇာအေး၏ မိဘများဖြစ်သော ဦးမြင့်အောင်နှင့် ဒေါ်ဌေးကြည်တို့ အပြင်မှပြန်ရောက်လာကာ တံခါးခေါက်သော်လည်း အတွင်းမှဖွင့်မပေးသဖြင့် သမီးဖြစ်သူ ဒေါ်မိုးသူဇာအေးအား ခေါ်ယူတံခါး ဖွင့်ခိုင်းရာ အတွင်း၌ ဒေါ်သန်းထွေး(ခ)ဒေါ်အေးလေးမှာ ဘယ်ဘက်လည်ပင်းတွင် ထိုးသွင်းဒဏ်ရာ နှစ်ချက်၊ ရင်ညွန့်အလယ်တွင် ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ဘယ်ဘက်ဘေးတွင် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဘယ်လက်ကောက်ဝတ်တွင် သွေးကြောပြတ်ဒဏ်ရာတစ်ချက်တို့ဖြင့် သေဆုံးနေသည်ကိုတွေ့ရပြီး နေအိမ်မှငွေကျပ် ငါးသိန်း၊ ရွှေတစ်ကျပ်သား၊ စိန်ဆွဲသီး တစ်လုံး၊ ပုလဲစိန်လက်စွပ် တစ်ကွင်း၊ ကလေးလက်စွပ် တစ်ကွင်းတို့ကို ယူဆောင်သွားကြောင်း သိရသည်။

အဆိုပါအမှုနှင့် ပတ်သက်၍ ချမ်းအေးသာစံမြို့နယ် မြို့မရဲစခန်းက (ပ)၃၉၉/၂၀၁၃၊ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂/၃၉၂ အရ အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(မောင်ပြည်သူ-မန္တလေး)**

# နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ ဝန်ထမ်းအိမ်ရာသုံးလွှာမှ ပြုတ်ကျသေဆုံး

**နေပြည်တော် စက်တင်ဘာ ၅**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိရပ်ကွက် ဝန်ထမ်းအိမ်ရာ တိုက်အမှတ်(၁၃၆၆) အခန်း(၂၆)တွင် နေထိုင်လျက်ရှိသော ရုံးအကူယာဉ်မောင်း တာဝန်ထမ်းဆောင်နေသည့် နေလင်းအောင် အသက်(၃၀)နှစ်သည် စက်တင်ဘာ ၅ ရက် နံနက် ၆ နာရီခွဲခန့်တွင် ဝန်ထမ်းအိမ်ရာလေးလွှာတိုက်၏ သုံးလွှာမြောက် အခန်း(၂၆)မှ ပြုတ်ကျသေဆုံးကြောင်း သိရသည်။

အဆိုပါသေဆုံးမှုဖြစ်ပွားကြောင်း အကြောင်းကြားသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးစောလင်းနှင့် အမှတ်(၃)နယ်မြေရဲစခန်းမှူး ရဲအုပ်ထွန်းထွန်းဦးနှင့် အဖွဲ့လာရောက်စစ်ဆေး၍ ခုတင်(၁၀၀၀)ဆေးရုံသို့ ပို့ဆောင်ပြီး အမှတ်(၃) နယ်မြေရဲစခန်းက သေမှုသေခင်း အမှတ် ၂/၂၀၁၃ အရ အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကျော်သူရ-နေပြည်တော်)**

# အထက်ပိုင်းဒေသများ မိုးအနည်းငယ်ပိုလာနိုင်

**နေပြည်တော် စက်တင်ဘာ ၅**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးအနည်းငယ်ပိုလာနိုင်သည်။

# ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် မကွေးမြို့ နန်းထိုက်သူဟိုတယ်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ခရီးသွားလုပ်ငန်းဆိုင်ရာများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်များနှင့် ရွှေစက်တော်ဘေးမဲ့တောဖော်ဆောင်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# လက်ထောက်ဆရာဝန်သစ်လွင်များ သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၅**

တောင်ပေါ်၊ မြေပြန့်၊ တောနှင့် မြို့မခွဲခြားဘဲ ကျရာနေရာတွင် တာဝန်ကျေပွန်စွာဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ကြရန် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်က စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီးရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ ကျင်းပသည့် လက်ထောက်ဆရာဝန်သစ်လွင်များ (အထူး)သင်တန်း အမှတ်စဉ်(၄) ဖွင့်ပွဲတွင် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြည်သူများအားထားယုံကြည်ပြီး အရည်အသွေးပြည့်ဝသော ကျွမ်းကျင်ဆရာဝန်များ ဖြစ်စေရန် ပြည်တွင်းပြည်ပ သင်တန်းများကို နိုင်ငံတော်မှခွင့်ပြုစေလွှတ်လျက်ရှိကြောင်း၊ တိုးတက်ပြောင်းလဲလျက်ရှိသော အဆင့်မြင့်ဆေးပညာရပ်များကို လေ့လာသင်ယူနိုင်စေရန် ဆောင်ရွက်ပေးနေသကဲ့သို့ ခေတ်မီစက်ကိရိယာပစ္စည်းများနှင့် ဆေးဝါးများကိုလည်း ဝယ်ယူဖြည့်တင်းလျက်ရှိကြောင်း၊ ဝန်ထမ်းရေးရာ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ သဘောတရားများကို သေချာစွာ လေ့လာမှတ်သားပြီး ကိုယ်ရည်ကိုယ်သွေး ပိုမိုပြည့်ဝအောင် ကြိုးပမ်းကြစေလိုကြောင်း၊ နိုင်ငံတော်၏ ကျန်းမာရေး စောင့်ရှောက်မှုအဆင့်အတန်း မြင့်တင်ရေးတွင် သင်တန်းသား သင်တန်းသူများ၏အင်အား အမှန်တကယ်ပင် လိုအပ်ပါကြောင်း၊ ကျန်းမာရေး ဝန်ကြီးဌာန၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းကာ မြင့်မြတ်သော ဆရာဝန်ကျင့်ဝတ်၊ ဂုဏ်သိက္ခာများနှင့်အညီ နေထိုင်ကြရန် မှာကြားသည်။

သင်တန်းသို့ သစ်လွင်လက်ထောက်ဆရာဝန် ၃၃၃ ဦး တက်ရောက်ကြပြီး ရက်သတ္တရှစ်ပတ်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဖောင်ကြီးတိုက်နယ်ဆေးရုံ၊ ကြို့ကုန်းကျေးလက်ကျန်းမာရေးဌာန၊ ကလီထော်ကျေးလက်ကျန်းမာရေးဌာနနှင့် လှည်းကူးမြို့နယ်ပြည်သူ့ဆေးရုံတို့သို့ လှည့်လည်စစ်ဆေးသည်။

မြန်မာနိုင်ငံ၏ အဓိကဆေးဝါးများစာရင်းကို ပြန်လည်ဆန်းစစ်၍ ခေတ်နှင့်အညီ ပြင်ဆင်ပြုစုရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ(Review and Revision of National List of Essential Medicines Workshop) ပိတ်ပွဲအခမ်းအနားကို ညနေ ၄ နာရီတွင် အဆိုပါ ဝန်ကြီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက မိမိနိုင်ငံအတွက်လိုအပ်သည့် အဓိကဆေးဝါးများနှင့် ဖြည့်စွက်ဆေးဝါးများစာရင်းကို ခေတ်နှင့်အညီပြောင်းလဲလာသည့်ကုထုံးများ၊ နည်းပညာများအပေါ် အခြေခံကာ WHO Model List များအား ကိုးကားပြီး ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ကြကြောင်း၊ နှစ်ရက်တာ ဆွေးနွေးခဲ့သည့် ရလဒ်များအပေါ် အခြေခံပြီး Task force committee ကလည်း ထပ်မံဖြည့်စွက်လိုသော သို့မဟုတ် ထုတ်ပယ်လိုသော ဆေးတစ်မျိုးချင်းစီအတွက် Evidence Based အထောက်အထားများရှာဖွေကာ ဆက်လက်ညှိနှိုင်း ဆွေးနွေးပြီး Final draft ထွက်သည်အထိ ညှိနှိုင်း ဆောင်ရွက်ပေးကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

○ **လစူးစမ်းလေ့လာရေးယာဉ်မှ**

တရုတ်အာကာသအေဂျင်စီသည် လစူးစမ်းလေ့လာရေးအစီအစဉ် ပထမအဆင့်အရ လဆိုင်ရာမြေပုံတစ်ခုကို ရေးဆွဲခဲ့ပြီးဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင် ချန်ဂီ-၁ ဂြိုဟ်ဆင်းယာဉ်ကို လပေါ်သို့ စေလွှတ်ခဲ့ပြီး လမျက်နှာပြင်ဖွဲ့စည်းပုံကို သုံးဖက်မြင်မြေပုံထုတ်နိုင်ခဲ့ခြင်းဖြစ်သည်။

၂၀၁၀ ခုနှစ်တွင် ချန်ဂီ-၂ ဂြိုဟ်ဆင်းယာဉ်ကို စေလွှတ်ခဲ့ပြီး လမျက်နှာပြင်မှ ကီလိုမီတာ ၁၀၀ အကွာအဝေးအတွင်းနေရာကို မြေပုံထုတ်ခဲ့သည်။

# သတိပေးနှိုးဆော်ချက်

ယခုအခါ မိုးရာသီကာလ ရောက်ရှိနေပြီဖြစ်ပါ၍ ပင်လယ်ကမ်းရိုးတန်းများနှင့် မြစ်ချောင်းကမ်းဘေးများတွင် နေထိုင်သော ပြည်သူများသည် ရုတ်တရက်ရေကြီးရေလျှံမှုကြောင့် ဘေးအန္တရာယ်များ ကြုံတွေ့နိုင်သည့်အပြင် ပင်လယ်၊ မြစ်ချောင်းများတွင် သွားလာနေသော ရေယာဉ်များသည်လည်း ရာသီဥတုကြောင့်လည်းကောင်း၊ မတော်တဆမှုကြောင့်လည်းကောင်း၊ တိမ်းမှောက်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ရေဘေးအန္တရာယ်ကြောင့် မိဘပြည်သူများ အသက်ဆုံးရှုံးမှုမရှိစေရန် အိမ်တိုင်း၊ ရေယာဉ်တိုင်းတွင် အသက်ကယ်ဝတ်စုံ (Life Jackets) များ ဆောင်ထားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မီးသတ်ဦးစီးဌာန**

# ရင်ထုပြီးခံစားရပါတယ်

ဇော်ဒဂုန်

ငယ်ငယ်ကကြည့်ခဲ့တဲ့"ဗိမ္ဗိသာရ"ရုပ်ရှင်မှာ အောင်မင်း ဦးတင်မောင်က ဗိမ္ဗိသာရမင်းကြီးသရုပ်ဆောင်ပြီး ဦးဝင်းဦးက "အဇာတသတ်" မင်းသားဖြစ်ပြီး ဒေါ်ကြည်ကြည်ဌေးက "အဇာတသတ်" ရဲ့ မယ်တော်ကြီးအဖြစ် သရုပ်ဆောင်ခဲ့ပါတယ်။ နာမည်ကြီးသရုပ်ဆောင်များ ဖြစ်ကြတဲ့အတွက် ဇာတ်ကားရဲ့ ပြည့်စုံကောင်းမွန်မှုဟာ ပြောစရာမလိုအောင် ကောင်းမွန်တဲ့အတွက် ရင်ထဲမှာ နင့်နေအောင်ခံစားစိတ်မကောင်းဖြစ်ခဲ့ရပါတယ်။ စိတ်မကောင်းဆုံးဖြစ်ရတဲ့နေရာ ဇာတ်ကွက်လေးကတော့ "အဇာတသတ်" မင်းသားက သားတော်လေးမွေးတော့ ချစ်လွန်းလို့ သူ့ရဲ့မယ်တော်ကို ခမည်းတော်ကရော သားတော်ကို ယခုလိုမျိုးချစ်ရဲ့လားလို့ မေးတော့ အမေးခံရတဲ့ မယ်တော်ဟာဝမ်းနည်းပက်လက် "ရင်ထုမနာ"ဖြစ်လွန်းလို့ ရင်ဘတ်ကိုထုထုပြီး ဘယ်ရွေ့ဘယ်မျှချစ်ကြောင်း ပြောပြတဲ့နေရာဟာ တော်တော်ရင်နင့်စိတ်မကောင်းစွာနဲ့ ကိုယ်ပါရောပြီး ရင်ထုငိုချင်ခဲ့ပါတယ်။

ကျွန်မအခုလည်းပဲ မယ်တော်လိုမျိုး "ရင်ထုပြီး" ငိုချင်တဲ့ အဖြစ်နဲ့ ကြုံတွေ့ခံစားနေရပါတယ်။

ကျွန်မမြောက်ဒဂုံ (၃၀) ရပ်ကွက် ငွေသီရိလမ်းကို လွန်ခဲ့တဲ့ငါးနှစ်က ရောက်ခဲ့ပါတယ်။ ကျွန်မအိမ်ရှေ့တစ်ဖက်လမ်းမှာ နည်းနည်းကျယ်တဲ့ ရေမြောင်းတစ်ခုရှိပါတယ်။ မြောင်းထဲမှာ ပိုက်တစ်ခုချထားပါတယ်။ အဲဒီရေမြောင်းပေါ်မှာ သစ်သားတန်းလေးသုံးလေးချောင်းတင်ပြီး ဖြစ်သလိုပဲ သွားလာနေရပါတယ်။ လူပဲလျှောက်လို့ရပါတယ်။ စက်ဘီး၊ ဆိုက်ကား၊ ကားလုံးဝဝင်လို့ မရပါဘူး။ ရေမြောင်းက ရပ်ကွက်အဝင်ဖြစ်တဲ့အတွက် ရပ်ကွက်ထဲသို့ သွားရေးလာရေး အလွန်ခက်ခဲပါတယ်။ ရပ်ကွက်အနေအထားကလည်း အစိုးရချေးငွေကို တော်တော်များများ ချေးသုံးရတဲ့ အိမ်ထောင်စုအများအပြားရှိပြီး အတိုးကို လည်ပတ်အောင်ဆပ်နေရတာပါ။ ဘယ်သူမှ "ကိုယ်ထူကိုယ်ထ" မလုပ်နိုင်ကြပါဘူး။ စားဝတ်နေရေးက အရေးကြီးပါတယ်။ ကျွန်မတံတားလုပ်ရန်အတွက် ငွေနည်းနည်းစုခဲ့ပါတယ်။ စုရတဲ့ငွေလေးနဲ့ တံတားလေးအခိုင်အမာလုပ်ပြီး လှူပေးခဲ့ပါတယ်။ ကျွန်မတို့အားလုံး အသွားအလာ မပင်ပန်းဘဲ လွယ်ကူစွာသွားရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ဩဂုတ် ၂၄ ရက်ကတော့ ဆိုင်ရာအဖွဲ့က လာပြီး ရေစီးရေလာကောင်းမွန်ရေးအတွက် ခင်းထားတဲ့ တံတားကိုထိုးခွာသွားခဲ့ပါတယ်။ အဲဒီရေမြောင်းပေါ်မှာ လူလမ်းလျှောက်ဖို့ဆိုပြီး သစ်ပင်လေးတစ်ပင် ခုတ်ပြီးချပေးခဲ့ပါတယ်။ ကျွန်မတို့က မေးပါတယ်။ သွားလို့ရအောင် တံတားထိုးပေးမှာလားလို့ မေးတော့ ရပ်ကွက်က "ကိုယ်ထူကိုယ်ထ" လုပ်ပါ လို့ပြောပါတယ်။

"ကိုယ်ထူကိုယ်ထ" ဆိုတဲ့စကားကို လွယ်လွယ်ပေါ့ပေါ့ပါးပါး ပြောသွားပေမယ့် "ကိုယ်မထူကိုယ်မထ" နိုင်လို့ ဆင်းရဲမွန်းသိလို့ အစိုးရကတောင် ငွေချေးပေးနေရတဲ့ လူထုကို သူတို့မို့လို့ ပြောရက်တယ်။ အဇာတသတ်ရဲ့ မယ်တော်လိုပဲ ရင်ထုထုပြီး ဝမ်းနည်းနေမိပါတယ်။ လမ်းလျှောက်လို့မရတဲ့ တံတားကို ကြည့်ကြည့်ပြီး ရင်နာမိပါတယ်။ ရပ်ကွက်လူထုလမ်းလျှောက်ဖို့ တံတားဆောက်မပေးတဲ့အပြင် ရှိပြီးသားတံတားကိုဖျက်ပြီး ဒီအတိုင်း 'ငါလုပ်မပေးလည်း ဘာတတ်နိုင်လဲ'ဆိုတဲ့ စိတ်နဲ့ထားခဲ့တာကို အင်မတန်ရင်နာမိပါတယ်။ စိတ်မကောင်းဖြစ်ရပါတယ်။ ကျွန်မလည်း ထပ်မလှူနိုင်တဲ့အတွက် ရပ်ကွက်နေ လမ်းသွားလမ်းလာတွေ အဆင်ပြေနိုင်စေရန် "ဘာလုပ်ပေးမှာလဲ" လို့ မေးချင်မိနေပါတယ်။ ။

# ကားခနှင့် သဘော်ခများ ဈေးနှုန်းကျဆင်းလာသည့် ရန်ကုန်-မော်ကျွန်းခရီးစဉ်

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်-မော်ကျွန်းခရီးစဉ်တွင် ရေလမ်းသဘော်ခနှင့် ကုန်းလမ်းကားခဈေးနှုန်းများ ကျဆင်းလာရာ ခရီးသွားများအဆင်ပြေစွာ သွားလာနိုင်ကြောင်း ဒေသခံများက ဆိုသည်။

ရန်ကုန်-မော်ကျွန်း မိုင် ၁၀၀ ရေလမ်းခရီးတွင် ရှပ်ပြေးနှစ်ထပ်ရေယာဉ်သဘော်ခ ကျပ် ၂၅၀၀နှုန်း၊ လူစီးကုန်တင်ပုဂ္ဂလိနှစ်ထပ်ရေယာဉ် သဘော်ခ ကျပ် ၂၀၀၀နှုန်း၊ ပြည်တွင်းရေကြောင်း သဘော်ခ ကျပ် ၂၀၀၀ နှုန်းရှိရာမှ စက်တင်ဘာ ၅ ရက်မှစ၍ ရှပ်ပြေးနှစ်ထပ်ရေယာဉ် နေ့စဉ်နှစ်စင်းနှုန်း အပြိုင်ပြေးဆွဲမည်ဖြစ်ပြီး ရေယာဉ်လိုင်းတစ်လိုင်းမှ သဘော်ခ ၄၀ ရာခိုင်နှုန်းလျှော့၍ လူတစ်ဦးလျှင် ကျပ် ၁၅၀၀ နှုန်းဖြစ်ကြောင်း ယင်းရေယာဉ်လိုင်း၏ မော်ကျွန်းမြို့တွင်း လိုက်လံချိတ်ဆက်ထားသော ကြော်ငြာများတွင် ဖော်ပြထားသည်ဟု မော်ကျွန်းမြို့သားတစ်ဦးက ဆိုသည်။

အလားတူ ကားခမှာ လူတစ်ဦးလျှင် ကျပ်၃၀၀၀ နှုန်းရှိရာမှ စီးလုံးငှား တက္ကစီယာဉ်မျိုးစုံ ပြေးဆွဲမှုရှိလာ၍ ကျပ် ၂၅၀၀ နှုန်းသို့ လျှော့ချလာကြောင်း လိုင်းကားဖြင့် လာရောက်သူဒေသခံတစ်ဦးက ဆိုသည်။

ရေလမ်းခရီးတွင် ၂၀၁၂ မတိုင်မီ ပုဂ္ဂလိက လူစီးကုန်တင်နှစ်ထပ် ရေယာဉ်သဘော်ခ ကျပ် ၁၅၀၀ နှုန်းဖြစ်သော်လည်း ယခုအခါ ကျပ် ၂၀၀၀ နှုန်းကောက်ခံနေကြောင်း၊ ကုန်အဓိကထားတင်ဆောင်၍ သဘော်ခအများစု ဝင်ထွက်ချိန်မမှန်ကြောင်း၊ ပြည်တွင်းရေကြောင်း သဘော်ခမှာ နှစ်နှစ်ဝန်းကျင် ကာလအတွင်း သုံးကြိမ်ပြောင်းလဲမှုကြောင့် ယခင်သဘော်ခ ကျပ် ၅၀၀ မှ ယခု ကျပ် ၂၀၀၀ နှုန်းသို့ မြင့်တက်လာပြီး မော်ကျွန်းဆိပ်ကမ်းသို့ နေ့စဉ် နံနက် ၈ နာရီကျော်မှ ရောက်ရှိသဖြင့် မော်ကျွန်းခရီးသည် စီးနင်းမှုနည်းကြောင်း သိရသည်။

ရှပ်ပြေးနှစ်ထပ်သဘော်ခ ၄၀ ရာခိုင်နှုန်း လျှော့ချလာသဖြင့် ပုဂ္ဂလိက လူစီးကုန်တင်သဘော်များလည်း သဘော်ခဈေး ကျလာနိုင်ကြောင်း၊ ကုန်အဓိကထားတင်ဆောင်သည့် ယင်းသဘော်များသည် ရန်ကုန်ဆိပ်ကမ်းတွင် နေ့စဉ် ဧရာဝတီတိုင်းဒေသကြီးနှင့်ရန်ကုန်တိုင်းဒေသကြီး အခြေပြုတစ်စင်းစီအပြိုင်ထွက်ကြရာ ရန်ကုန်မှ မော်ကျွန်းသို့ တင်ပို့ကုန်ရရှိရေး အပြိုင်ကုန်တင်ပို့သူများအား စည်းရုံးလုပ်ဆောင်နေကြောင်း သိရသည်။

သဘော်ခ၊ ကားခများ ဈေးနှုန်းမြင့်တက်နေသည့် အချိန်တွင် အပြိုင်အဆိုင်ပြေးဆွဲမှုမှ ဈေးနှုန်းများလျှော့ချမှုသည် ခရီးသည်များအပေါ် ငွေကြေးသက်သာစေမှု ဖြစ်စေသကဲ့သို့ ဝန်ဆောင်မှုကောင်းသည့် ယာဉ်များကို ရွေးချယ်စီးနင်းခွင့်ရရှိလာကြောင်း၊ ဆင်းရဲမှုလျှော့ချရေးအတွက် အထောက်အကူပြုစေသည့် သယ်ယူပို့ဆောင်ရေး စရိတ်များကျဆင်းမှုမျိုးကို ရန်ကုန်မြို့တွင်း ခရီးသွားသယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ရှိစေလိုသည်ဟု ရန်ကုန်ရောက် မော်ကျွန်းမြို့သားတစ်ဦးက ဆိုသည်။

**(မောင်စေအောင်)**

# မြိတ်ဒေသထွက် ရေထွက်ကုန်ပစ္စည်းများ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိ

**မြိတ် စက်တင်ဘာ ၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ရေလုပ်ငန်းကုမ္ပဏီသည် မြိတ်ခရိုင်အတွင်းရှိ ကမ်းနီးကမ်းဝေးငါးဖမ်းလှေများမှ ဖမ်းယူရရှိသောဒေသပစ္စည်းများကို ပြန်လည်ဝယ်ယူ၍ မြိတ်မြို့နယ် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနတွင် ပို့ကုန်လိုင်စင်ရယူပြီး ငါးလုပ်ငန်းဦးစီးဌာန၌ INVOICE ဖွင့်လှစ်ကာ စစ်ဆေးမှုခံယူ၍ နိုင်ငံခြားငါးဈေးကွက်များသို့ Normal Trade စနစ်ဖြင့် တင်ပို့ရောင်းချလျက်ရှိရာ စက်တင်ဘာ ၂ ရက်တွင် ထိုင်းနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၁၆၅၀၉၃ ဒသမ ၅၀ တန်ဖိုးရှိငါးမျိုးစုံ ၁၆၂၀၄၀ ကီလို၊ အမေရိကန်ဒေါ်လာ ၁၂၈၄၄ တန်ဖိုးရှိ ရေချန်ပုစွန် ၂၄၈၀ ကီလို၊ အမေရိကန်ဒေါ်လာ

၂၇၅၀၀ တန်ဖိုးရှိ ငါးမုန့် ၅၀၀၀၀ ကီလိုနှင့် အမေရိကန်ဒေါ်လာ ၂၁၂ ဒသမ ၅၀ တန်ဖိုးရှိ သဲဂဏန်း ၁၇၀ ကီလို စုစုပေါင်းရေထွက်ကုန်ပစ္စည်းမျိုးစုံ ၂၁၄၆၉၀ ကီလို တင်ပို့ရောင်းချနိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၀၅၆၅၀ ရရှိခဲ့ကြောင်း သိရသည်။

**မိုးဟိန်း (မြိတ်)**

# ကလေးများ ကြီးထွားရှင်သန်ရန်

**ယုဝတီခင်ဦး**

ကလေးတစ်ဦး၏ အရပ်အမောင်းနှင့် ကြီးထွားတိုးတက်မှုတို့သည် ၎င်းကလေးငယ်၏ ကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးမှုတို့အပေါ်တွင် မူတည်နေသည်။ ပုံမှန်အရပ်အမောင်းနှင့် အလေးချိန်ကို တစ်သမတ်တည်း မှတ်သားထားရန်လည်း ခက်လိမ့်မည်။ အရပ်ရှည်သော မိဘမှမွေးသောကလေးသည် မည်သို့ပင်ဆိုစေ အရပ်နှင့် ကိုယ်အလေးချိန်ကို ပေါင်ချိန်ဇယားကွက်တွင် ထည့်သွင်း၍ မှတ်တမ်းတင်ထားလျှင် ကလေး၏အရပ်နှင့် ခန္ဓာကိုယ်အလေးချိန် ကြီးထွားတိုးတက်မှုနှုန်းနှင့် လျော့နည်းမှုနှုန်းတို့ကိုကြည့်၍ ကလေး၏ ကျန်းမာမှုနှင့် အာဟာရပြည့်ဝမှုအခြေအနေကိုသိသာနိုင်ပေသည်။

အစားအစာစားရာတွင် ကြက်သား၊ ဝက်သား၊ အမဲသားစားရမှ အာဟာရဓာတ် ပြည့်ဝသည်မဟုတ်ပေ။ ပဲအမျိုးမျိုးစားလျှင် အသားဓာတ်နှင့်တူသည်။ ဆန်မစားလိုလျှင် ဂျုံ၊ ပြောင်း၊ အာလူး၊ မြောက်ဥ၊ ကန်စွန်းဥတို့ စားနိုင်သည်။ ဟင်းသီးဟင်းရွက် သစ်သီးဝလံတို့မှာ သက်စောင့်ဓာတ်များဖြစ်၍ မစားမဖြစ် စားရမည့် အာဟာရဓာတ်ပင်ဖြစ်သည်။

ငါးမှာ အလွန်အဖိုးတန်သည်။ ခေတ်မီသူတိုင်း၊ အရပ်အမောင်းကြီးထွားဖွံ့ဖြိုးလိုသူတိုင်းစားကိုစားသင့်သည်။ ငါးမှရသောအဆီသည် ငါးကြီးဆီဓာတ်ကို စားသုံးရသကဲ့သို့ အားရှိသည်။ ငါးထဲမှအရိုးသည် ကယ်လ်စီယမ်ဓာတ်အပြည့်အဝပါသည်။ ငါးအသားမှာ ကြီးထွားဓာတ်ပင်။

ပင်လယ်ငါးစားလျှင် အိုင်အိုဒင်းဓာတ်ပါ၍ ဉာဏ်ကောင်းသည်။ အဘိုး၊ အဘွား၊ လယ်သမားကြီးများခေတ်တွင် ငါးပိရည်၊ လယ်ထဲမှကနဖော့၊ လယ်ပတူ၊ ကန်စွန်းရွက်တို့စရာနှင့် မောင်းထောင်းဆန်တို့ကိုစားပြီး အရပ်မြင့်မြင့် ရင်အုပ်ထွားထွားနှင့် ကြီးထွားကြသည်။ ဗလကောင်းကြသည်။

ယခုခေတ်တွင် ကလေးတို့မှာအာဟာရဖြစ်မည့် အစားအစာများထက် သရေစာများကို တမြုံ့မြုံ့ဝါးစားနေသည်ကို တွေ့ရသည်။ ကလေးများလက်ထဲတွင် အထုပ်ကလေးတွေကိုင်၍ ဝါးနေလျှင် အဆာပြေစားနေသည် မဟုတ်ဘဲ ဗိုက်အဝစားသည်က များသည်။ အင်အားဓာတ်(ခေါ်)ကစီဓာတ် (ခေါ်) ကယ်လိုရီဓာတ်၊ အသားဓာတ်(ခေါ်) ကြီးထွားဓာတ်(ခေါ်) ပရိုတင်းဓာတ်၊ ဗီတာမင်ဓာတ်(ခေါ်) သက်စောင့်ဓာတ်(ခေါ်) ရောဂါကာကွယ်ဓာတ်တို့ကို မျှတအောင်စားလျှင် အာဟာရဓာတ်ပြည့်စုံပြီး ကလေးသည် ကြီးထွားမည်၊ ဉာဏ်ကောင်းမည်၊ ကျန်းမာမည်ဖြစ်ပေသည်။

အာဟာရဓာတ်ရရန် အာဟာရတွေချည်း ဖိကျွေး၍မဖြစ်ပေ။ လေကောင်းလေသန့်ရအောင်ပတ်ဝန်းကျင်ကလည်း သန့်ရှင်းဖို့အရေးကြီးသည်။ ပြေးခုန်ကစားခြင်းဖြင့် ကလေးစားသမျှအစာကြေပြီး ကြီးထွားသန်မာမည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးသာ အရေးကြီးသည်မဟုတ်ပါ။ တစ်ကိုယ်ရေသန့်ရှင်းမှုကလည်း များစွာအရေးကြီးသည်။ ဖုန်၊ မြေကြီးများနှင့် ဆော့ကစားလာသော ကလေး၏လက်ကိုသာ ဆပ်ပြာနှင့်ဆေးရမည် မဟုတ်၊ ခြေထောက်ကိုပါ ဆေးကြောပေးမှ ရောဂါပိုးမွှားများ ကင်းစင်မည်ဖြစ်ပေသည်။

အရပ်မြင့်သော၊ ကာယဗလတောင့်တင်းသော အမျိုးသားများ၊ ကိုယ်လုံးကိုယ်ထည် လှလှပပ၊ အရပ်အမောင်းကြည့်ကောင်းသောအမျိုးသမီးများသည် ကျန်းမာပြီးအာဟာရမျှတမှုကြောင့်သာ ဖြစ်ပေသည်။ အသက်ကြီးမှအရပ်မြင့်ချင်၊ ဗလသန်စွမ်းချင်၍မရ။ ငယ်စဉ်ကလေးအရွယ်ကတည်းက အာဟာရမျှတပြီး ကျန်းမာရေးကောင်းခဲ့မှသာ သက်လုံကောင်းမည်ဖြစ်ပေသည်။ အစားအစာတစ်ခုတည်းနှင့် မပြီး၊ ငယ်ရွယ်စဉ်ကတည်းက ရောဂါကာကွယ်သော ဆေးများကိုထိုး၍၊ တိုက်၍ ကာကွယ်ခဲ့ရပေမည်။

ဘောင်ဝင်သော အရပ်အမောင်းနှင့် ကိုယ်အလေးချိန်ပျမ်းမျှခြင်း ခန့်မှန်းနည်းများကို မိခင်များဗဟုသုတရရှိထားသင့်ပေသည်။

**မွေးစကလေး ပျမ်းမျှခြင်းအလေးချိန်နှင့် ကိုယ်ခန္ဓာအရှည်အလျား**

-ကိုယ်အလေးချိန် ၇ ပေါင် ၅ အောင်စ ရှိသင့် (ပုံမှန် ၆ ပေါင်မှ ၁၀ ပေါင်)

-ကိုယ်အရှည်အလျား ၂၀ လက်မ (၅၀ စင်တီမီတာ) (ပုံမှန် ၁၈ ဒသမ ၅ လက်မ)မှ (၂၁ ဒသမ ၅ လက်မ)

-ဦးခေါင်းပတ်ချာလည် တိုင်းကြည့်လျှင် ၁၃ ဒသမ ၈ လက်မ (၃၅ စင်တီမီတာ) (ပုံမှန် ၃၃ မှ ၃၇ စင်တီမီတာ)

-ပေါင်မပြည့် လစော၍မွေးသော ကလေးငယ်၏ အလေးချိန်မှာ ၅ ဒသမ ၅ ပေါင်ထက်လျော့နည်းမည်။

(၂ ဒသမ ၅ ကီလိုဂရမ်ထက် လျော့မည်။)

**ပျမ်းမျှခြင်းအလေးချိန်နှင့် အသက်အရွယ်များ**

-၅ လသားအရွယ်တွင် မွေးကင်းစ ကိုယ်အလေးချိန်နှစ်ဆရှိရမည်။

-၁၂ လသားတွင် မွေးကင်းစ ကိုယ်အလေးချိန်ထက် သုံးဆ။

-ကလေးအသက် နှစ်နှစ်တွင် မွေးစအလေးချိန်ထက် လေးဆ။

-ကလေးအသက် တစ်နှစ်မှ ၆ နှစ်အရွယ်တွင် (အသက်X၅)+၁၇ပေါင်

-ကလေးအသက် ခုနစ်နှစ်မှ ၁၂ နှစ်အရွယ်တွင်(အသက်X၇)+၅ပေါင်

**ပျမ်းမျှအရပ်အမောင်းနှင့်အသက်အရွယ်များ**

-ကလေး ၄ နှစ်တွင် မွေးစကိုယ်အရှည်အလျားနှစ်ဆ

-(၁၃ နှစ်တွင် မွေးစအရှည်သုံးဆ)

-၂ နှစ်မှ ၁၄ နှစ် အရပ်အမြင့်မှာ(အသက်X၂ ဒသမ ၅)+၃၀

(တစ်ပေ=၁၂ လက်မ၊ တစ်လက်မ=၂ ဒသမ ၅ စင်တီမီတာ)

မိခင်များတွင် မိခင်ကလေး ကျန်းမာရေးဌာန၊ မိခင်ကလေးစောင့်ရှောက်ရေး အသင်းတို့မှ ကလေးငယ် တို့အတွက် တစ်လတစ်ခါ ပေါင်ချိန်ဇယားကွက်ကို ရရှိပြီးကြမည်ဖြစ်သည်။ ဇယားကွက်တွင် ပါဝင်သော အောက်ဆုံးတန်းပေါ် ပေါင်ချိန်အဆင့်တွင်ရှိလျှင် ကျန်းမာရေးညံ့၊ အပေါ်ဆုံးတန်းအပေါ် ပေါင်ချိန်ရှိလျှင် ကျန်းမာရေးကောင်း၊ အလယ်တွင်ရှိလျှင် ကျန်းမာရေးသင့်မည်။ သို့ရာတွင် ပေါင်ချိန်တက်ရမည့်အစား ပေါင်ချိန်ကျမသွားရန် မိခင်များ၏ အသိဉာဏ်၊ လက်တွေ့ပြုစုမှု၊ ဗဟုသုတများပေါ်တွင် မူတည်နေပါသည်။ မိသားစုကျန်းမာရေးအခြေအနေတိုးတက်ရန် ပုခက်လွှဲသော မိခင်များ၏ အလိမ္မာ ဗဟုသုတ၊ ဉာဏ်ပညာများ၊ ထက်မြက်မှုများ ရှင်သန်နေပါစေဟု ဆန္ဒပြုမိပါသည်။ ။

## ကျွန်တော်တို့ ပင်စင်တိုးမြှင့်ငွေမရသေးပါခင်ဗျား

**မော်လမြိုင် စက်တင်ဘာ ၅**

ကျွန်တော်သည် မော်လမြိုင်မြို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ သက်ပြည့်အငြိမ်းစားပင်စင်ခံစားနေသူတစ်ဦး ဖြစ်သည်။ ကျွန်တော်တို့ဌာနရှိပင်စင်စားများမှာ ပင်စင်လစာငွေများကို မိမိတို့ဌာနတွင်ပင် ထုတ်ယူရသူများဖြစ်သည်။ ပင်စင်ဦးစီးဌာနမှ အသိပေးချက်များကို ကြေးမုံသတင်းစာတွင် မကြာခဏပါ၍ ရနိုးနိုးဖြင့်စောင့်မျှော်နေသော်လည်း ယခုဩဂုတ်လကုန်အထိ မိမိတို့ဌာနခွဲမှ ပင်စင်စား ၂၅၀ ကျော်သည် တိုးမြှင့်ပင်စင်ကိုခံစားရခြင်းမရှိသေးပါ။ ပင်စင်ဦးစီးဌာနမှ ၉၇ ရာခိုင်နှုန်းကျော် တွက်ချက်ပေးပြီးဟု ကြေညာသည်ကိုတွေ့ရှိရသည်။ မိမိတို့မှာ ကံဆိုးစွာဖြင့် ကျန် ၃ ရာခိုင်နှုန်းထဲတွင် ပါရှိသူများဖြစ်နေပါကြောင်း တင်ပြအပ်ပါသည်။

**(ကိုသံလွင်)**

## သန်လျင်၌ မြင်းလှည်းဆရာများ အခက်တွေ့

**သန်လျင် စက်တင်ဘာ ၅**

သန်လျင်တွင် ယခင်က မြင်းလှည်း၊ ဆိုက်ကားများမှာ မြို့၏ခရီးသွားရာတွင် အရေးပါသောဝန်ဆောင်မှုတစ်ခုအဖြစ် ပါဝင်ခဲ့သော်လည်း ယခုအခါ များပြားလှသော ဆိုင်ကယ်ကယ်ရီများကြောင့် မြင်းလှည်း၊ ဆိုက်ကားများ တဖြည်းဖြည်းလျော့နည်းလာသည်ကို တွေ့ရသည်။ ပုံတွင်မြင်းလှည်းမောင်းသက်တမ်းအရင့်ဆုံး မြင်းလှည်းဆရာမှာ ခရီးသည်အလိုက်နည်း၍ မြင်းလှည်းမဆွဲရဘဲ အိပ်ပျော်နေကြောင်း သိရသည်။ **(ရွှေသန်လျင်)**

## နည်းပညာသတင်း

ALEZ & TIKILA

# မျိုးဆက်သစ်စက်ရုပ်ကြီးအတွက် Google ၏ အမည်သစ်

စက်တင်ဘာလအတွင်း မိုဘိုင်းနှင့်ပတ်သက်သော သတင်းရေးသားမှုများကို မီဒီယာစာမျက်နှာများတွင် အများအပြားတွေ့ရှိရပြီး ကမ္ဘာ့နာမည်ကြီး ပန်းသီး (Apple)ကြီးမှလည်း သူ၏မိုဘိုင်းဖုန်းအသစ် ဈေးကွက်မိတ်ဆက်ပွဲ ဖိတ်စာများသည် သူ၏စာမျက်နှာများတွင် ပလူပျံနေလျက်ရှိသည်။ ထိုအချိန်တွင် Google မှ ၎င်း၏နာမည်ကြီးစာရင်းဝင်တစ်ခုဖြစ်သည့် စက်ရုပ်ကြီး Android ၏ နောက်ထပ်မျိုးဆက်သစ် အဆင့်သတ်မှတ်ချက် Version 4.4 ကို အမည်နာမပေးပွဲကျင်းပခဲ့ကြောင်း သိရသည်။ ယင်းအမည်သစ်မှာ ယခင်သတ်မှတ်ထားသည့် ကမ္ဘာတစ်ဝန်းပြည်သူများသိရှိထားပြီးဖြစ်သော အနောက်တိုင်းသားများစားသုံးလေ့ရှိသည့် ပိုင်မုန့်တစ်မျိုး (Key Lime Pie)၏ အမည်မဟုတ်တော့ကြောင်း Google ၏ စာမျက်နှာများတွင် တွေ့ရှိ ရသည်။ အစဉ်အလာအရ အနောက်နိုင်ငံများတွင် ကော်ဖီနှင့် တွဲဖက်စားသုံး ရသည့် ကိတ်မုန့်အချို့များ၏ နာမည်များကိုသာပေးခဲ့သော စက်ရုပ်ကြီး Android ကို ယခုဈေးကွက်တွင် ကျယ်ပြန့်စွာလူကြိုက်များပြီး အရသာရှိသော ချောကလက်မုန့်တစ်မျိုး၏အမည်ကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်ဟု Google ၏ ပြန်ကြားရေးတာဝန်ခံက ပြောကြားထားသည်ဟု သိရသည်။ ကမ္ဘာတစ်ဝန်းတွင် တစ်ဘီလီယံကျော်ခန့် ဖြန့်ချိပြီးဖြစ်သော စက်ရုပ် Android စနစ်သုံး မိုဘိုင်းအီလက်ထရွန်နစ်ပစ္စည်းများအတွက် အနာဂတ်တွင် ပိုမိုကောင်းမွန်လာမည့် စွမ်းဆောင်ချက်များနှင့်အတူ မျိုးဆက်သစ်စက်ရုပ်ကြီး Android ကို ချောကလက်မုန့်တစ်မျိုး 'Kit Kat' ဟု အမည်ခေါ်တွင်စေရန် Google ၏ အမှုဆောင်အရာရှိချုပ်က သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ ချောကလက်မုန့်ကို ကမ္ဘာ့နာမည်ကြီး Nestel မုန့်နှင့် စားသောက်ကုန်လုပ်ငန်းမှ ထုတ်လုပ်ရောင်းချခဲ့ပြီးဖြစ်သည်။ အဆိုပါအမည်အတွက် အခကြေးငွေ သတ်သတ်မှတ်မှတ်ကို Google မှ Nestel ကို ပေးဆောင်ရန်မလိုဘဲ စက်ရုပ် Android အမှတ်တံဆိပ်ပုံစံချောကလက်မုန့်ကို ယင်းမုန့်နှင့် စားသောက်ကုန်လုပ်ငန်းအား ထုတ်လုပ်ရောင်းချခွင့်ပေးရန် Google နှင့် သဘောတူညီမှုကို ယခင်နှစ်ကတည်းက ရရှိခဲ့သော်လည်း မီဒီယာများတွင်ပြောဆိုရေးသားခြင်းမျိုးများ မတွေ့ခဲ့ရကြောင်း ပရိသတ်အချို့၏ စာမျက်နှာများတွင် ရေးသားမှုများရှိခဲ့ သည်ဟု သိရသည်။ မျိုးဆက်သစ်စက်ရုပ်ကြီး Android စနစ်အတွက် နည်းပညာပိုင်းဆိုင်ရာများကို အကူအညီပေးရန် နာမည်ကြီးမိုဘိုင်းနည်းပညာလုပ်ငန်းများဖြစ်သည့် Motorola, LG, Asus အစရှိသည့် လုပ်ငန်းများ မှလည်း အဆင်သင့်စောင့်ဆိုင်းနေပြီဖြစ်သည်ဟု သိရသည်။ နာမည်ကြီး မိုဘိုင်းလုပ်ငန်းစု ပန်းသီး (Apple)၏ ကုန်ပစ္စည်းသစ်မိတ်ဆက်ပွဲသတင်း ဂယက်ထွက်ပေါ်လာမှုကြောင့် အဆိုပါ မျိုးဆက်သစ်စက်ရုပ်ကြီး Android ၏ အဆင့်သတ်မှတ်ချက် Version 4.4 အား အမည်သစ်ပေးလိုက်ခြင်းသည် မိုဘိုင်းကမ္ဘာအတွက် ဈေးကွက်စစ်ဆင်ရေးတစ်ရပ်ဖြစ်လာနိုင်သည်ဟု နည်းပညာစာမျက်နှာများတွင် ရေးသားမှုတွေ့ရှိချက်များကို ပြန်လည်မျှဝေ တင်ပြလိုက်ရပါသည်။

# ဆလင်းဒီရွန်၏ ခြောက်နှစ်အတွင်း ပထမဆုံးသော အင်္ဂလိပ်ဘာသာတေးအယ်လ်ဘမ် မကြာမီပေါ်ထွက်မည်

ကနေဒါကြယ်ပွင့် တေးသံရှင် ဆလင်းဒီရွန်က အင်္ဂလိပ်ဘာသာဖြင့် ဖန်တီးထားသည့် ၎င်း၏နောက်ဆုံးထွက်ရှိလာမည့် Loved Me Back to Life စတူဒီယိုအယ်လ်ဘမ်ကို နိုဝင်ဘာ ၅ ရက်တွင် စတင်ဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအယ်လ်ဘမ်သည် တေးသံရှင် ဆလင်းဒီရွန်၏ ခြောက်နှစ်တာကာလအတွင်း ပထမဆုံးထွက်ရှိလာသည့် အင်္ဂလိပ်ဘာသာသီချင်းအယ်လ်ဘမ်ဖြစ်ပြီး ၎င်း၏ ပထမဆုံးသော အင်္ဂလိပ်ဘာသာတေးအယ်လ်ဘမ်ကို ၂၀၀၇ ခုနှစ်က ထုတ်ဝေခဲ့ပြီးဖြစ်သည်။ အဆိုပါ Loved Me Back to Life အယ်လ်ဘမ်၏ ဒစ်ဂျစ်တယ်ရောင်းချခြင်းများကိုမူ ဩဂုတ် ၃ ရက်က စတင်ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့် - ရေးသားသည်

## မိုးရာသီ သီးနှံများအတွက် ဘဏ်ချေးငွေများ ထုတ်ပေး

ဂန့်ဂေါ စက်တင်ဘာ ၅

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်တွင် ၂၀၁၃ ခုနှစ် မိုးရာသီသီးနှံများအတွက် ဘဏ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ဘဏ်အဖွဲ့ဝင်များထံ ထုတ်ချေးပေးပြီးဖြစ်သည်။ ထိုသို့ ဘဏ်ချေးငွေပေးရာတွင် စပါး ၆၄၂ ဧကနှင့် နှမ်း ၈၂၅ ဧကတို့အတွက် ဘဏ်အဖွဲ့ဝင် ၃၁၁ ဦးထံ ငွေကျပ် ၈၀၇ သိန်း ထုတ်ချေးပေးခြင်းဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၆-၉-၂၀၁၃ (သောကြာနေ့)

| | |
|---|---|
| ၅း၄၀ | "ကုသိုလ်ဖြစ်အောင်နေ" တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာ ကိတ္တိသာရ) |
| ၆း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျက်နှာဖုံးချစ်သူ" (အပိုင်း-၆၄) |
| ၇း၁၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်ကပေးတဲ့ခွန်အား" (အပိုင်း-၆) |
| ၈း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးမှုကမ္ဘာ"(အပိုင်း-၄၅) |
| ၉း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဒိဗ္ဗိုင်နာမမ" (အပိုင်း-၂၁) |
| ၁၀း၀၅ | Movie Talk (ကြွေလွင့်သွားသော ကြယ်ပွင့်များ) |

## ၁၉၉၄ ခုနှစ် စီးပွားရေးတက္ကသိုလ် ပညာသင်နှစ်ဝင်ခွင့်ရ ကျောင်းသူ/ကျောင်းသားများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံညစာစားပွဲဖြစ်မြောက်ရေး(ယာယီကော်မတီ)

သူငယ်ချင်းတို့ရေ ကျောင်းပြီးသွားလို့ ဒို့တတွေမတွေ့ကြတာ (၁၂)နှစ်ကျော်သွားပြီနော်၊ ဒို့တွေကြုံတွေ့ ဖြတ်သန်းနေရတဲ့ လောကီအရေးတွေက ဖယ်ခွာပြီး၊ ခုပထမဆုံးကြိမ်ကျင်းပမယ့် အာစရိယ ပူဇော်ပွဲနဲ့ တွေ့ဆုံညစာစားပွဲမှာ ပြန်လည်တွေ့ဆုံကြရအောင်၊ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွင်း စီးပွားရေးတက္ကသိုလ်(ရန်ကုန်)မှာ ကျင်းပရန် စီစဉ်ထားပြီး သူငယ်ချင်းတွေအားလုံး စုံစုံညီညီ တက်ရောက်ပါဝင်ဆင်နွှဲကြဖို့ အသိပေးနှိုးဆော်လိုက်ပါတယ်။

ဆက်သွယ်ရန် နှင့် အလှူငွေများတည့်ဝင်ဖို့အတွက် (အမှတ်တရစာအုပ်ထုတ်ဝေရန်ရှိပါသည်)

သန်းထိုက်အောင်(ဖုန်း-၅၀၇၉၁၀၅)၊ နုနုထွေး(ဖုန်း-၄၄၈၀၂၈၀၈၈)၊ လှလှအေး(ဖုန်း-၅၄၀၈၁၂၀)၊ နှင်းမြအေး(ဖုန်း-၄၉၅၇၂၄၄၊ တနင်္သာရီ) လှသင်္ဂီဆွေ(ဖုန်း-၅၀၆၁၁၄၉၊ မန္တလေး)၊ သက်ပိုင်ထွန်း(ဖုန်း-၈၇၆၃၁၂၇)၊ စိုးယုလှိုင်(ဖုန်း-၄၃၁၂၃၉၇၂)၊ တင်တင်စု(ဖုန်း-၅၁၈၃၁၉၆)၊ သန်းနိုင်ဦး(ဖုန်း-၄၃၁၅၉၁၅၀၊ မိတ္ထီလာ)၊ ဂျာရာ(ဖုန်း-၅၀၆၂၃၂၁၊ မြစ်ကြီးနား) ဇာနည်မင်း(ဖုန်း-၅၅၀၁၈၂၁)၊ မြင့်တိုး(ဖုန်း-၂၅၀၀၉၃၂၅၃)၊ မျိုးဇော်ဦး(ဖုန်း-၄၃၁၀၅၈၅၃)၊ စိုးဟန်(ဖုန်း-၄၃၀၉၁၁၂၆၊ မုံရွာ)၊ သဇင်(ဖုန်း-၅၃၂၂၉၂၄၊ မော်လမြိုင်)၊ ချိုမာလွင် (ဖုန်း-၄၃၁၀၄၁၆၀)၊ သန်းစိုး(ဖုန်း-၄၂၈၀၂၃၂၇၄)၊ ထွန်းရင်(ဖုန်း-၄၂၀၁၀၅၀၇၂)၊ မြင့်ဇော်(ဖုန်း-၄၁၀၀၀၀၅၀၂၊ စစ်တွေ)၊ အောင်ကျော်မိုး(ဖုန်း-၅၃၄၁၅၁၃၊ မကွေး)၊ အောင်ဇော်လင်း(ဖုန်း-၅၁၇၃၆၉၆၊ ကရင်ပြည်နယ်)၊ ထွန်းထွန်းဝင်း(ဖုန်း-၅၀၃၇၈၂၄)၊ ကျော်လွင်ဦး(ဖုန်း-၄၉၃၆၁၅၇၅၊ တောင်ကြီး)၊ တင်မင်းစိုး(ဖုန်း-၄၂၀၀၀၆၇၉၉၊ လားရှိုး)တို့ထံ ဆက်သွယ်မေးမြန်းလှူဒါန်းအကြောင်းကြားနိုင်ပါကြောင်း အသိပေးနှိုးဆော်လိုက်ပါသည်။

## ကျေးဇူးဆပ်ပါမည်

မမိတ်ဆုန်[၁၃/ကခန(နိုင်)၀၀၀၃၅၀]၏ မှတ်ပုံတင်မှာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ယုဇနပလာဇာတွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပို့ပါရန်။ ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၅၁၀၃၀၅၉၊ ၀၉-၂၀၃၇၈၅၈၊ ၀၉-၄၉၂၇၇၁၉၉၊ ၀၉-၇၃၂၄၀၉၆၉၊ ၀၁-၂၀၀၇၄၇(လိုင်းခွဲ-၃၉၉၉)၊ ၂၉၇၆၀၀ (လိုင်းခွဲ-၃၉၉၉)

## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

အောင်မင်းခေါင်ဘုရားလမ်း၊ ဝင်ဒါမီယာ

ပေ(၆၀ × ၁၆၀)မြေကွက်

အရှုပ်အရှင်းလုံးဝကင်းသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်-

၀၉-၄၂၀၀၇၁၄၉၆၊ ၀၉-၄၉၃၁၄၆၃၁

## (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)အောင်ဆန်းဆရာတော် မိုးကုတ်ရိပ်သာအဖွဲ့ခွဲအမှတ်(၇၇) အထူးတရားစခန်းပွဲ အသိပေးနှိုးဆော်ခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းမိုးကုတ်ရိပ်သာအဖွဲ့ခွဲ(၇၇) တောရတပ်ဦးကျောင်းတိုက်၏ ပဓာနနာယက မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ နာယကပြည်တွင်းပြည်ပ ကမ္ဘာ့ဗုဒ္ဓသာသနာပြု(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရထေရ်ရှင်မြတ်သည် တော်သလင်းလပြည့်မှန်တရားစခန်းပွဲအား (တော်သလင်းလဆန်း ၁၃ ရက်) ၁၇-၉-၂၀၁၃ ရက်မှ ၂၇-၉-၂၀၁၃ ရက်အထိ အောင်ဆန်းကျောင်းတိုက် ရိပ်သာကြီးတွင် ပဋိစ္စသမုပ္ပါဒ် ဝိပဿနာတရားတော်များကို ဟောကြားပြသမည်ဖြစ်ကြောင်းနှင့် တရားစခန်းဝင်လိုသူ ယောဂီများအနေဖြင့်

စာရင်းစတင်လက်ခံမည့်နေ့ - ၄-၉-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့)(ဝါခေါင်လကွယ်နေ့)

ယောဂီရောက်ရမည့်နေ့ - ၁၇-၉-၂၀၁၃ ရက်(အင်္ဂါနေ့)(တော်သလင်းလဆန်း ၁၃ ရက်)

လာရောက်နိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့

မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၇၇)

အောင်ဆန်းမြို့၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၁-၆၄၅၇၉၇

## ပျောက်ဆုံးကြောင်း

ကျွန်မဒေါ်ဝေလွင်မိုး၏ ပတ်စ်ပို့နံပါတ် A-၁၉၄၅၆၆ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဖုန်း-၀၉-၄၂၁၀၄၈၁၁၀ သို့ ဆက်သွယ်ပေးပါရန်။

## အများသိစေရန်

ကျွန်တော် ကောင်းညွှန့်ဝင်း[၁၂/ရပသ(နိုင်)၀၀၈၆၆၂]သည် မူလအိမ်ထောင်နှင့် ၁၅-၇-၂၀၁၂ ရက်တွင် တရားဝင်ကွာရှင်းခဲ့ပြီးမှ မဝါဝါအောင်[၁၀/ဘလန(နိုင်)၀၈၇၅၀၆]နှင့် နှစ်ဖက်လူကြီးမိဘတို့၏ သဘောတူခွင့်ပြုချက်အရ ၂၇-၅-၂၀၁၃ ရက်တွင် ရပ်ကွက်လူကြီးများရှေ့မှောက်၌ တရားဝင်လက်ထပ်စာချုပ်ချုပ်ဆိုကာ ပေါင်းသင်းနေထိုင်ခဲ့ကြပါသည်။

ထို့ကြောင့် ကျွန်တော်တို့ဇနီးမောင်နှံ၏ အလုပ်ခွင်အတွင်းဂုဏ်သိက္ခာထိခိုက်နစ်နာအောင် ပြုလုပ်ဆောင်ရွက်နေမှုများကို ရပ်တန့်ပါရန်နှင့် ဆက်လက်ပြုလုပ်လာပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကောင်းညွှန့်ဝင်း
အလုပ်ရုံစုမှူး
တပ်မတော် **Rum** စက်ရုံ
မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း

# စိတ်ဝင်စားဖွယ်မြင်တွေ့ရှုစားရဦးမည့် ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲများ

ငွေကြယ်

**ယခုတစ်ပတ်တွင် လိဂ်ပြိုင်ပွဲများရပ်နားထားပြီး ဘရာဇီးနိုင်ငံတွင် ကျင်းပမည့် ၂၀၁၄ ကမ္ဘာ့ဖလား ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ခြေစစ်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားမည်ဖြစ်ရာ ယင်းခြေစစ်ပွဲစဉ်များထဲမှ ပရိသတ်အကြိုက်တွေ့စေမည့် ဥရောပဇုန်ခြေစစ်ပွဲစဉ်အချို့ကို ထုတ်နုတ်တင်ပြပေးလိုက်ပါသည်။**

**ဆာဘီးယား Vs ခရိုအေးရှား** **၇-၉-၂၀၁၃ နံနက် ၁း၁၅**

ခုနစ်ပွဲကစားအပြီးတွင် နှစ်ပွဲသာနိုင်ပွဲရထားသည့် ဆာဘီးယားအသင်းအနေဖြင့် အိမ်ကွင်းမှာ နိုင်ပွဲရဖို့ ကြိုးစားလာမည်ဖြစ်သော်လည်း ရှေ့လယ်၊ နောက် ဘက်စုံကောင်းမွန်နေပြီး ငါးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံး ရလဒ်ဖြင့် အုပ်စု(A)တွင် ၁၆ မှတ်ရရှိကာ အုပ်စုဒုတိယနေရာတွင် ရပ်တည်နေသည့် ခရိုအေးရှားအသင်းကလည်း နိုင်ပွဲဆက်ဖို့ အားကုန်ထုတ်ကစားလာမည်ဖြစ်သည်။ ယင်းပွဲစဉ်တွင် အုပ်စုပထမနေရာရောက်ရေးအတွက် ခရိုအေးရှားတို့ အမှတ်ပြည့်ရယူသွားဖို့က များနေသည်။

**စကော့တလန် Vs ဘယ်လ်ဂျီယံ** **၇-၉-၂၀၁၃ နံနက် ၁း၃၀**

စကော့တလန်အသင်း အိမ်ကွင်းနိုင်ပွဲပျောက်ဆုံးဦးမည့် ပွဲစဉ်ဟု ဆိုရမည်ဖြစ်သည်။ အုပ်စု(A)၏ ပထမနေရာက ဦးဆောင်နေသည့် ဘယ်လ်ဂျီယံအသင်းသည် လက်ရှိအချိန်ထိ ရှုံးပွဲမရှိသေးဘဲ ရမှတ် ၁၉ မှတ်ရရှိထားပြီး အုပ်စုပထမနေရာဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲကြီးဆီသို့ ဦးတည်လျှောက်လှမ်းနေသည့် ခြေလှမ်းများကို မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် နိုင်ပွဲဆက်အောင်ကစားမည့်အနေအထားတွင်ရှိနေသည်။

**အီတလီ Vs ဘူလ်ဂေးရီးယား** **၇-၉-၂၀၁၃ နံနက် ၁း၁၅**

အုပ်စု (B)၏ ထိပ်ဆုံးနှစ်သင်းတွေ့ဆုံသည့် ပွဲစဉ်ဖြစ်သောကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာမည့် ပွဲလည်းဖြစ်သည်။ သို့ရာတွင် ကွင်းက အီတလီကွင်းဖြစ်သည့်အပြင် အိမ်ကွင်းရော အဝေးကွင်းပါ ရလဒ်ကောင်းအောင် စွမ်းဆောင်နိုင်သည့် အီတလီကစားသမားတွေကို ဘူလ်ဂေးရီးယား ကစားသမားများ မည်သို့ကျော်ဖြတ်နိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားစရာကောင်းနေသကဲ့သို့ အုပ်စုပထမနေရာမြဲရေး အီတလီအမှတ်ပြည့်ရယူမည်လားဆိုတာ စောင့်ကြည့်ရဦးမည်ဖြစ်သည်။

**ဂျာမနီ Vs ဩစတြီးယား** **၇-၉-၂၀၁၃ နံနက် ၁း၁၅**

ဂျာမနီသည် အိုဇေးလ်၊ မာကိုရုစ် စသည့် ကစားသမားများကို အဓိကထုတ်သုံးလေ့ရှိပြီး ခြောက်ပွဲကစားအပြီးတွင် ရမှတ် ၁၆ မှတ်ဖြင့် အုပ်စု(C)ကို ဦးဆောင်နေသည့်အပြင် ဩစတြီးယားကို အိမ်ရှင်အဖြစ် လက်ခံကစားရမည်ဖြစ်၍ နိုင်ပွဲရရှိမည့် အခြေအနေတွင်ရှိသည်။ သို့သော် အီဘရာဟီမိုဗစ်ချ်ဦးဆောင်သည့် ဆွီဒင်အသင်း၊ ရော်ဘီကိန်းဦးဆောင်သည့် အိုင်ယာလန်အသင်းကို ကျော်ဖြတ်ကာ အုပ်စုဒုတိယနေရာအတွက် ရမှတ်ရှာရဦးမည့် ဩစတြီးယားအသင်း အဝေးကွင်းမှာခြေကုန်ထုတ်ကစားလာမည့်ပွဲစဉ်လည်းဖြစ်သည်။

**အက်စ်တိုးနီးယား Vs နယ်သာလန်** **၇-၉-၂၀၁၃ နံနက် ၁း၀၀**

အက်စ်တိုးနီးယားအသင်း အိမ်ကွင်းမှာ ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ဂုဏ်သိက္ခာအတွက်သာ အလေးထားယှဉ်ပြိုင်ရမည့် ပွဲလည်းဖြစ်သည်။ ရှနိုက်ဒါ ပါဝင်လာရန်မသေချာသော်လည်း ဗန်ပါစီ၊ လန်းစ် စသည့် ကစားသမားကောင်းများ၏ သွင်းဂိုးများနှင့်အတူ ခြောက်ပွဲကစား ခြောက်ပွဲစလုံးအနိုင်ရရှိထားပြီး ရမှတ် ၁၈ မှတ်ဖြင့် အုပ်စု(D)၏ ပထမနေရာတွင် ရပ်တည်နေသည့် နယ်သာလန်အတွက် အဝေးကွင်းဖြစ်သော်လည်း အိမ်ရှင်အသင်းကို အကောင်းဆုံးထိန်းချုပ်ကစားသွားမည့် ပွဲလည်းဖြစ်သည်။

**မြောက်အိုင်ယာလန် Vs ပေါ်တူဂီ** **၇-၉-၂၀၁၃ နံနက် ၁း၁၅**

အုပ်စု(F)၏ ပထမနေရာမြဲနေရေးအတွက် ပေါ်တူဂီအသင်း အမှတ်ပြည့်ရယူရမည့်ပွဲလည်းဖြစ်သည်။ မြောက်အိုင်ယာလန်ကို အဝေးကွင်းတွင် အနိုင်မကစားနိုင်ခဲ့ဘဲ အိမ်ကွင်းယှဉ်ပြိုင်ရမည့် ရုရှားအသင်းက အုပ်စုအောက်ခြေမှ လူဇင်ဘတ်ကို အနိုင်ရရှိခဲ့ပါက အုပ်စုဒုတိယနေရာသို့ ပေါ်တူဂီ ဆင်းပေးရမည်ဖြစ်၍ အဝေးကွင်းတွင် ပေါ်တူဂီအသင်း မဖြစ်မနေအနိုင်ကစားရမည်ဖြစ်သည်။

**အင်္ဂလန် Vs မော်ဒိုဗာ** **၇-၉-၂၀၁၃ နံနက် ၁း၃၀**

ရွှန်းနီဒဏ်ရာကြောင့် ပါဝင်လာရန် မသေချာသည့် အင်္ဂလန်အသင်း အိမ်ကွင်း၌ မော်ဒိုဗာကို အနိုင်ကစားမှ အုပ်စုအဆင့်ကို ကျော်ဖြတ်နိုင်မည်ဖြစ်သည်။ လက်ရှိအုပ်စု(H)တွင် မွန်တီနီဂရိုးက ဦးဆောင်နေပြီး ယူကရိန်းအသင်းက အုပ်စုအောက်ဆုံးမှ ဆန်မာရီနိုကို အနိုင်ကစားကာ အင်္ဂလန်တို့ အိမ်ကွင်းရှုံးပွဲကြုံခဲ့ပါက အုပ်စုတတိယနေရာသို့ဆင်းပေးရမည်ဖြစ်၍ အမှတ်ပြည့်ရယူဖို့ကြိုးစားလာမည်ဖြစ်သည်။

**ဖင်လန် Vs စပိန်** **၇-၉-၂၀၁၃ နံနက် ၁း၀၀**

ဖင်လန်အိမ်ကွင်းမှာ စပိန်အသင်း ရှုံးပွဲမကြုံရေး အားကုန်ထုတ်ကစားလာမည်ဖြစ်သည်။ စပိန်သည် အုပ်စုပထမနေရာအတွက် ပြင်သစ်နှင့် ယှဉ်လုရဦးမည်ဖြစ်၍ ပြင်သစ်က ဂျော်ဂျီယာအိမ်ကွင်းတွင် နိုင်ပွဲရယူနိုင်ခဲ့ပြီး ဖင်လန်ကို စပိန်အနိုင်မကစားနိုင်ခဲ့လျှင် ဒုတိယနေရာကို ဆင်းပေးရမည်ဖြစ်သောကြောင့် ဖင်လန်ကို စပိန်အနိုင်ကစားကာ ရမှတ်အပြည့်ရယူမည့်ပွဲလည်း ဖြစ်သည်။

ဘောလုံးအတွေး

## စိတ်ဓာတ်

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပခွင့် ရရှိသဖြင့် နိုင်ငံသားတစ်ဦးအနေဖြင့် အတိုင်းမသိ ပီတိဖြစ်မိရသည်မှာ အမှန်ပါ။ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဒီဇင်ဘာ ၁၁ ရက်တွင် ဖွင့်ပွဲနှင့် ၂၂ ရက်တွင် ပိတ်ပွဲအခမ်းအနားများကို ကြီးကျယ် ခမ်းနားစွာ ကျင်းပဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာ အားကစားအခန်းကဏ္ဍအလိုက် အောင်မြင်မှုသရဖူများ ဆောင်းနိုင်ရန်အတွက် အဘက်ဘက်က လေ့ကျင့်နေကြသည်များကို ကြားသိနေကြရပါသည်။

ကျွန်မသည် အဖွဲ့လိုက်၊ အသင်းလိုက် စုစည်းကစားရသည့် ဘောလုံးကိုအလွန်ပင်နှစ်ခြိုက်မိပါသည်။ ငယ်စဉ်ကတည်းက အစ်ကိုကြီးဦးသန့်ဇင် (အငြိမ်းစားတိုင်းတရားသူကြီး)၏ ချစ်သောသူငယ်ချင်းဦးလှဌေး (မြန်မာ့လက်ရွေးစင်ဘောလုံးကစားသမားဟောင်း)ပါဝင်သော ဘောလုံးပွဲများသို့ အစ်ကိုနှင့်အတူ လိုက်ပါအားပေးခဲ့သူဖြစ်ပါသည်။ မြန်မာ့ဘောလုံး ရွှေရောင်လွှမ်းခဲ့သော အချိန်ကာလများကိုလည်း ပြန်လည်တမ်းတမိခဲ့ပါသည်။ အရေးကြီးသည်မှာ "စိတ်ဓာတ်"ပင်ဖြစ်ပါသည်။

ငယ်စဉ်ကဖတ်ခဲ့ဖူးသော ဆောင်းပါးတစ်ပုဒ်ကို ပြန်လည်၍ မျှဝေပေးပါရစေ။

နိုင်ငံခြားမဂ္ဂဇင်းတစ်ခုမှ ဖြစ်ပါသည်။ ချန်ပီယံဒိုင်းဆုအတွက် အဆုံးအဖြတ်ပေးမည့် နောက်ဆုံးနေ့ပွဲစဉ်မတိုင်ခင် သုံးရက်အလိုတွင် လေ့ကျင့်နေကြသော ဘောလုံးအားကစားသမားများအားလုံးကို နည်းပြဆရာကြီးက လေ့ကျင့်နေသော ကွင်းအတွင်း၌ ချက်ချင်းခေတ္တလူစုစေပါသည်။ အားလုံးစုံညီစွာရောက်လာစုဝေးကြသောအခါ ဆိုင်းမဆင့်ဗုံမဆင့် ဆရာကြီးက မေးခွန်းတစ်ခုကို ချက်ချင်းမေးလိုက်ပါသည်။

မင်းတို့တွေအခု "ဒိုင်း" ရဖို့ အပြင်းအထန်လေ့ကျင့်နေကြတာနော်၊ နောက် ၁၅ မိနစ်နေရင် "သေ"မယ်ဆိုရင် ဘာဆက်လုပ်မလဲ။

တစ်ဦးချင်း ဖြေခိုင်းပါသည်။

တချို့က ဘုရားသခင်ထံမှာ ဝတ်ပြုဆုတောင်းနေပါ့မယ်. . .

တချို့က သေတမ်းစာမရေးရသေးလို့ အိမ်အမြန်ပြန်ပြီး ချက်ချင်းသေတမ်းစာရေး ပါ့မယ်. . .

နောက်ဆုံးတစ်ယောက်ကမူ "ဘောလုံး"ပဲ ဆက်ကန်နေပါ့မယ်. . . ဟု တည်ငြိမ်စွာဖြေလိုက်ပါသည်။

ဆရာကြီးက နောက်ဆုံးတစ်ယောက်၏ "အဖြေ"ကို သဘောအကျဆုံးဖြစ်ပါသည်။ ကိုယ်ဘာလုပ်နေတာလဲဆိုတာ သေသေချာချာနားလည်ဖို့ လူတိုင်းလိုအပ်လှပါသည်။ ယခုဆရာကြီးနှင့် အားကစားသမားများ အနိုင်မခံ၊ အရှုံးမပေးရေးအတွက် လေ့ကျင့်နေကြခြင်းဖြစ်၍ ကျန်တပည့်များအားလုံးကို စိတ်တွေကယောက်ကယက်မဖြစ်ဘဲ တည်တည်ငြိမ်ငြိမ်နဲ့ နောက်ဆုံးအားကစားသမားကဲ့သို့ စိတ်ဓာတ်ရှိစေဖို့ မှာကြားပါသည်။

တကယ် ယှဉ်ပြိုင်ရသည့်နေ့၌ သူတို့အသင်း "ချန်ပီယံ" ဖြစ်သွားပါသည်။

မြန်မာ့ဘောလုံးလောကအတွက် လိုအပ်ချက်ကွက်လပ်ကို အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ဖြည့်စွမ်းပေးလိုသော စေတနာဖောအမှန်ကို အကြောင်းခံကာ မိမိလေ့လာခဲ့သည့်အသိပညာကို မျှဝေပေးခြင်းမျှသာဖြစ်ပါသည်။

ငွေရည်လှိုင် (ဟသ်ာတ)

## စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းဖြူဖမ်းဆီးရမိ

**လားရှိုး စက်တင်ဘာ ၅**

လားရှိုးမူးယစ် အထူးအဖွဲ့မှ ရဲအုပ်ခင်သီတာ ဦးစီးအဖွဲ့သည် သက်သေများနှင့်အတူ လားရှိုး-မန္တလေးပြည်ထောင်စုလမ်းမကြီးနှင့် ရုံးကြီးလမ်းထောင့်တွင် စက်တင်ဘာ ၃ ရက် ညနေ ၄ နာရီက သတင်းအရစောင့်ဆိုင်းစဉ် ကျော်မင်းထွေးမောင်းနှင်ပြီး မအေးဟွမ်လိုက်ပါလာသည့် SUMBO-125 ဆိုင်ကယ်အားရှာဖွေရာ ဆိုင်ကယ်တူးဘောက်စ်အတွင်း အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်ဖြင့်ထည့်လျက် 88 နှင့် 1 စာတန်းတစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား အပြား ၁၀၀ ပါ တစ်ထုပ်၊ အလေးချိန် ၉ ဂရမ်၊ ကျော်မင်းထွေးဝတ်ဆင်ထားသော သားရေအကျီအိတ်ကပ်အတွင်းမှ အစိမ်းရောင်ဆပ်ပြာခွက်အတွင်း ဘိန်းဖြူမှုန့် အလေးချိန် ၁၇ ဂရမ်ခန့်စီပါ နှစ်ခွက်၊ မအေးဟွမ် ဝတ်ဆင်ထားသည့် ဘောင်းဘီရှည်အိတ်ကပ်အတွင်းမှ အပြာရောင်ဆပ်ပြာခွက် တစ်ခွက်အတွင်း ဘိန်းဖြူမှုန့် အလေးချိန် ၁၇ ဂရမ်ခန့် စုစုပေါင်း ဘိန်းဖြူမှုန့် အလေးချိန် ၅၁ ဂရမ်အားတွေ့ရှိသဖြင့် မူးယစ်ဆေးဝါးများသယ်ဆောင်လာသူ ကျော်မင်းထွေး(ခ)အားယုံ (ဘ)ဦးလှကြား ကျောက်မဲမြို့နယ်နေသူနှင့် မအေးဟွမ်(ခ)ခင်မင်းစိုး (ဘ)ဦးမောင်ချင်း ကျောက်မဲမြို့နယ်နေသူတို့ နှစ်ဦးအပေါ် လားရှိုးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ဇော်လွင်-လားရှိုး)**

## အင်းစိန် ကြို့ကုန်းအရှေ့ရပ်ကွက်၌ ခိုးမှုဖြစ်ပွား

**ရန်ကုန် စက်တင်ဘာ ၅**

အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက်နေ ဒေါက်တာ. . . သည် ဩဂုတ် ၃၁ ရက် နံနက် ၆ နာရီ ၁၅ မိနစ်တွင် ဈေးသွားရန်အတွက် နေအိမ်အိပ်ခန်းအတွင်းရှိ ဗီရိုအားဖွင့်၍ ပိုက်ဆံယူစဉ် ဗီရိုအံဆွဲအတွင်းထားရှိသော ငွေစက္ကူရောရာ ငွေကျပ် တစ်သိန်း၊ တစ်ဖက်လျှင် စိန်ပွင့်ရှစ်ပွင့်ပါ စိန်ခြယ်နားကပ် တစ်ရံ၊ စိန်ပွင့် ၂၀ ပါ စိန်လက်စွပ် တစ်ကွင်း၊ စိန်ပွင့် ၂၇ ပွင့်ပါ စိန်လော့ကတ်သီး တစ်ခု၊ အလေးချိန် ၁ ကျပ် ၃ ရွေးခန့်ရှိ ရွှေဆွဲကြိုး တစ်ကုံးတို့ပျောက်ဆုံးနေသဖြင့် ခိုးသူအားအရေးယူပေးရန် ဒေါက်တာ. . . ၏ တိုင်တန်းမှုအား အင်းစိန်ရဲစခန်းက (ပ)၉၅၂/၂၀၁၃၊ ပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့် စုံစမ်းလျက်ရှိသည်။

**(၃၁)**

## ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်မိရာမှ တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**နေပြည်တော် စက်တင်ဘာ ၅**

နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရွှေချီ (၉)လမ်း တစ်လမ်းမောင်းလမ်း၌ မော်တော်ဆိုင်ကယ်လမ်းပြောင်းပြန် မောင်းနှင်မှုကြောင့် လမ်းမှန်မောင်းနှင်သူနှင့် တိုက်မှုဖြစ်ပွားပြီး လမ်းမှန်မောင်းနှင်သူ သေဆုံးသွားသော ဖြစ်ရပ်တစ်ခု စက်တင်ဘာ ၄ ရက် နံနက်ပိုင်းက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီ ၅၅ မိနစ်ခန့်က နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်သက်ထူး ပျဉ်းမနား ယာဉ်ထိန်းတပ်ဖွဲ့စုမှူးရုံးတွင် တာဝန်မှူးဆောင်ရွက်နေစဉ် ယာဉ်မတော်တဆမှုဖြစ်ပွားကြောင်း သတင်းအရ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ပျဉ်းမနားမြို့ ရွှေချီရပ်ကွက် (၉)လမ်း အုပ်ချုပ်ရေးမှူးရုံးအနီးတွင် အုပ်ချုပ်ရေးမှူးရုံး(လမ်းမှား)မှ ပဌာန်းဓမ္မာရုံဘက်သို့ အောင်ဇင်မင်း (၁၈)နှစ် ပေါင်းလောင်းရပ်ကွက် ပျဉ်းမနားမြို့နေသူ မောင်းနှင်သည့် ၂၁ယ/. . . . kenbo ၁၂၅ အနက်ရောင် ဆိုင်ကယ်နှင့် ပဌာန်းဓမ္မာရုံဘက် (လမ်းမှန်)မှ အုပ်ချုပ်ရေးမှူးရုံးဘက်သို့ ပြည့်ဖြိုးငြိမ်း(၃၀)နှစ် သကြားစက်ဝင်း ပျဉ်းမနားမြို့နေသူ မောင်းနှင်လာသည့် ၂၉ယ/. . . . Honda ၉၀ စူပါကပ်ကျောက်စိမ်းရောင် ဆိုင်ကယ်တို့ လမ်းမအလယ်၌ မျက်နှာချင်းဆိုင်တိုက်မိကြပြီး နှစ်ဦးစလုံးဒဏ်ရာ အသီးသီးရရှိသွားပြီး နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်စဉ် ပြည့်ဖြိုးငြိမ်းမှာ ရရှိသောဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး အောင်ဇင်မင်းမှာ အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနေရကြောင်း သိရသည်။

**(မင်းမင်းလတ်-မန်းတက္ကသိုလ်)**

## ထော်လာဂျီအားတွန်းပေးစဉ် စက်ရပ်ကာ နောက်ပြန်လိမ့်ဆင်း၍ တွန်းပေးသူသေဆုံး

**တိုက်ကြီး စက်တင်ဘာ ၅**

တိုက်ကြီးမြို့နယ်အတွင်း ထော်လာဂျီအား တွန်းပေးနေစဉ် စက်ရပ်သွားပြီးနောက်ပြန်လိမ့်ဆင်းကာတိုက်မိခဲ့၍ အမျိုးသားတစ်ဦးသေဆုံးကြောင်း သိရသည်။

ဖြစ်စဉ်မှာ တိုက်ကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က တိုက်ကြီးမြို့နယ် မင်္ဂလာရပ်ကွက် အောင်သာကုန်းဘုန်းကြီးကျောင်းလမ်းတွင် ယာဉ်တိုက်မှုဖြစ်ကာ လူတစ်ဦးသေဆုံးကြောင်း သတင်းအရသွားရောက်စစ်ဆေးရာ ရွှေပြည်သာမြို့နယ် (တ/၁၅)ရပ်ကွက်နေ ယာဉ်မောင်းသန်းဇော်ဦး မောင်းနှင်လာသော ထော်လာဂျီယာဉ်အား ကုန်းအတက်တွင် ရွှေပြည်သာမြို့နယ်နေ ကိုဆန်းဝင်းက နောက်ဘက်မှ တွန်းပေးနေစဉ် ထော်လာဂျီယာဉ်မှာ စက်ရပ်သွားပြီး နောက်ပြန်လိမ့်ကာတိုက်မိခဲ့သဖြင့် ကိုဆန်းဝင်းတွင် ယာနံစောင်းနှင့် နောက်ကျောတို့၌ ညိုမည်း၊ ပွန်းပဲ့ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင်သေဆုံးသွားကြောင်း စစ်ဆေးသိရှိရသဖြင့် ယာဉ်မောင်းသန်းဇော်ဦးအား တိုက်ကြီးမြို့မရဲစခန်းက ယာဉ်(ပ)၃၇/၂၀၁၃၊ ပုဒ်မ ၃၀၄-က ဖြင့် အရေးယူဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်းသိရသည်။

**(ဝ၄၀)**

## အဝတ်ဘိန်း ၂၈၀ ဂရမ် ဖမ်းဆီးရမိ

**မြစ်ကြီးနား စက်တင်ဘာ ၅**

စက်တင်ဘာ ၁ ရက် ညနေ ၅နာရီ ၄၅ မိနစ်က မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ်အတွင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကံပို၏ လမ်းညွှန်မှုဖြင့် မြို့မရဲစခန်းမှ ဒုရဲအုပ်မင်းမင်းအောင်ဦးစီး တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ လမုန်ကျေးရွာ ရပ်ကွက်(၅)အတွင်း မှုခင်းစုံစမ်းနေစဉ် မသင်္ကာဖွယ်ရာလူတစ်ဦးကားလမ်းမဘေးရှိ လူမမြင်နိုင်သောကားလမ်းအတွင်း ပြေးဝင်သွားကြောင်း လာရောက်သတင်းပို့သဖြင့် ရဲတပ်ဖွဲ့ဝင်များနှင့် သက်သေများက ဝင်ရောက်ရှာဖွေရာ ဒီဇီးဟဲ(၄၇)နှစ်အား ကိုင်းတောအတွင်း မှောက်လျက်ပုန်းခိုနေကြောင်း တွေ့ရှိကာ ၎င်းအားစစ်ဆေးမေးမြန်းရာမှ မြေကြီးအတွင်း အဝတ်ဘိန်း (အဆင့်နိမ့်ဘိန်း) ၂၈၀ ဂရမ်တန်ဖိုးငွေကျပ် ၁၅၄၀၀၀ ဖိုး ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်အားမေးမြန်းရာ တောထဲ၌ ပိုက်မျှောရန် သွားရောက်ရာမှ အမည်မသိ လူတစ်ဦးထံမှ သုံးစွဲရန်နှင့်ရောင်း၍ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(မိုယ်းကျ-မြစ်ကြီးနား)**

## မိုင်းဖြတ်၌ ဘိန်းဖြူဖမ်းမိ

**မိုင်းဖြတ် စက်တင်ဘာ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင် ရဲတပ်ဖွဲ့မှ ဒုရဲအုပ် ဟိန်းဝဏ္ဏမောင် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၃ ရက် ည ၇ နာရီခန့်က မြို့ဝင်၊ မြို့ထွက် ဘီးခွန်ဂိတ်တွင် ယာဉ်များကို ရှောင်တခင် ဝင်ရောက်စစ်ဆေးရာ ကျိုင်းတုံမှ တာချီလိတ်သို့ ယာဉ်မောင်း စိုင်းလိုင်ခမ်း မောင်းနှင်လာသော ယာဉ်အမှတ် ၈ဈ/----မှန်လုံယာဉ်ပေါ်ပါ ခရီးသည် စိုင်းကောလိ(၄၄)နှစ် သီပေါမြို့နယ် မန်လီကျေးရွာနေသူ၏ ဘောင်းဘီ ယာဘက်အိတ်ကပ်အတွင်းမှ ငါးစီစီ ဆေးထိုးပြွန်အတွင်းထည့်လျက် ဘိန်းဖြူ သုည ဒသမ ၂ ဂရမ်၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသော အရှည် ၄ လက်မခန့်ရှိ ဝါးပြွန်တစ်ချောင်းနှင့် စီးကရက်ဘူးအတွင်း အသုံးပြုသောခဲပြားစက္ကူစနှစ်ပိုင်းတို့ကို တွေ့ရှိသိမ်းဆည်းရမိသည်။

**(သန်းဇော်-မိုင်းဖြတ်)**


တန်ဖိုးရှိလှလူငယ်ဘဝ မူးယစ်ကင်းစင်ကျန်းမာမှ

# ဖလမ်းမြို့နယ် ကျေးရွာများ မြေပြိုမှုကို ဘူမိဗေဒပညာရှင်များစစ်ဆေး

**ကလေး စက်တင်ဘာ ၅**

ချင်းပြည်နယ် ဖလမ်းမြို့နယ် လိုင်ဇိုးကျေးရွာနှင့် ဇာလိုင်ကျေးရွာအကြားရှိ သိုင်နောက်လိုဗာချောင်းရိုးတစ်လျှောက် ဩဂုတ် ၂၃ ရက်က ဖြစ်ပွားခဲ့သော မြေပြိုမှုများကို ချင်းပြည်နယ်အစိုးရအနေဖြင့် ဘူမိဗေဒပညာရှင်များဖြင့် စစ်ဆေးနေကြောင်း သိရသည်။

မိုးအဆက်မပြတ်ရွာသွန်းခြင်းကြောင့် ဩဂုတ် ၂၃ ရက် ညနေ ၃ နာရီခွဲက မြေပြိုမှုများ စတင်ဖြစ်ပွားပြီး ချောင်းဘေးနှစ်ဖက်ရှိ ဇာလိုင်ကျေးရွာဘက်ခြမ်းနှင့် လိုင်ဇိုးကျေးရွာဘက်ခြမ်းမှ နေအိမ်ငါးလုံး မြေပြိုမှုကြောင့် မြေစာနှင့်ရွှံ့ညွန်အောက်တွင် နစ်မြုပ်သွားပြီး အိမ်ခြေ ၈၂ လုံးကို ဖလမ်းမြို့နယ် လုံပီးကျေးရွာဆရာတော် ဦးဥတ္တမသာရ သီတင်းသုံးနေထိုင်ခဲ့သောကျောင်းအနီးတွင် ရပ်ကွက်သစ်တစ်ခုတည်ဆောက်ပေးပြီး ပြောင်းရွှေ့ထားကြောင်း၊ နေအိမ်ပြန်လည်ဆောက်လုပ်ရန် ချင်းပြည်နယ်အစိုးရက အလှူငွေများနှင့် အိမ်ဆောက်ပစ္စည်းများ ရောင်းချပေးနေကြောင်း ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာဘမောင်က ပြောကြားသည်။

"အခု မြေပြိုမှုဖြစ်တော့ တို့လည်းနှမြောတယ်။ ဖလမ်း၊ ဟားခါးက စားသုံးနေရတဲ့ သီးနှံတွေကို အဲဒီရွာက ရနေတာပါ။ လက်ရှိတော့ ဘူမိဗေဒပညာရှင်တွေက လူတွေနေသင့်၊ မနေသင့်စစ်ဆေးနေတယ်။ သူတို့တစ်တွေ ကိုယ်တိုင်တော့ မနေရဲတော့ဘူး။ ပြည်နယ်အစိုးရရော၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနကရော၊ ကြက်ခြေနီရောစတဲ့ အဖွဲ့အစည်းတွေက လိုအပ်တဲ့ အိမ်ပြောင်းဖို့နေရာချပေးတာတွေ တစ်ပြိုင်နက်တည်း အကူအညီတွေ လုပ်ပေးနေပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယခုမြေပြိုမှုသည် ချင်းပြည်နယ်အတွင်း အကြီးအကျယ်မြေပြိုမှုဖြစ်ကြောင်း၊ ဇာလိုင်ကျေးရွာသည် နှစ်ပေါင်း သက်တမ်း ၁၃၀ ခန့်က တည်ရှိခဲ့သောရွာဖြစ်ကြောင်း၊ မြေပြိုမှုကြောင့် ရွာသူရွာသားများ ပြောင်းရွှေ့သွားကြသော်လည်း စိုက်ပျိုးခင်းများ လာရောက်လုပ်ကိုင်မှုများရှိနေကြောင်း၊ အိမ်ခြေ ၈၂ လုံး အိမ်ထောင်စု ၇၆ စု လူဦးရေ ၃၄၉ ဦးရှိကြောင်း၊ မြေပြိုမှုဖြစ်ပွားပြီးနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ လာရောက်ကြည့်ရှုကာ ထောက်ပံ့မှုများ ပေးအပ်ခဲ့ကြောင်း၊ NGO အဖွဲ့အစည်းများကလည်း လာရောက်ကူညီကြောင်းနှင့် မြေပြိုမှုကြောင့် လူအသေအပျောက်မရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမန်းလျန်ဟရဲ၏ ပြောပြချက်အရ သိရသည်။

**(ဇိုဟေဆာ-ချင်းတောင်ခြေ)**

မတ္တရာမြို့နယ် သုံးဆယ်ပေကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း(ငြိမ်း)၏ ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မတ္တရာမြို့နယ်၏ တစ်ဦးတည်းသော ဘက်စုံထူးချွန်ဆုရ မတ္တရာမြို့နယ် စလွန်ဖြူအမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော မမြို့နန္ဒာကျော်အား ဗိုလ်မှူးချုပ်အောင်သိန်း(ငြိမ်း)က ဂုဏ်ပြုဆုငွေကျပ် နှစ်သိန်းချီးမြှင့်အပြီး အမှတ်တရဓာတ်ပုံရိုက်စဉ်။ **(ကြေးမုံ)**

# မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်အားလုံး မြန်မာအက္ခရာမှ အင်္ဂလိပ်အက္ခရာသို့ ပြောင်းလဲဆောင်ရွက်သွားမည်

**ရန်ကုန် စက်တင်ဘာ ၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသသင်္ကေတ Sticker များ၊ မော်တော်ယာဉ်များ၏ ဖောင်းကြွနံပါတ်ပြားများတွင် အသုံးပြုလျက်ရှိသည့် မြန်မာအက္ခရာ ဂဏန်းများအား အင်္ဂလိပ်အက္ခရာများသို့ ပြောင်းလဲသွားမည်ဖြစ်ကြောင်း နေပြည်တော်ကညနရုံးက တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါ မြန်မာအက္ခရာဂဏန်းများအား အင်္ဂလိပ်အက္ခရာဂဏန်းများအဖြစ် ပြောင်းလဲအသုံးပြုရာတွင် နံပါတ်ပြား တစ်စုံအား ငွေကျပ် ၁၀၀၀၀ သတ်မှတ်ထားရှိပြီး ကိုးရက်ခန့်ကြာမြင့်မည်ဖြစ်ကြောင်း ရန်ကုန်မြို့ မြင်သာ ကညနရုံးကတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

"ယာဉ်နံပါတ်တွေကို မြန်မာအက္ခရာကနေ အင်္ဂလိပ်အက္ခရာဂဏန်းကို ပြောင်းလဲဆောင်ရွက်ပေးနေပါတယ်။ ယာဉ်သက်တမ်းတိုး လာရောက်ပြုလုပ်တဲ့ ယာဉ်တွေအားလုံးကို ပြုလုပ်ပေးလျက်ရှိပါတယ်" ဟု ကညနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယာဉ်မှတ်ပုံတင်ထားသော မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ အငှားယာဉ်များ၊ ဌာနဆိုင်ရာယာဉ်များ၊ နိုင်ငံခြားသံရုံး ယာဉ်များအား အင်္ဂလိပ်အက္ခရာဂဏန်း ပြောင်းလဲဆောင်ရွက်ပေးလျက်ရှိပြီး ယာဉ်သက်တမ်းတိုး လာရောက်ပြုလုပ်သည့် ယာဉ်များကိုသာ ပြုလုပ်ပေးမည်ဖြစ်ပြီး ယာဉ်မှတ်ပုံတင်ထားသည့် မော်တော်ယာဉ် အမျိုးအစားအားလုံး ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကေသိန်းဆွေ**

## အစိုးရကြော်ငြာ


### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာနလက်အောက်ရှိ စီမံကိန်းလုပ်ငန်းသုံး ယာဉ်ယန္တရားများအတွက် လိုအပ်သောဘက်ထရီများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၅-၉-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၄-၁၀-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း - ၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်ငွေ့ / ရေနွေးငွေ့စက်ရုံများဌာနမှ မြင်းခြံဒေသတွင် တည်ဆောက်မည့်သဘာဝဓာတ်ငွေ့သုံး တာဘိုင်နှင့်သံမဏိစက်ရုံသို့ သဘာဝဓာတ်ငွေ့ပေးပို့ရန် လိုအပ်မည့်ပိုက်နှင့်ပိုက်ဆက်ပစ္စည်းများ၊ ဖိအားထိန်းချုပ်ဖြန့်ဖြူးရေးစခန်းသုံးပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၅-၉-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၄-၁၀-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း - ၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

### မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
### မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
### ဈေးနှုန်းအဆိုပြုလွှာခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မော်တော်ယာဉ် ဌာနအတွက် တာယာဆိုက်စုံ (၅၀) လုံးအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါစနစ် အရ ဝယ်ယူလိုပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာပုံစံများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း ၀၆၇-၄၀၈၀၆၀ ၊ ၀၆၇-၄၀၈၄၅၂ သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါဝယ်ယူရေးလုပ်ငန်းကြီးကြပ်အဖွဲ့**
**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

### ကျန်းမာရေးဦးစီးဌာန
### တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ
(၁) ကျိုင်းတုံတီဘီဌာနတွင် ဓာတ်မှန်ခန်းဆောက်လုပ်ခြင်း။
(၂) တာချီလိတ်ဆေးရုံတွင် (၁၀) ခန်းတွဲ (၄) ထပ်ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း။
(၃) မိုင်းဆတ်ဆေးရုံတွင် တီဘီဌာန(၁)လုံးနှင့် (၆)ခန်းတွဲ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း။
(၄) မိုင်းခတ်နှင့် မိုင်းဖြတ်မြို့နယ်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံ(၁)လုံးစီဆောက်လုပ်ရန်။
(၅) သူနာပြုသင်တန်းကျောင်းတွင် သူနာပြုသင်တန်းသူ (၂) ထပ်ဆောင် အပါအဝင် လုပ်ငန်း (၇)ရပ် ဆောက်လုပ်ရန် သက်ဆိုင်ရာ ဆောက်လုပ်ရေးလိုင်စင်ရ ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ ဈေးနှုန်းတင်သွင်းပုံစံများ
စတင်ရောင်းချမည့်နေ့ရက် - ၆-၉-၂၀၁၃ရက်
အိတ်ဖွင့်တင်ဒါပိတ်ရက် - ၇-၁၀-၂၀၁၃ ရက် ညနေ ၄:၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် လိုအပ်သောအချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း တွဲဖက် ပြည်နယ်ကျန်းမာရေးဦးစီးဌာနသို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး**
**ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့။**
**ဖုန်း-၀၈၄-၂၁၀၇၀၊ ၂၆၀၁၆**

### လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
### မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားစနစ်ဌာနလက်အောက်ရှိ ဓာတ်အားခွဲရုံများအတွက် လိုအပ်သော အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်-

(၁) Under ground Cable
(၂) Under frequency Panel

တင်ဒါပုံစံ ရောင်းချမည့်ရက် - ၅-၉-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၄-၁၀-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

### ကျန်းမာရေးဝန်ကြီးဌာန
### ဆေးသိပ္ပံပညာဦးစီးဌာန
### သူနာပြု/သားဖွားသင်တန်းကျောင်း၊ ထားဝယ်မြို့/မြိတ်မြို့
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်သူနာပြုသင်တန်းကျောင်း၊ နှစ်ထပ်အုပ်ချုပ်ရေးဆောင်၊ စာသင်ဆောင်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းလုပ်ငန်းနှင့် မြိတ်သားဖွားသင်တန်းကျောင်းပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၄-၉-၂၀၁၃ရက်
တင်ဒါပုံစံပိတ်ရက်/အချိန် - ၄-၁၀-၂၀၁၃ရက်၊ ၁၆:၀၀နာရီ

၃။ တင်ဒါစည်းကမ်းများနှင့် လုပ်ငန်းအချက်အလက်များကို သိရှိလိုပါကသူနာပြုသင်တန်းကျောင်း၊ ထားဝယ်မြို့နှင့် သားဖွားသင်တန်းကျောင်း၊ မြိတ်မြို့ ဖုန်း-၀၅၉-၂၁၃၆၉၊ ၀၅၉-၄၁၇၈၃ သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**




# ပြည်သူ့အတွက် စကိုင်းနက် ဆိုလျှင်. . .

"အစ်ကိုရေ စကိုင်းနက်ဆိုတဲ့ အတိုင်း အာကာသတစ်ခုလုံး နက်မှောင်ပြီး လမင်းဘယ်ကိုရောက်နေပြီလဲဟင်"

"အေးကွာ စကိုင်းနက်က မင်းတို့ပြောသလို ဘာသာပြန်ရမလိုဖြစ်နေပြီ၊ စကိုင်းနက်ပရိသတ်အားလုံးကလည်း တို့နဲ့ထပ်တူ ခံစားနေရပါတယ်ကွာ" စနေနေ့ည တစ်ည ပရီမီယာလိဂ်ဘောလုံးပွဲလာနေချိန် ပွဲကောင်းများမကြည့်ရသဖြင့် စိတ်ညစ်စွာ ငေးငိုင်နေသော စကိုင်းနက်ပရိသတ် လူငယ်များက ကျွန်တော့်ကို ပြောလိုက်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ ရုပ်သံလိုင်းများတွင် စကိုင်းနက်ပရိသတ်က အများဆုံးဟုဆိုလျှင် လွန်အံ့မထင်ပါ။ ကျွန်တော်သည်လည်း စကိုင်းနက်စတင်ပေါ်စဉ်ကပင် ယနေ့တိုင်သဲသဲမဲမဲစွဲမက်ခဲ့သူဖြစ်ပါသည်။ အထူးသဖြင့် ပရီမီယာလိဂ်ဘောလုံးပွဲများကို အဓိကထားပါသည်။ ပရီမီယာလိဂ်ရင်ခုန်သံက စကိုင်းနက်ကို ပရိသတ်အများဆုံး စွဲလမ်းစေခြင်းဖြစ်သည်။ ယခင် ၂၀၁၂ ခုနှစ်က ပရီမီယာလိဂ်ဘောလုံးပွဲများပြသနိုင်ခြင်း မရှိသော်လည်း စကိုင်းနက်ကို ချစ်သည့်စိတ်ဖြင့် ဆင်းရဲအတူ ချမ်းသာအတူနေခဲ့ပါသည်။ ယခုနှစ်တွင် ပရီမီယာလိဂ်ပြခွင့်ရပြီဆိုသည်နှင့် အပြေးအလွှား တစ်နှစ်သက်တမ်း ပြေးတိုးလိုက်ပါသည်။ ၂၀-၃-၂၀၁၃ ရက်စွဲဖြင့် ငွေကျပ် ၁၂၂၀၀၀ ကြိုတင်စွာ RSP ထံငွေသွင်းခဲ့ပါသည်။ စကိုင်းနက်ကလည်း ပရီမီယာလိဂ်ကြည့်ရတော့မည်ဖြစ်ကြောင်း ထပ်တလဲလဲကြေညာလို့နေပါသည်။

သို့သော် ပရီမီယာလိဂ်ရာသီရောက်လာသောအခါ ပြောင်းလဲမှုများ ပြုလုပ်လာပါတော့သည်။ အရာရာ အခြေအနေအရပြောင်းလဲနိုင်ကြောင်း ပရိသတ်များက နားလည်သဘောပေါက်ပါသည်။ စကိုင်းနက်ရဲ့ပြောင်းလဲမှုများက ကျွန်တော်တို့လိုက်မမီတော့ပါ။ ရင်မှာမောရပါသည်။ ယခင်နှစ်က စလောင်းထိပ်ဖူးပြောင်းရသည်။ ပရိသတ်က ငွေကျပ်တစ်သောင်းလိုက်ရသည်။ သတင်းစာရှင်းလင်းပွဲလုပ်သည်။ တစ်လမေတ္တာလက်ဆောင်ပြပေးသည်။ နောက် HD စက်များလဲရန်ကမ်းလှမ်းသည်။ ငွေကျပ်သုံးသောင်းပေးသွင်းရမည်။ ယခု တစ်ဖန် (SN-1) (SN-2) (SN-3) PACKAGE များအပိုင်းခွဲ၍ ငွေထပ်လိုက်ရမည်ဖြစ်သည်။

ယခင်တစ်နှစ်စာငွေကျပ် ၁၂၂၀၀၀ ပေးသွင်းသူက တစ်လငွေကျပ် ၁၀၅၀၀ ခန့်သွင်းရသော် ယခုပရီမီယာလိဂ်ကြည့်နိုင်ရန် တစ်လငွေကျပ် ၁၆၀၀၀ ပေးဆောင်ရမည်။ ကွာခြားငွေကို မိမိသက်တမ်းတိုးသောလအလိုက် တွက်ချက်ပေးသွင်းရမည်။ Discount ၅၀ ရာခိုင်နှုန်းပေးထားလို့ဖြစ်သည်။ သို့မဟုတ်ပါက မတွေးရဲစရာပင်။ စာရေးသူတို့ ပရိသတ်ရင်ထဲမှာ ရိုးသားစွာဖွင့်ဟရလျှင် တစ်လအခမဲ့၊ စွပ်ကျယ်တစ်ထည်၊ ကံစမ်းမဲများ၊ Discount များ သိပ်ဆန္ဒမရှိပါ။ လူတန်းစားများများကြည့်နိုင်ရန် တွဲခေါ်စေချင်ပါသည်။ မူလကတိအတိုင်း ငွေပေးသွင်းပြီးသူများကို သက်တမ်းပြည့်မှပြောင်းလဲသင့်သည်။

ယခုဈေးနှုန်းမှာလည်း စီးပွားရေးသမား ဘောလုံးပွဲဒိုင်၊ လက်ဖက်ရည်ဆိုင်နှင့် စားသောက်ဆိုင်များသာ အနားကပ်နိုင်မည်။ ဝါသနာ၊ မေတ္တာဖြင့် အားပေးနေသော ပရိသတ်အတွက်တော့ "စကိုင်းနက်" ဟာ အာကာသတစ်ခွင် တိမ်မည်းတွေဆင်၍ တိမ်ဖုန်းပါလို့ လမသာတဲ့ မှောင်လွန်းသောညများသာ ဖြစ်ရချေတော့မည်။ သို့ဖြစ်၍ "ပြည်သူ့အတွက် SKYNET. . ဆိုလျှင်" နိုင်ငံတော်ရဲ့ ဘောလုံးအားကစားကိုမြှင့်တင်ခြင်း၊ ဆီးဂိမ်းကိုလည်းကြိုဆိုရင်း ချစ်ပရိသတ်ကို ငဲ့ညှာထောက်ထားစာနာလျှင် ပြန်လည်စဉ်းစားပေးစေလိုကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

**ကိုရွှေသိမ်းအေး (ငါးသိုင်းချောင်း)**

# နာဂတောင်တန်းဒေသ လေရှီးဆွမ္မရာ သွားလာနေထိုင်ရေးခက်ခဲ

**လေရှီး စက်တင်ဘာ ၅**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နှင့် ဆွမ္မရာမြို့နယ်ခွဲတို့တွင် ယခုနှစ်မိုးရာသီ၌ မိုးများ၍ တောင်ပြိုခြင်း၊ လမ်းပေါ်တွင် သစ်ပင်များ လဲကျပိတ်ဆို့ခြင်း စသည်တို့ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရသည်။



လေရှီးသို့ရောက်ရန် ထမံသီမှ ကုန်းလမ်းဖြင့်သွားကြရပြီး ၄၁ မိုင်ကွာဝေးသည်။ မိုင်တိုင်အမှတ် (၃၅ မှ၄၁) အထိ ရွှံ့မြေများပျော့အိနေ၍ ကားများ၊ ဆိုင်ကယ်များ မသွားရောက်နိုင်ဘဲ ခြေကျင်လျှောက်ကြရသည်။ မကြာခဏ တောင်ပြိုပြီး လမ်းမပေါ်တွင် ပိတ်ဆို့မှုဖြစ်ကာ ရက်အနည်းငယ်အတွင်း လုံးဝမသွားရောက်နိုင်ဘဲ အရေးပေါ်သွားရောက်လိုပါက ကားများနှင့်ဆိုင်ကယ်ဘီးများကို ချိန်းကြိုးများပတ်၍ သွားကြရသည်။

ထို့အတူ လေရှီး-ဆွမ္မရာ ခရီးစဉ်သည်လည်း ထမံသီ-လေရှီးလမ်းထက် ပိုဆိုးကြောင်း၊ မြေကော်စက်များဖြင့် လမ်းသစ်များဖောက်လုပ်နေဆဲဖြစ်၍ ယခုနှစ်မိုးရာသီတွင် လေရှီးနှင့်နမိယူပီး နှစ်ရွာလမ်းကြားတွင် သစ်ပင်များ ပြိုလဲမှုအများဆုံးဖြစ်ပြီး ခြေကျင်ခရီးသာသွားနိုင်ကြောင်း သိရသည်။

လေယုံကျေးရွာတွင် အလက ကျောင်းရှိရာ ရပ်ဝေးမှလာသော ဆရာမများ ဆန်ပြတ်လပ်မှု အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**(မောင်ပြည်သူ-မန္တလေး)**

# လယ်ဝေးမြို့ သီရိရတနာမြို့မဈေး သမဝါယမအသင်း (၁၀)နှစ်ပြည့်ကျင်းပ

**လယ်ဝေး စက်တင်ဘာ ၅**

နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သီရိရတနာမြို့မဈေး သမဝါယမအသင်း၏ (၁၀)နှစ်ပြည့် အခမ်းအနားကို ဩဂုတ် ၃၀ ရက် မွန်းလွဲ ၂ နာရီက အဆိုပါအသင်းရုံး၌ကျင်းပရာ သီရိရတနာမြို့မဈေး သမဝါယမအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဈေးကော်မတီဥက္ကဋ္ဌ ဦးညွန့်မောင်က ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး စုဆောင်းငွေနှင့် အစုငွေအများဆုံးထည့်ဝင်ထားသော အသင်းသားများအား မှတ်တမ်းတင်ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

ထို့နောက် ဈေးသမဝါယမအသင်း ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်သည့် ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုချီးမြှင့်ပေးအပ်ခဲ့ပြီး ယခုပညာသင်နှစ်တွင် တက်ရောက်နေသည့်ကျောင်းသားကျောင်းသူများအား ပညာရေးအထောက်အကူပြု ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**လယ်ဝေး(ပြန်/ဆက်)**

# အစိုးရကြော်ငြာ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ရန်ကုန်နည်းပညာတက္ကသိုလ်
## ပါရဂူဘွဲ့သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ခု၊ ပညာသင်နှစ်အတွက် ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ (၇) ရက်မှ စတင်၍အောက်ဖော်ပြပါ အင်ဂျင်နီယာ/ဗိသုကာပါရဂူဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်-

**အင်ဂျင်နီယာ/ဗိသုကာပါရဂူဘွဲ့သင်တန်းများ**

(က) မြို့ပြအင်ဂျင်နီယာ (Structural Engg:/Water Resources Engg:)
(ခ) စက်မှုအင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) အီလက်ထရောနစ်အင်ဂျင်နီယာ
(င) မက္ကာထရောနစ်အင်ဂျင်နီယာ
(စ) ဓာတုအင်ဂျင်နီယာ
(ဆ) ချည်မျှင်နှင့်အထည်အင်ဂျင်နီယာ
(ဇ) သတ္တုတူးဖော်ရေးအင်ဂျင်နီယာ
(ဈ) ရေနံအင်ဂျင်နီယာ
(ည) သတ္တုဗေဒအင်ဂျင်နီယာ
(ဋ) ဗိသုကာ

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး ပါရဂူဘွဲ့အကြို(၁)နှစ်နှင့် သုတေသနကျမ်းပြု (၂)နှစ်၊ စုစုပေါင်း (၃)နှစ်သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့အကြိုသင်တန်းဖြေဆိုအောင်မြင်ပြီးသူများကိုသာလျှင် ပါရဂူဘွဲ့ သုတေသနဆက်လုပ်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကိုတင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး(သုံးဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။(နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူတင်ပြနိုင်ရမည်)
(ခ) (အင်ဂျင်နီယာ/ဗိသုကာ)မဟာဘွဲ့ M.E/M.Arch (သို့မဟုတ်) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အလားတူဘွဲ့တစ်ခုခု ရရှိထားသူဖြစ်ရမည်။
(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်းထောက်ခံချက်(မူရင်း)တင်ပြနိုင်သူဖြစ်ရမည်။
(ဃ) သင်တန်းတက်ရောက်မည့်သူများသည် ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အဆင့်ဆေးရုံမှ ဆရာဝန်၏ထောက်ခံချက် လက်မှတ်တင်ပြနိုင်ရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ၊ အောင်မြင်ခဲ့သောတက္ကသိုလ်များမှ မဟာဘွဲ့လက်မှတ် (မူရင်းနှင့်မိတ္တူ)တို့ကိုတင်ပြရမည်။

၅။ လျှောက်လွှာပုံစံများကို ၉-၉-၂၀၁၃ရက်(တနင်္လာနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ၂၀-၉-၂၀၁၃ ရက်(သောကြာနေ့)နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက ၂၄-၉-၂၀၁၃ ရက်(အင်္ဂါနေ့)တွင်စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကိုထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၌ အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်ဖြစ်သည်-

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၂၆-၉-၂၀၁၃ရက်(ကြာသပတေးနေ့) | အင်္ဂလိပ်စာ | ၉း၀၀နာရီမှ ၁၂း၀၀ နာရီ |
| ၂၇-၉-၂၀၁၃ရက်(သောကြာနေ့) | သက်ဆိုင်ရာဘာသာရပ် | ၉း၀၀ နာရီမှ ၁၂း၀၀ နာရီ |

၇။ လူတွေ့နှုတ်ဖြေစာမေးပွဲဖြေဆိုခွင့်ရရှိသူများစာရင်းကို ၃-၁၀-၂၀၁၃ ရက်(ကြာသပတေးနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး ၄-၁၀-၂၀၁၃ ရက်(သောကြာနေ့)မှစ၍ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။ ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၆-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်း ယူဆောင်လာရမည်။

၉။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသား ဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၁၀။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်း၊ အင်းစိန်၊ ဖုန်းနံပါတ် ၀၁-၆၄၂၄၁၃၊ ၀၁-၆၄၂၅၆၀များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## မန္တလေးနည်းပညာတက္ကသိုလ်
## ပါရဂူဘွဲ့သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနလက်အောက်ရှိ မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ခု၊ ပညာသင်နှစ်အတွက် ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ (၇) ရက်မှ စတင်၍အောက်ဖော်ပြပါ အင်ဂျင်နီယာ/ဗိသုကာပါရဂူဘွဲ့နှင့် ဇီဝနည်းပညာ ပါရဂူဘွဲ့သင်တန်းများကိုဖွင့်လှစ်ရန်ရှိပါသည်။

**အင်ဂျင်နီယာ/ဗိသုကာပါရဂူဘွဲ့နှင့် ဇီဝနည်းပညာပါရဂူဘွဲ့သင်တန်းများ**

(က) မြို့ပြအင်ဂျင်နီယာ (Structural Eng:/Water Resources Engg:)
(ခ) စက်မှုအင်ဂျင်နီယာ
(ဂ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(ဃ) အီလက်ထရောနစ်အင်ဂျင်နီယာ
(င) သုတနည်းပညာအင်ဂျင်နီယာ
(စ) မက္ကာထရောနစ်အင်ဂျင်နီယာ
(ဆ) ဓာတုအင်ဂျင်နီယာ
(ဇ) နျူကလီးယားအင်ဂျင်နီယာ
(ဈ) ဗိသုကာ
(ည) ဇီဝနည်းပညာ

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး ပါရဂူဘွဲ့အကြို(၁)နှစ်နှင့် သုတေသနကျမ်းပြု (၂)နှစ်၊ စုစုပေါင်း (၃)နှစ်သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့ကြိုသင်တန်းဖြေဆိုအောင်မြင်ပြီးသူများကိုသာလျှင် ပါရဂူဘွဲ့ သုတေသနဆက်လုပ်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားကြသူများသည် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကိုတင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး(သုံးဦးစလုံး)သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။(နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း/မိတ္တူတင်ပြနိုင်ရမည်)
(ခ) (အင်ဂျင်နီယာ/ဗိသုကာ)မဟာဘွဲ့ (M.E/M.Arch)၊ မဟာသိပ္ပံဇီဝနည်းပညာဘွဲ့(M.S)(သို့မဟုတ်)အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အလားတူဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။
(ဂ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်းထောက်ခံချက်(မူရင်း) တင်ပြနိုင်သူဖြစ်ရမည်။
(ဃ) သင်တန်းတက်ရောက်မည့်သူများသည် ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်အဆင့်ဆေးရုံမှ ဆရာဝန်၏ထောက်ခံချက် လက်မှတ်တင်ပြနိုင်ရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စပို့အရွယ်ရောင်စုံဓာတ်ပုံသုံးပုံ၊ အောင်မြင်ခဲ့သောတက္ကသိုလ်များမှ မဟာဘွဲ့လက်မှတ် (မူရင်းနှင့်မိတ္တူ)တို့ကိုတင်ပြရမည်။

၅။ လျှောက်လွှာပုံစံများကို ၉-၉-၂၀၁၃ရက်(တနင်္လာနေ့)မှစ၍ မန္တလေးနည်းပညာတက္ကသိုလ်တွင် ရယူနိုင်ပြီး လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀-၉-၂၀၁၃ ရက်(သောကြာနေ့)နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါအချက်အလက်များအား စိစစ်ပြီးမှန်ကန်ပါက ၂၄-၉-၂၀၁၃ ရက်(အင်္ဂါနေ့)တွင် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကိုထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မန္တလေးနည်းပညာတက္ကသိုလ်၊ ပုသိမ်ကြီး၊ မန္တလေး၌အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၂၆-၉-၂၀၁၃ရက်(ကြာသပတေးနေ့) | အင်္ဂလိပ်စာ | ၉း၀၀ နာရီမှ ၁၂း၀၀နာရီ |
| ၂၇-၉-၂၀၁၃ရက်(သောကြာနေ့) | သက်ဆိုင်ရာဘာသာရပ် | ၉း၀၀နာရီမှ ၁၂း၀၀ နာရီ |

၇။ လူတွေ့နှုတ်ဖြေစာမေးပွဲဖြေဆိုခွင့်ရရှိသူများစာရင်းကို ၃-၁၀-၂၀၁၃ ရက်(ကြာသပတေးနေ့)တွင်ထုတ်ပြန်ပေးမည်ဖြစ်ပြီး ၄-၁၀-၂၀၁၃ ရက်(သောကြာနေ့)မှစ၍ မန္တလေးနည်းပညာတက္ကသိုလ်တွင် လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်။ ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို ၆-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် မန္တလေးနည်းပညာတက္ကသိုလ်၌ ထုတ်ပြန်ကြေညာမည်။

၈။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို တစ်ပါတည်း ယူဆောင်လာရမည်။

၉။ သတ်မှတ်ထားသည့် အချက်အလက်များတိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမပြုသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသား ဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၁၀။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ်ဖုန်းနံပါတ် ၀၂-၅၇၇၃၆၃၊ ၀၉-၂၀၁၆၅၀၉ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

# စာပေမြင့်မှ လူမျိုးမြင့်မည်

**နေဇာဇာထွန်း**

လူတို့သည် အသိပညာဖွံ့ဖြိုးလာမှုနှင့်အတူ ပညာ၏အနှစ်သာရကို ယုံကြည်အားကိုးကာ ကျင့်ကြံလုပ်ဆောင်လာကြပြီ။ ရှေးယခင်က ကာယအားကို အသုံးပြုကာ အသက်မွေးဝမ်းကျောင်းပြုခဲ့ကြရာမှ ယနေ့ခေတ် ၂၁ ရာစုကြီးတွင် ပညာ(ဉာဏ)ကို အခြေခံကာ အသက်မွေးဝမ်းကျောင်းပြုလာကြသည်။ ပညာကို မဏ္ဍိုင်ပြုကာ စက်မှုနိုင်ငံကြီးများအဖြစ် တည်ဆောက်လာခဲ့ကြပြီ။ ထိုကဲ့သို့ စက်မှုနိုင်ငံကြီးများကိုတည်ဆောက်ရာတွင် ပညာသည် နိုင်ငံတစ်နိုင်ငံအတွက်သာမက လူသားတစ်ဦးချင်းစီ၏ အသက်သွေးကြောပင်ဖြစ်ပေသည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ယင်းနိုင်ငံ၏စာတတ်မြောက်မှုပေါ်တွင် များစွာတည်မှီနေပေသည်။ ထို့ကြောင့် ပညာသည် လူသားတိုင်း၏ ကိုးကွယ်ရာ၊ ဆည်းပူးရာ "ပညာသမာ၊ အာဘာနတ္ထိ" ပညာနှင့်တူသော အလင်းရောင်သည် မရှိဟူသည့် ဆိုရိုးစကားကဲ့သို့ စာပေပညာသည် လူမျိုးတိုင်း၏ မီးရှူးတန်ဆောင် အလင်းရောင်ပင်ဖြစ်သည်။

ပညာသည် လူသားတိုင်း၏ မီးရှူးတန်ဆောင်ဟုဆိုထားပေရာ ကမ္ဘာ့နိုင်ငံများရှိ လူတိုင်းစာတတ်မြောက်မှုနှုန်းကို မြှင့်တင်လာခဲ့ကြသည်။ ယူနက်စကို အထွေထွေညီလာခံကြီးကလည်း ကမ္ဘာ့နိုင်ငံများ၏ပညာရေးကဏ္ဍကို မြှင့်တင်နိုင်ရန်အတွက် ၁၉၆၆ ခုနှစ်မှစ၍နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့ကို စာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ပြဋ္ဌာန်းပေးခဲ့သည်။ ထိုသို့ ပညာကိုမဏ္ဍိုင်ပြုကာ ဦးတည်လျှောက်လှမ်းနေသည့် ကမ္ဘာ့နိုင်ငံအတော်များများတွင် သတင်းနှင့်နည်းပညာများ ဆက်နွယ်ပေါင်းကူးရုံမျှမက ဆေးသိပ္ပံပညာစသည့် အသိပညာရှင်၊ အတတ်ပညာရှင်များစွာ ပေါ်ထွန်းလာမှုနှင့်အတူ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ကဏ္ဍပေါင်းစုံတွင် တစ်ဟုန်ထိုးတိုးတက်ပြောင်းလဲလာနေပြီဖြစ်သည်။

ယနေ့ခေတ်မြန်မာနိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံကြီးအဖြစ်တည်ဆောက်နေချိန်တွင် ပညာရေးကဏ္ဍသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေပေသည်။ နိုင်ငံတော်တွင် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ များစွာပေါ်ထွက်လာမှသာ နိုင်ငံ၏အဓိကကျသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် လုပ်ငန်းများ အဆင့်မြင့်မားလာပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများမှ မြန်မာနိုင်ငံအား အလေးထားအာရုံစိုက်နေသည့် ယနေ့လိုအချိန်သည် မြန်မာဟေ့ဟုကြွေးကြော်ကာ မြန်မာနိုင်ငံ၏ ပညာ (ဉာဏ) သူရဲကောင်းများအဖြစ်လှစ်ဟခွင့်ရကြမည့်အချိန်။ ဤကဲ့သို့အချိန်တွင် ပညာ(ဉာဏ)သူရဲကောင်းများအဖြစ် လှစ်ဟဖော်ပြကြရပေမည်။ ထိုကဲ့သို့ ကြွေးကြော်နိုင်ရန်မှာလည်း နိုင်ငံတကာနှင့်ယှဉ်နိုင်သည့် ပညာရေးစနစ်ဖြစ်ရန် လိုအပ်လှပေသည်။

၂၁ ရာစုတွင် နိုင်ငံများ၏ စီးပွားရေးနှင့်လူမှုရေး အဆင့်မြင့်မြင့်တိုးတက်နိုင်ရန်အတွက် ယနေ့ခေတ်မြန်ဆန်ပြောင်းလဲနေသော ကမ္ဘာကြီးတွင် နိုင်ငံသားအားလုံး၏အရည်အသွေးနှင့်စွမ်းရည်ကိုမြှင့်တင်နိုင်ရေးသည် ပညာရေးအပေါ်တွင် များစွာတည်မှီလျက်ရှိသည်။ တိုးတက်နေသည့် နိုင်ငံကြီးများတွင်သာမက ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ပါ သဘာဝသယံဇာတကိုအခြေခံသည့် စီးပွားရေးစနစ်မှ လူသားအရင်းအမြစ်ကို အခြေခံသည့် စီးပွားရေးစနစ်သို့ ကူးပြောင်းလာကြပြီဖြစ်သည်။ လူသားအရင်းအမြစ်ကိုအခြေခံသည့် စီးပွားရေးသည် သဘာဝသယံဇာတကိုအခြေခံသည့် စီးပွားရေးစနစ်ကဲ့သို့ ပြုန်းတီးမှုမဖြစ်ပေါ်နိုင်သည့်အပြင် စီးပွားရေးအရလည်း များစွာတွက်ခြေကိုက်စေမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတိုးတက်ပြောင်းလဲရာတွင် ထိုနိုင်ငံတွင်နေထိုင်သည့် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ တိုးတက်ရန်လိုအပ်ပေသည်။ လူတစ်ဦးချင်းစီ၏လူမှုစီးပွားဘဝများ တိုးတက်ပြောင်းလဲစေရန်မှာ လူတစ်ဦးချင်းစီ၏ အသိပညာစွမ်းအားမြင့်မားမှုရပေမည်။ အသိပညာများ တိုးပွားစေရန်မှာလည်း စာပေဖတ်ရှုမှုအားကောင်းမှသာ ရနိုင်မည်ဖြစ်သည်။ လူတိုင်းစာတတ်မြောက်ရုံသာမက စာပေဖတ်ရှုကြရန် ရှေးစာဆိုတော်ကြီးများက 'စာတစ်လုံး ဘုရားတစ်ဆူ၊ ပညာလိုအိုသည်မရှိ၊ ပညာဆည်းပူး ပန်းသို့ခူး၊ ပညာမရှိ သူ၏ဝန်ထမ်း' စသည်ဖြင့် အမျိုးမျိုးဖွဲ့ဆိုခဲ့ကြပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရသစ်လက်ထက်တွင် အမျိုးသားစီးပွားရေးမူဝါဒ (၄)ရပ်ချမှတ်ထားပြီးဖြစ်ရာ ယင်းမူဝါဒ အောင်မြင်ရေးအတွက် ပညာကိုမဏ္ဍိုင်ပြုကာ ကြိုးပမ်းသွားကြရမည်ဖြစ်သည်။ 'လူသားစွမ်းရည်မြင့်မားဖို့ စာတတ်မြောက်ရေးအားပေးစို့' ဆောင်ပုဒ်နှင့်အညီ စာတတ်မြောက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ကြိုးပမ်းဆောင်ရွက်ကြရပေမည်။ မြန်မာနိုင်ငံအနေဖြင့် လူဦးရေနှင့် သယံဇာတများ အများအပြားရှိသော်လည်း ဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင် အားနည်းချက်များကို တွေ့ရမည်ဖြစ်သည်။ အဆိုပါအားနည်းချက်များကို ယေဘုယျသုံးသပ်ကြည့်ပါက လူ့စွမ်းအားအရင်းအမြစ် နည်းပါးနေသေးခြင်းကြောင့်ပင် ဖြစ်သည်။ တစ်နည်းဆိုရသော် ပညာကိုဗဟိုပြုသည့်စနစ် အားနည်းနေသေးခြင်းကြောင့်ဟုဆိုရမည်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံ၏ ပညာရေးကို ဝိုင်းဝန်းမြှင့်တင်နေကြပြီဖြစ်သည်။ ကျောင်းနေအရွယ်ကလေးတိုင်း စာတတ်မြောက်ရေးနှင့် လူမျိုးဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး ပညာသင်ကြားနိုင်ရေးအတွက် အခမဲ့မသင်မနေရမူလတန်းပညာရေးစနစ်ကို ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ မျိုးဆက်သစ်ကျောင်းသားလူငယ်များအား ကျောင်းတွင်း ပညာရေးတွင်သာမက စိတ်ဓာတ်၊ စည်းကမ်းပြည့်ဝထူးချွန်သည့် စာရိတ္တနှင့် ပြည်သူ့နီတိများကိုပါ သင်ကြားပေးကာ ကျောင်းသားဗဟိုပြုသင်ကြားနည်းဖြင့် သင်ကြားပေးလျက်ရှိသည်။ ကျောင်းသားဗဟိုပြုသင်ကြားရာတွင် အုပ်ထိန်းသူမိဘများ၏အပိုင်းသည်လည်း အရေးကြီးလှပေသည်။ 'လက်ဦးဆရာ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့် ဖ' ဆိုရိုးစကားအတိုင်း လက်ဦးဆရာမိဘတို့၏သားသမီးအပေါ် သွန်သင်ဆုံးမထိန်းကျောင်းမှုကောင်းပါမှ အခြေခံအုတ်မြစ်ခိုင်မာမည်ဖြစ်သည်။ ယနေ့ခေတ်ကြီးသည် အိုင်တီနည်းပညာများ ထွန်းကားလာမှုနှင့်အတူ ဆန်းသစ်လာသည့် ဇိမ်ခံပစ္စည်းများကြောင့် ကလေးငယ်များ၏ပညာရေးကို မထိခိုက်စေရန်နှင့် လမ်းမှားမရောက်စေရန် မိဘများ၏ သွန်သင်ဆုံးမမှုသည် များစွာအရေးကြီးလှပေသည်။

ထူးချွန်ထက်မြက်သည့် ကျောင်းသားလူငယ်လေးများဖြစ်လာရန်မှာလည်း ဆရာဆရာမများအပေါ်တွင် များစွာတည်မှီနေပါသည်။ 'တပည့်မကောင်း ဆရာ့ခေါင်း' ဆိုသကဲ့သို့ ဆရာများ၏ သင်ကြားသင်ယူမှုအပိုင်းသည် ကျောင်းသားလူငယ်လေးများ၏ ထူးချွန်ထက်မြက်မှုတွင် ပင်မရေသောက်မြစ်ဟု ဆိုရပေမည်။ ကျန်းမာသန်စွမ်း ထူးချွန်ထက်မြက်သည့် ကျောင်းသားလူငယ်များကို သင်ကြားမွမ်းမံပေးကြမည့် ပညာ့ဥယျာဉ်မှူးများအနေဖြင့် ကျောင်းသားဗဟိုပြုသင်ကြားရုံမျှမက ဆရာဗဟိုပြုသင်ကြားနည်းများဖြင့် လေ့လာသင်ကြားကာ နိုင်ငံ့ဂုဏ်ကို ဆောင်ကြရပေမည်။ နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်များအရ ပညာရေးဝန်ကြီးဌာနက ပညာရေးဝန်ထမ်းများ၏စွမ်းဆောင်ရည်နှင့် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်စေရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ဆရာ ဆရာမများ၏ ဂုဏ်သိက္ခာနှင့် လူမှုစီးပွားဘဝများမြင့်မားစေရန် ဆောင်ရွက်ရုံမျှမက ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ဝေးလံခေါင်းပါးသော ဒေသများနှင့် ဖွံ့ဖြိုးမှုနောက်ကျနေသေးသော ကျေးရွာများတွင် ပညာသင်ကြားမှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန် နေ့စားလပေးမူလတန်းပြဆရာ ဆရာမများနှင့် အောက်ခြေဝန်ထမ်းများကို တိုးမြှင့်ခန့်အပ်ပေးပြီးဖြစ်သည်။

ဤကဲ့သို့ ပညာရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြရမည့် ကျောင်းသားလူငယ်များအနေဖြင့် ပညာရည်ပြည့်ဝသည့် လူတော်လူကောင်းလေးများဖြစ်စေရန် အစွမ်းကုန်ကြိုးစားသွားကြရမည်ဖြစ်သည်။ ထိုကဲ့သို့သင်ယူခြင်းဖြင့် မိမိ၏ဂုဏ်ကို မြှင့်တင်နိုင်သကဲ့သို့ နိုင်ငံ့ဂုဏ်ကိုပါ မြှင့်တင်ရာရောက်ပေမည်။ ကျောင်းတွင်းပညာရေးတွင်သာမက ကျောင်းပြင်ပ ပညာရေးကိုပါ ဆည်းပူးလေ့လာကြရမည်။ ကျောင်းစာတော်ရုံသက်သက်မဟုတ်ဘဲ ထူးချွန်ထက်မြက်သည့်လူရည်ချွန်လေးများဖြစ်စေရန် ကြိုးစားကြရပေမည်။ သို့မှသာ ထူးချွန်ထက်မြက်သည့် သားကောင်းသမီးမွန်လေးများဖြစ်လာကာ နိုင်ငံ့တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြရာတွင် အရည်အချင်းပြည့်ဝသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာနိုင်မည်ဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပညာရေးကိုမြှင့်တင်ကြရာတွင် "ကျောင်းသား၊ မိဘ၊ ဆရာ သုံးဦးပေါင်း ကလေးပညာကောင်း" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သုံးဦးသုံးဖလှယ် စွမ်းအားပြည့် ဆောင်ရွက်ကြရပေမည်။

'ခြေသွားထက် ကလောင်သွားထက်၏"ဟူ၍ စာပေစွမ်းအားကို ဖော်ကျူးထားပေရာ စာပေပညာရှင်၊ စာပေလောကသားများသည်လည်း နိုင်ငံနှင့် လူမျိုးအတွက် အင်အားတစ်ရပ်ပင်ဖြစ်ပါသည်။ စာပေသည် ပြည်သူများ၏ အသိဉာဏ်ရှိမှု၊ ဗဟုသုတပြည့်စုံကြွယ်ဝမှု၊ အတွေးအခေါ်ဆင်ခြင်တုံတရားထက်မြက်မှုရှိရုံမျှမက နိုင်ငံချစ်စိတ်စသည့် အမျိုးသားရေးစိတ်ဓာတ်များကို နိုးကြားတက်ကြွစေဆော်ပေးရာများတွင်ပါ ဩဇာအရှိန်အဝါကြီးမားသည့် လက်နက်တစ်ခုပင်ဖြစ်ပါသည်။ ပြည်သူတစ်ရပ်လုံး၏ အတွေးအမြင်၊ ဗဟုသုတမှန်ကန်ပြည့်စုံစေရန် စာပေလောကသားများကလည်း အားဖြည့်ဝိုင်းဝန်းကာ စာပေပညာဖြင့် မီးမောင်းထိုးပြကြရပေမည်။

ယနေ့အချိန်အခါသည်လည်း အသိပညာ ဗဟုသုတရှာမှီးနိုင်ရန်အတွက် သတင်းမီဒီယာများ အင်မတန်မှပေါများလှသည့် အကောင်းဆုံးအချိန်အခါဖြစ်ပေသည်။ နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍကို အနှစ်(၃၀) နှစ်ရှည် စီမံကိန်းများချမှတ်ကာ နိုင်ငံတကာအဆင့်မီပညာရေးဖြစ်စေရန်နှင့် နိုင်ငံသားတိုင်းစာတတ်မြောက်စေရန်ရည်ရွယ်၍ လုပ်ဆောင်နေသကဲ့သို့ စာဖတ်ရှိန်မြှင့်တင်နိုင်ရန်အတွက်လည်း အများပြည်သူသွားလာရာ နေရာများတွင် စာပေရေချမ်းစင်များ ထားရှိပေးလျက်ရှိသည်။ စာပေစေတနာရှင်ပြည်သူများကလည်း စာအုပ်စာစောင်များကိုတစ်တပ်တစ်အား ပါဝင်လှူဒါန်းအားဖြည့်လာကြသည်။ လူငယ်များအနေဖြင့် အင်တာနက် သတင်းမီဒီယာများမှတစ်ဆင့် ရရှိလာသည့် အခွင့်အရေးကို အပြည့်အဝအသုံးချတတ်ရုံမျှမက ဉာဏ်မျက်စိများကို ဖွင့်ကာ နည်းပညာအသစ်အဆန်းများကို ရှာဖွေဖော်ထုတ်ရင်း မိမိတို့၏ ဘဝတိုးတက်ရာတိုးတက်ကြောင်းဆီသို့ ဦးတည်လျှောက်လှမ်းကြရပေမည်။

ဤကဲ့သို့ ရေကန်အသင့်၊ ကြာအသင့်ဖြစ်နေသည့် မျက်မှောက်ခေတ်ပညာရေးတွင် ကျောင်းသား၊ မိဘ၊ ဆရာနှင့် စာပေလောကသားများသာမက ပြည်သူတစ်ရပ်လုံးကပါ လက်တွဲညီညီဖြင့်စာတတ်မြောက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် လုပ်ဆောင်ကျင့်ကြံသွားကြခြင်းဖြင့် ပညာကို အခြေခံမဏ္ဍိုင်ပြုသွားနေသည့် မြန်မာနိုင်ငံကြီးသည်လည်း တိုးတက်မှုအဟုန်ဆီသို့ စီးမျောလိုက်ပါနိုင်မည်ဖြစ်သည်။ လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် လူတိုင်းစာတတ်မြောက်ရေးကို အားပေးကြပါစို့ဟု တိုက်တွန်းရင်း ၂၀၁၃ ခုနှစ် စက်တင်ဘာ ၈ ရက်တွင်ကျရောက်မည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။


## စက်မှုဝန်ကြီးဌာန
## ဝင်းသူဇာအရောင်းဆိုင်များအား ပုဂ္ဂလိကအရောင်းဆိုင်အဖြစ် ဖွင့်လှစ်နိုင်ရေး ငှားရမ်းရန်တင်ဒါဖိတ်ခေါ်ခြင်း

စက်မှုဝန်ကြီးဌာနမှ ဖွင့်လှစ်ထားရှိသော အောက်ဖော်ပြပါ ဝင်းသူဇာအရောင်းဆိုင် (၃၈)ဆိုင်အား ပုဂ္ဂလိက၏ အရောင်းဆိုင်အဖြစ် ငှားရမ်းရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

၁။ ဝင်းသူဇာအရောင်းဆိုင်(သာကေတ)[အမှတ်(၁၄၂၀-ဘီ)၊ မင်းနန္ဒာ ၂ လမ်း၊ သာကေတမြို့နယ်]
၂။ ဝင်းသူဇာအရောင်းဆိုင် (မဟာအောင်မြေ)[အမှတ်(၂၈၀)၊ ၄၁ လမ်း၊ ၈၆×၈၇ လမ်း၊ မန္တလေးမြို့]
၃။ ဝင်းသူဇာအရောင်းဆိုင် (လားရှိုး)[အမှတ်(၈/က)၊ သိန်းနီလမ်း၊ (၂)ရပ်ကွက်၊ လားရှိုးမြို့]
၄။ ဝင်းသူဇာအရောင်းဆိုင် (ကျောက်ဆည်)[ရန်ကုန်-မန္တလေးကားလမ်းမဘေး၊ ကျောက်ဆည်မြို့]
၅။ ဝင်းသူဇာအရောင်းဆိုင် (အောင်လံ)[ပြည်-အောင်လံကားလမ်းမဘေး၊ အောင်လံမြို့]
၆။ ဝင်းသူဇာအရောင်းဆိုင် (ညောင်ဦး)[ကျောက်ပန်းတောင်းလမ်းမဘေး၊ ညောင်ဦးမြို့]
၇။ ဝင်းသူဇာအရောင်းဆိုင် (မော်လမြိုင်)[မြိုင်ရတနာဈေးကြီး၊ မြေညီထပ်၊ မော်လမြိုင်မြို့]
၈။ ဝင်းသူဇာအရောင်းဆိုင် (မန္တလေး)[ငပိတန်းလက်ကျား၊ အရှေ့ဘက်တိုက်တန်း၊ ဈေးချို၊ မန္တလေးမြို့]
၉။ ဝင်းသူဇာအရောင်းဆိုင် (ပြည်)[စည်ပင်သာယာဈေး အရှေ့ဘက်၊ ပြည်မြို့]
၁၀။ ဝင်းသူဇာအရောင်းဆိုင် (ဆားလင်းကြီး)[အမှတ်(၇၉)၊ (၁)ရပ်ကွက်၊ ဆားလင်းကြီးမြို့]
၁၁။ ဝင်းသူဇာအရောင်းဆိုင် (မြိုင်) [မြိုင်-ဂန့်ဂေါကားလမ်းမဘေး၊ မြိုင်မြို့]
၁၂။ ဝင်းသူဇာအရောင်းဆိုင် (ရေစကြို)[ဗိုလ်ချုပ်လမ်းနှင့် မြို့ပတ်လမ်းထောင့်၊ ရေစကြိုမြို့]
၁၃။ ဝင်းသူဇာအရောင်းဆိုင် (ရမည်းသင်း)[ရန်ကုန်-မန္တလေးကားလမ်းမ အရှေ့ဘက်၊ ရမည်းသင်းမြို့]
၁၄။ ဝင်းသူဇာအရောင်းဆိုင် (ပွင့်ဖြူ) [ကန်သာကြီးရွာအနီး၊ ပွင့်ဖြူမြို့]
၁၅။ ဝင်းသူဇာအရောင်းဆိုင် (မြင်းခြံ)[စည်ပင်သာယာဈေး အနောက်တောင်ဘက်၊ မြင်းခြံမြို့]
၁၆။ ဝင်းသူဇာအရောင်းဆိုင် (မြို့မဈေး)[နေပြည်တော်မြို့မဈေး၊ အရှေ့ဘက်မျက်နှာစာတန်း]
၁၇။ ဝင်းသူဇာအရောင်းဆိုင် (တောင်ဒဂုံ)[လှော်ကားလမ်းနှင့် မြိတ်လမ်းထောင့်၊ တောင်ဒဂုံ၊ ရန်ကုန်မြို့]
၁၈။ ဝင်းသူဇာအရောင်းဆိုင် (ယင်းမာပင်)[မြို့နယ်အားကစားအနီး၊ အုပ်ချုပ်ရေးမှူးရုံးရှေ့၊ ယင်းမာပင်မြို့]
၁၉။ ဝင်းသူဇာအရောင်းဆိုင် (ပခုက္ကူ)[အမှတ်(၈)ရပ်ကွက်၊ လွတ်လပ်ရေးလမ်းနှင့် တန်ဆောင်တိုင်လမ်းထောင့်၊ ပခုက္ကူမြို့]
၂၀။ ဝင်းသူဇာအရောင်းဆိုင် (ပျော်ဘွယ်)[မြင်းဘက်ရပ်၊ ရန်ကုန်-မန္တလေးကားလမ်းဘေး၊ ပျော်ဘွယ်မြို့]
၂၁။ ဝင်းသူဇာအရောင်းဆိုင် (ဗဟန်း)[အမှတ်(၁၉၂)၊စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့]
၂၂။ ဝင်းသူဇာအရောင်းဆိုင် (ဗိုလ်ချုပ်ဈေး)[ဆိုင်အမှတ်(၁၈၄/၁၈၅)၊ အရှေ့ဘက်တန်း၊ ဗိုလ်ချုပ်ဈေး]
၂၃။ ဝင်းသူဇာအရောင်းဆိုင် (မြစ်ကြီးနား)[ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဈေးကြီးလမ်းထောင့်၊ မြစ်ကြီးနားမြို့]
၂၄။ ဝင်းသူဇာအရောင်းဆိုင် (လှိုင်သာယာ)[ကျန်စစ်သားလမ်းနှင့် ညောင်ကန်လမ်းထောင့်၊ လှိုင်သာယာမြို့နယ်]
၂၅။ ဝင်းသူဇာအရောင်းဆိုင် (စစ်တွေ)[ရေတွင်းလမ်းနှင့် ကမ်းနားလမ်းထောင့်၊ စစ်တွေမြို့]
၂၆။ ဝင်းသူဇာအရောင်းဆိုင် (ဂန့်ဂေါ)[ဗိုလ်ချုပ်လမ်း၊ စည်ပင်သာယာရပ်ကွက်၊ ဂန့်ဂေါမြို့]
၂၇။ ဝင်းသူဇာအရောင်းဆိုင် (ဘားအံ)[သီတာလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ဘားအံမြို့]
၂၈။ ဝင်းသူဇာအရောင်းဆိုင် (မုံရွာ)[မြသလ္လာဈေး၊ ဒုတိယထပ်၊ မုံရွာမြို့]
၂၉။ ဝင်းသူဇာအရောင်းဆိုင် (ဆော)[သီရိရပ်ကွက်၊ ဆောမြို့]
၃၀။ ဝင်းသူဇာကုန်တိုက်[အမှတ်(၁၄၈)၊ သီရိရတနာအဆင့်မြင့်ဈေး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်]
၃၁။ ဝင်းသူဇာအရောင်းဆိုင် (အနောက်မရမ်းကုန်း)[(၃)ရပ်ကွက်၊ အင်းစိန်လမ်းမကြီး၊ မရမ်းကုန်းမြို့နယ်]
၃၂။ ဝင်းသူဇာအရောင်းဆိုင် (ကညွတ်ကွင်း)[စည်ပင်သာယာဈေးကြီးအတွင်း၊ ကညွတ်ကွင်းမြို့]

**လက်ရှိငှားရမ်းကာလကုန်ဆုံးပါက ထပ်မံငှားရမ်းမည့်ဆိုင်များ**

၃၃။ ဝင်းသူဇာအရောင်းဆိုင် (တောင်ဥက္ကလာ) ၃၁-၈-၂၀၁၃ သက်တမ်းကုန် [သံသုမာလမ်းမကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့]
၃၄။ ဝင်းသူဇာအရောင်းဆိုင် (အမ်း) ၁၄-၉-၂၀၁၃ သက်တမ်းကုန်၊ [မြို့သစ်တောင်ပိုင်း၊ အမ်းမြို့]
၃၅။ ဝင်းသူဇာအရောင်းဆိုင် (လှိုင်) ၃၀-၉-၂၀၁၃ သက်တမ်းကုန်[ရန်ကုန်အင်းစိန်မြို့နယ်လမ်းမကြီး၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့]
၃၆။ ဝင်းသူဇာအရောင်းဆိုင် (ရွာတော်) ၁၈-၁၀-၂၀၁၃ သက်တမ်းကုန်[အဆင့်မြင့်မင်္ဂလာဈေး၊ ရွာတော်၊ နေပြည်တော်]
၃၇။ ဝင်းသူဇာအရောင်းဆိုင် (မရမ်းကုန်း) ၃၀-၁၁-၂၀၁၃ သက်တမ်းကုန်၊ [ပြည်လမ်း၊ ၈မိုင်လမ်းဆုံအနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့]
၃၈။ ဝင်းသူဇာအရောင်းဆိုင် (မြောက်ဥက္ကလာ) ၃၁-၁၂-၂၀၁၃ သက်တမ်းကုန် [အမှတ်(၂၅/၃၀)၊ ခေမာသီလမ်းနှင့် အမရာလမ်းထောင့်၊ စက်မှုဇုန်ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။]

၂၀၁၄ ခုနှစ်အတွင်း ငှားရမ်းထားသည့် စာချုပ်စာတမ်းကုန်ဆုံးမည်ဖြစ်သော အောက်ဖော်ပြပါ ဝင်းသူဇာအရောင်းဆိုင်(၁၃)ဆိုင်ကို သက်တမ်းကုန်ဆုံးသည်နှင့် ပုဂ္ဂလိက၏ အရောင်းဆိုင် အဖြစ်ငှားရမ်းရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြိုတင်အသိပေးအပ်ပါသည်-

၁။ ဝင်းသူဇာအရောင်းဆိုင် (ပဒါန်း) ၃၁-၁-၂၀၁၄ သက်တမ်းကုန်[ပုသိမ်-မုံရွာလမ်းနှင့် မင်းဘူး-အမ်းလမ်းဆုံ ပဒါန်းကျေးရွာ၊ ငဖဲမြို့]
၂။ ဝင်းသူဇာအရောင်းဆိုင် (ဖျာပုံ) ၃၁-၁-၂၀၁၄ သက်တမ်းကုန် [အမှတ်(၈)၊ ပထမလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ ၄၇ ရပ်ကွက်၊ ဖျာပုံမြို့]
၃။ ဝင်းသူဇာအရောင်းဆိုင် (ဆိပ်ဖြူ)၊ ၃၁-၁-၂၀၁၄ သက်တမ်းကုန် [တိုးချဲ့ကွက်သစ်ရပ်၊ ပတ္တမြားဈေးအရှေ့ဘက်၊ ဆိပ်ဖြူမြို့]
၄။ ဝင်းသူဇာအရောင်းဆိုင် (တာမွေ) ၂၈-၂-၂၀၁၄ သက်တမ်းကုန် [ဖိုးစိန်လမ်းမကြီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့]
၅။ ဝင်းသူဇာအရောင်းဆိုင် (ပန်းဆိုးတန်း) ၃၁-၃-၂၀၁၄ သက်တမ်းကုန် [အမှတ်(၅၆၊ ၅၈/၆၀)၊ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့]
၆။ ဝင်းသူဇာအရောင်းဆိုင် (ပုလဲ) ၃၁-၃-၂၀၁၄ သက်တမ်းကုန် [မြိုင်စည်ရပ်၊ မုံရွာ-ပုလဲ-ဂန့်ဂေါလမ်းမကြီးဘေး၊ ပုလဲမြို့]
၇။ ဝင်းသူဇာအရောင်းဆိုင် (ထီးလင်း) ၂၅-၄-၂၀၁၄ သက်တမ်းကုန် [အမှတ်(၁၅၉)၊ မင်းဘုရားကြီးလမ်း၊ (၂)ရပ်ကွက်၊ ထီးလင်းမြို့]
၈။ ဝင်းသူဇာအရောင်းဆိုင် (ပဲခူး-၂) ၃၀-၄-၂၀၁၄ သက်တမ်းကုန် [အမှတ်(၁၅)၊ မြေညီထပ်၊ မင်းလမ်း၊ ပန်းလှိုင်ရပ်၊ ပဲခူးမြို့]
၉။ ဝင်းသူဇာအရောင်းဆိုင် (ကျောက်ထု) ၁၄-၅-၂၀၁၄ သက်တမ်းကုန် [ပိတောက်လမ်းနှင့် နဝရတ်လမ်းထောင့်၊ ကျောက်ထုမြို့]
၁၀။ ဝင်းသူဇာအရောင်းဆိုင် (ဟုမ္မလင်း) ၁၅-၅-၂၀၁၄ သက်တမ်းကုန် [ကမ်းနားလမ်း၊ နောင်ပကျစ်ရပ်ကွက်၊ ဟုမ္မလင်းမြို့]
၁၁။ ဝင်းသူဇာအရောင်းဆိုင် (ကလေး) ၁၅-၅-၂၀၁၄ သက်တမ်းကုန် [မြို့မဈေးအနီး၊ ကလေးမြို့]
၁၂။ ဝင်းသူဇာအရောင်းဆိုင် (မြောက်ဒဂုံ) ၃၁-၅-၂၀၁၄ သက်တမ်းကုန်[ပင်လုံလမ်းနှင့် စစ်တောင်းလမ်းထောင့်၊ (၃၆)ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့]
၁၃။ ဝင်းသူဇာအရောင်းဆိုင် (နေပြည်တော်-သပြေကုန်း) ၃၀-၆-၂၀၁၄ သက်တမ်းကုန် [သပြေကုန်းဈေး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်]

စိတ်ပါဝင်စားသူ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ၁၆-၉-၂၀၁၃ ရက်(တနင်္လာနေ့)၁၆း၀၀ နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) ဈေးနှုန်းတင်သွင်းလွှာများ - ၂-၉-၂၀၁၃ ရက် စတင်ရောင်းချမည့်ရက်

(ခ) ဈေးနှုန်းတင်သွင်းရမည့်နေရာ -စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာန တွင် စုံစမ်းနိုင်ပါသည်- **ဦးသိန်းဆွေ၊ ညွှန်ကြားရေးမှူး၊ စက်မှုညွှန်ကြားရေးဦးစီးဌာန**

**ဖုန်းအမှတ်-၀၆၇ ၄၀၈၁၉၆၊ ၀၆၇ ၄၀၈၁၃၉၊ ၀၉၈၃၀၂၄၅၆**

**စက်မှုညွှန်ကြားရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း
## နေပြည်တော်

**လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများ ရောင်းချခြင်းလုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခွင့်လျှောက်လွှာတင်သွင်းရန်**

**ကြေညာချက် (၁/၂၀၁၃)**

**၁၃၇၅ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၂ ရက်**

**(၂၀၁၃ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)**

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက ၂၀၁၃ ခုနှစ်အတွက် ခွင့်ပြုထားသော လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများရောင်းချခြင်း လုပ်ငန်းလိုင်စင်များသည် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ လိုင်စင်ရရှိသူသည် လုပ်ငန်းများ ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်အသစ်ထပ်မံထုတ်ပေးရန် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသို့ လျှောက်ထားရမည်ဖြစ်ပါသည်။ လိုင်စင်ရရှိသူသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုခြင်းမရှိပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ (၁)လကြိုတင်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လက်ရှိလိုင်စင်သက်တမ်းကုန်ဆုံးချိန်မှစ၍ လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခြင်းမပြုတော့ကြောင်း အကြောင်းကြားရမည် ဖြစ်ပါသည်။

၂။ လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တု ရုပ်ထွင်းများရောင်းချခြင်း လုပ်ငန်းလိုင်စင်များ သက်တမ်းတိုးမြှင့်ခြင်းအတွက် လျှောက်လွှာတင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) နေပြည်တော်၊ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက် (ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန၊ မိုးကုတ်မြို့နှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (မန္တလေးရုံးခွဲ)၊ အမှတ်(၂၂)၊ ၃၅×၆၄ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်တို့သို့ ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) **၂၀၁၄ ခုနှစ်အတွက် လုပ်ငန်းလိုင်စင် သက်တမ်းတိုးလျှောက်ထားခြင်း။**
လိုင်စင်သက်တမ်းတိုး လျှောက်ထားလိုသူများသည် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ(၁)ရက်မှ နိုဝင်ဘာလ (၃၀) ရက်မတိုင်မီကာလအတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန၊ မိုးကုတ်မြို့နှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (မန္တလေးရုံးခွဲ)၊ အမှတ်(၂၂)၊ ၃၅×၆၄ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့များတွင် သတ်မှတ်ချက်များနှင့်အညီ လျှောက်လွှာများ တင်သွင်းရပါမည်။

(ခ) **လိုင်စင်သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်လိုခြင်း မပြုလိုသူများ**

(၁) လုပ်ငန်းမရပ်စဲမီ တစ်လကြိုတင်၍ မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အကြောင်းကြားပြီးသတ်မှတ်ချက်နှင့် အညီ လိုင်စင်များ ပြန်လည်အပ်နှံကြရန် ဖြစ်ပါသည်။

(၂) လုပ်ငန်းလိုင်စင်နှင့် ထုတ်ယူထားသော အရောင်းပြေစာ စာအုပ် (CASH MEMO)များ စာရင်းရှင်းလင်းအပ်နှံခြင်းများကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၃၁)ရက်မတိုင်မီ လာရောက်ဆက်သွယ်ဆောင်ရွက်ကြရန်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက လုပ်ငန်းလိုင်စင် ရပ်စဲခံရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) နေပြည်တော်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန၊ မိုးကုတ်မြို့နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (မန္တလေးရုံးခွဲ)၊ အမှတ်(၂၂)၊ ၃၅×၆၄ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့များတို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံအရှေ့(၆)ရပ်ကွက်၊ အမှတ်(၆၃)မြေကွက်အား မူလအမည်ပေါက် ဒေါ်လူစီဖရမ်စစ်ထံမှ အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားရှိသူ ဒေါ်ယဉ်ယဉ်နွယ်[၁၂/ရကန(နိုင်)၀၀၃၆၅၄]မှ ပြန်လည်ရောင်းချမည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်ယဉ်ယဉ်နွယ်**
**[၁၂/ရကန(နိုင်)၀၀၃၆၅၄]**
**ဖုန်း-၀၉-၇၃၁၂၀၈၁၅၊ ၀၉-၇၃၀၄၁၅၅၂**

## မန္တလေးမြို့ မလွန်ဈေးဆန်အလှူအသင်းကြီး
## ဓမ္မသဘင်ပွဲ တရားတော်နာ ဖိတ်ကြားနိုးဆော်စာ

စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုးကြီး(၃) ရပ်နှင့် မန္တလေးမြို့စည်ပင်သာယာနယ်နိမိတ် (၆)မြို့နယ်တို့တွင် သီတင်းသုံးနေထိုင်တော်မူကြကုန်သော ရဟန်း၊ သာမဏေ၊ သူတော်၊ သီလရှင်အလှူခံပုဂ္ဂိုလ်ပေါင်း ခြောက်သောင်းကျော်တို့အား ၁၃၇၅ခုနှစ်၊ မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီး (၁၁၇) နှစ်မြောက် ဆွမ်းဆန်တော်လှူဒါန်းမှု အကြို ရေစက်ချ ဓမ္မသဘင်ပွဲတော်ကို (တော်သလင်းလဆန်း ၅ ရက်မှ ၁၁ ရက်) တိုင် နေ့/ည တရားပွဲများ ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ ကုသိုလ်ရှင် အပေါင်းတို့အား ကြွရောက်နာယူ ကြည်ညိုတော်မူပါရန် ဖိတ်ကြားနိုးဆော်အပ်ပါသည်။

ရေစက်ချ အခမ်းအနားသို့ ကြွရောက်လာမည့် သင်းထောက်အဖွဲ့များအနေနှင့် မန္တလေးမြို့ မလွန်ဈေးဆန်လှူအသင်းကြီးသို့ အချိန်မီ ဧည့်စာရင်းပေးပို့နိုင်ရန် နိုးဆော်အပ်ပါသည်။

**ဥက္ကဋ္ဌနှင့်အမှုဆောင်အဖွဲ့**
**မလွန်ဈေးဆန်လှူအသင်းကြီး၊ မန္တလေးမြို့**

## သုခဆည်းဆာ ပုဂ္ဂလိက သက်ကြီးစောင့်ရှောက်ရေး ဂေဟာ

လူကြီးမင်းများပြုစုစောင့်ရှောက်ရန် အခက်အခဲဖြစ်နေသော သက်ကြီးဘိုးဘွားများအား ကျွမ်းကျင်သောသူနာပြုများဖြင့် ကျန်းမာရေး၊ နေရေး၊ စားရေးကိစ္စများကို တာဝန်ယူဆောင်ရွက်ပေးပါသည်။

၁-၉-၂၀၁၃ ရက်မှစ၍ အဘွားများသာ စတင်လက်ခံပေးပါမည်။

**ဆက်သွယ်ရန်-အမှတ်-၁၂၅၃၊ မင်္ဂလာသုခ (၃)လမ်း၊**
**(၄၆) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၁-၅၈၄၉၆၄၊ ၀၉- ၇၃၁၈၉၀၄၇၊ ၀၉-၃၁၀၃၅၁၁၆**

## NEO JAPANESE LANGUAGE SCHOOL

- ဂျပန်လူမျိုးဆရာကိုယ်တိုင်သင်မည်။
- ဂျပန်သို့ သွားရောက်ကျောင်းတက်လိုသူများ၊ မြန်မာနိုင်ငံရှိ ဂျပန်ကုမ္ပဏီတွင် လစာကောင်းကောင်းဖြင့် အလုပ်လုပ်ကိုင်လိုသူများ ဆက်သွယ်ပါ။
- အရင်ဆုံးအခမဲ့ မိတ်ဆက်ပွဲလေးကို တက်ရောက်ပြီး သိလိုတာများကို မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။ (ဖုန်းဆက်ပြီးစာရင်းကြိုပေးနိုင်ပါပြီ)
- မိတ်ဆက်ပွဲ နေ့ရက်နှင့်အချိန်
- ၁၄-၉-၂၀၁၃ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီ မှ ၃ နာရီ
- ၁၅-၉-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီမှ ၃ နာရီ
- ဂျပန်စာသင်တန်းများလည်း စတင်လက်ခံနေပါပြီ။
  အခြေခံသင်တန်း (၃ လပြတ်)၊ (စနေ၊ တနင်္ဂနွေနေ့) ၁း၃၀ မှ ၃း၃၀ နာရီ
  ၂၁-၉-၂၀၁၃ ရက် (စနေနေ့ စမည်)။
  အခြေခံသင်တန်း(၃ လပြတ်) ဗုဒ္ဓဟူး၊ သောကြာ ၃း၃၀ မှ ၅း၃၀ နာရီ
  ၂၅-၉-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့ စမည်။)
- **လိပ်စာ-အမှတ် ၁၀ (ဘီ)၊ ၄ လွှာ၊ နတ်စင်လမ်းနှင့် နိဗ္ဗာန်လမ်းကြား၊ ကြည့်မြင်တိုင်မြို့နယ်။**
- **ဖုန်း-၀၉-၅၀၁၈၇၅၈**

## အိန္ဒိယနိုင်ငံမှ အထူးကုဆရာဝန်ကြီးများနှင့် တိုင်ပင်ဆွေးနွေးနိုင်ခြင်း

အိန္ဒိယနိုင်ငံ အထူးကုဆေးရုံကြီးမှအောက်ဖော်ပြပါအထူးကုဆရာဝန်ကြီးများသည် ရန်ကုန်မြို့သို့ ၂၀၁၃ခုနှစ်၊ စက်တင်ဘာလ (၁၄ရက်၊ ၁၅ရက်)များတွင် လာရောက်ရန်ရှိပါသဖြင့် လူနာဟောင်း၊ လူနာသစ်များသည် Myanmar Vertex Co.,Ltd တိုက်(၇/၂)၊ အခန်းအမှတ်(၁၁)၊ ရန်ကင်းအိမ်ရာ ရန်အောင်လမ်းသွယ်(၁) ရန်ကုန်၊ ဖုန်း-၀၉-၇၃၀၉၃၆၅၉၊ ၀၉-၄၂၀၀၄၅၆၂၄၊ ၀၉- ၄၂၁၁၂၆၄၅၂၊ ၀၉-၅၁၇၃၆၇၁၊ ၀၉-၅၁၀၉၇၄၈ များသို့ စက်တင်ဘာလ ၁၁ရက်နောက်ဆုံးထား၍ ဆက်သွယ်စုံစမ်းစာရင်းပေးထားနိုင်ပါသည်။ (လူဦးရေကန့်သတ်ထားပါသည်)

**- နှလုံးနှင့် နှလုံးသွေးကြောဆိုင်ရာ ခွဲစိတ်အထူးကု**

**- ကျောက်ကပ်ရောဂါနှင့် ကျောက်ကပ်အစားထိုးအထူးကု**

## မြင်းခြံမြို့နယ်အသင်း(ရန်ကုန်) (၆)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့်အသင်း နှစ်ပတ်လည် အစည်းအဝေးကျင်းပမည်

မြင်းခြံမြို့နယ် အသင်း(ရန်ကုန်)၏ (၆)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် အသင်းနှစ်ပတ်လည်အစည်းအဝေးကို သင်္ဃန်းကျွန်းမြို့နယ် ရတနာလမ်းရှိ စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၌ ၂၉-၉-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတိတိတွင် စတင်ကျင်းပပါမည်။ အသက် (၈၀)ပြည့်ပြီးသော အဘိုးအဘွားများနှင့် ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်များတွင် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများသည် အောက်ပါအမှုဆောင်များထံ တစ်ပတ်ကြိုတင်အကြောင်းကြားရန် မေတ္တာရပ်ခံအပ်ပါသည်။

**မြင်းခြံမြို့ မဂ္ဂဇင်းအမှတ်(၄) ရောင်းချပါမည်။**

[၆-၁၀-၂၀၁၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် အထက်ပါကျောင်းတိုက်၌ သံဃာတော် ၁၇ ပါးတို့အား (၈)ကြိမ်မြောက် ဝါဆိုသင်္ကန်းစုပေါင်းကပ်လှူပူဇော်ပါမည်။]

ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မြင်းခြံမြို့နယ်သူ၊ မြို့နယ်သားများ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ ဆက်သွယ်ရန် ဦးဆန်းထွန်း ဖုန်း-၀၉ ၅၀၃၅၉၀၄၊ ဦးစိန်ဝင်း ဖုန်း-၀၉ ၅၀၇၅၈၁၇၊ ဒုတိယဗိုလ်မှူးကြီးကျော်ရင် (ငြိမ်း) ဖုန်း-၆၁၁၁၀၂၊ ဦးမောင်မောင် ဖုန်း-၂၉၆၂၆၈၊ ဦးထိန်လင်း ဖုန်း-၉၆၉၉၇၉၁၊ ဦးကြည်မောင် ဖုန်း ၀၉-၄၂၀၇၆၁၄၀၉၊ ဦးဝင်းနိုင်အေး ဖုန်း-၀၉- ၄၃၂၀၁၈၂၅။

**အမှုဆောင်အဖွဲ့**





MYANMAR THAMES INTERNATIONAL

Diploma In Business (L3,L4,L5)

## အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ မြင့်မိုရ်လမ်း၊အမှတ်(၂၂)ဟုခေါ်တွင်သည့် (၂)ခန်းတွဲ၊ (၈)ထပ်တိုက် အဆောက်အအုံရှိ အကျယ်အဝန်းပေ(၁၅×၅၀)ရှိသော ၃-လွှာ(အေ)၊ခေါင်းရင်းခြမ်းတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ခင်မြတ်ကြွယ်[၁၂/စခန(နိုင်) ၀၀၀၀၄၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အရောင်းအဝယ် ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းနှင့်ပက်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအုန်း (စဉ်-၆၃၀၇)တရားလွှတ်တော်ရှေ့နေ**
**တိုက် (၃၂)၊ အခန်း(၁၀)၊ဒုတိယထပ်၊ ၂၃-လမ်း၊**
**လသာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၁၆၀၆၀၇၊ ၀၁-၃၇၈၁၇၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့ ၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၃ ကံဘဲ့၊ မြေကွက်အမှတ်-၇ည^၂၊မြေဧရိယာ(၀. ၀၆၉) ဧကရှိ နှစ်(၃၀)ဂရန် (သက်ကုန်)မြေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော ခေါင်းရင်းခြမ်း ပေ(၂၅×၆၀)ကို လက်ဝယ်လက်ရှိ ပိုင်ဆိုင်သည့် ဒေါ်ဌေးဌေးဆွေ [၁၂/မရက(နိုင်)၀၅၀၇၂၂]၊ ဒေါ်ခင်ဆွေဝင်း [၁၂/မရက(နိုင်)၀၃၉၉၀၈]တို့ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့် ပက်သက်၍ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီအရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိစံ (LL.B)အထက်တန်းရှေ့နေ (စဉ်- ၂၇၅၄၈)**
**ဖုန်း- ၀၉-၇၃၁၅၈၅၅၈၊ ၀၉- ၄၂၀၂၂၂၅၁**

## အမြန်ဆက်သွယ်ရန်

ဦးခင်ဆွေ(ဘ)ဦးမောင်နှစ်၊နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်- [၁၂/လမန(နိုင်)၀၃၂၀၅၉] သည် အောက်ပါဖုန်းနံပါတ်များသို့ အမြန်ဆုံးဆက်သွယ်ရန် အကြောင်းကြားပါသည်။

ဒေါ်အေးအေးချစ် - ၀၉ ၂၅၀၀၇၇၃၃၅
ဦးကျော်ဆွေ - ၀၉ ၅၀၈၃၃၅၄
ဦးမြင့်စိုးဦး - ၀၉ ၃၁၂၉၃၄၀၁

## အထက(၁)မန္တလေးမြို့ (၃၄)ကြိမ်မြောက်အာစရိယပူဇော်ပွဲ

မန္တလေးမြို့ အထက(၁)၏ (၃၄)ကြိမ်မြောက်အငြိမ်းစားဆရာကြီး/ဆရာမကြီးများအား အာစရိယပူဇော်ကန်တော့ပွဲကြီးကို (၁၃၇၅ ခု သီတင်းကျွတ်လပြည့်) ၁၉-၁၀-၂၀၁၃ ရက် (စနေနေ့)တွင် အဆိုပါကျောင်းအောင်ရာဇာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အဝေးရောက်ကျောင်းသားဟောင်းများမှ အလှူငွေထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း အတူတကွ ကြွရောက်ကန်တော့နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

၁။ ဦးခင်မောင်ထွန်း ညွှန်မှူး(ငြိမ်း)
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၅၄၃၃၃၂၅

၂။ ဦးခင်မောင်ထွေး
မြို့နယ်ရဲတပ်ဖွဲ့မှူး၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၇၁၃၉၇၊
၀၉-၅၁၃၆၃၈၉

၃။ ဦးသိန်းဌေး Future Light Co,Ltd
ရန်ကုန်မြို့။
ဖုန်း-၀၁-၆၆၁၉၂၈၊
၀၉-၄၃၁၇၆၂၄၃

၄။ ဥက္ကဌဦးအေးအေး(ဓာတု)
ဖုန်း ၀၉-၂၀၁၂၈၅၅

၅။ ဘဏ္ဍာရေးမှူး
ဦးမြင့်မောင်(ပြည့်စုံ)
ဖုန်း-၀၉-၂၀၀၅၁၁၅

၆။ ဦးတင်လှ(တောင်မြို့)
ဖုန်း-၀၉-၅၁၉၆၄၁၀

---

**ပျောက်ဆုံး** မသဲအိဖြူ မှတ်ပုံတင်အမှတ် [၁၂/တတန(နိုင်) ၁၆၉၀၆၆]၏ ပတ်စ်ပို့စာအုပ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၁-၃၉၈၁၀၅**

---

## ပျောက်ဆုံးခြင်း

ကျွန်မ မေရီလုထွယ်၏ နိုင်ငံကူးလက်မှတ် M-040077 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၅၈၇၉၂**

---

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်နေ [၁၂/ရပသ(နိုင်)၀၂၈၉၆၅] ကိုင်ဆောင်သူ ဦးသန်းထွန်း(ခ)ဦးသန်းလင်းသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးသန်းထွန်း(ခ)ဦးသန်းလင်း**

---



---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ပိတောက်ပင်လမ်း၊ တိုက်အမှတ်-၂၂(A)ဟုခေါ်ဆိုသော (၄)ခန်းတွဲ (၅)ထပ်တိုက် အဆောက်အအုံ၏ မြေညီထပ်၊ ခေါင်းရင်းခြမ်း၊ အကျယ်အဝန်းပေ (၁၂ ½×၅၀) တိုက်ခန်းရှိ တွယ်ကပ်ပစ္စည်းအပါအဝင် အကျိုးခံစားခွင့်အားလုံးကို လက်ဝယ်ပိုင်ဆိုင်သည့် ဦးစောမောင် [၁၄/ဓနဖ (နိုင်) ၀၀၆၁၅၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြင့်မြင့်သန်း(LL.B,LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၂၃၀၄၆)**

| | | |
|---|---|---|
| **ဒေါ်သန္တာဆွေ(LL.B,LL.M)** | **ဒေါ်နော်ဆည်းဇာ(LL.B)** | **ဒေါ်မော်မော်သွင်** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၂၇၆၄၆)** | **(စဉ်-၃၇၅၅၀)** | **(စဉ်-၃၈၈၇၈)** |

**အမှတ်-၉၀၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၅၀၀၃၀၅၉၉၊ ၃၉၈၀၇၀**

---

## ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ အထက(၁)၊ ဒသမတန်း (A)မှ မငုဝါလှိုင်၏ဖခင်အမည်မှန်မှာ ဦးစိုးမြင့် ဖြစ်ပါကြောင်း။

**ဦးစိုးမြင့်[၈/ရနခ(နိုင်)၀၉၂၀၅၂]**

---

## သွေးသည် အသက်

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

